# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၈ ခုနှစ် ၊ ဒုတိယဝါဆိုလဆန်း (၆)ရက် ၊ တနင်္လာနေ့ ၊ (20-7-2026) ၊ အတွဲ (၃၅) ၊ အမှတ် (၀၈၁)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်

# ၇၉ နှစ်မြောက် အာဇာနည်နေ့အခမ်းအနားသို့ တက်ရောက်ဂါရဝပြု





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၂၀၂၆ ခုနှစ် ၇၉ နှစ်မြောက် အာဇာနည်နေ့အခမ်းအနားတွင် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဂူဗိမာန်၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွမ်းသူ့ပန်းခွေကိုချ၍ အလေးပြုစဉ်။

နေပြည်တော် ဇူလိုင် ၁၉

၂၀၂၆ ခုနှစ် ၇၉ နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ အာဇာနည်ဗိမာန်၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်ဂါရဝပြုသည်။

အခမ်းအနားသို့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးခင်ရီ၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး၊ ပြည်ထောင်စု တရားသူကြီးချုပ် ဦးသာဌေး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ၇၉ နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကျင်းပရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာချောချောစိန်၊

စာမျက်နှာ ၁၆ ကော်လံ ၁

**အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး(PSLF/TNLA)တို့ တွေ့ဆုံဆွေးနွေး**

စာမျက်နှာ - ၂၀


**၇၉ နှစ်မြောက် အာဇာနည်နေ့ ဝမ်းနည်းခြင်းအထိမ်းအမှတ် နိုင်ငံတော်အလံအား တိုင်ဝက်လျှော့ချလွှင့်ထူ၍ အလေးပြုခြင်းအခမ်းအနား အတွင်းဝန်ရုံး(ယခင်ဝန်ကြီးများရုံး)၌ ကျင်းပ**

စာမျက်နှာ - ၂၁

## ဇူလိုင် ၂၇ ရက်ထိ နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် ဇူလိုင် ၁၉

ယနေ့နံနက် ၆ နာရီခွဲအချိန်တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းလာနိုင်ခြင်းကြောင့်လည်းကောင်း၊ ဘင်္ဂလားပင်လယ်အော်တွင် လေထုမငြိမ်မသက်မှုများဖြစ်ပေါ်လာနိုင်ခြင်းကြောင့်လည်းကောင်း ဇူလိုင် ၂၀ ရက်မှ ၂၇ ရက်အတွင်း စာမျက်နှာ ၂၄ ကော်လံ ၁ ❑




## ၇၉ နှစ်မြောက် အာဇာနည်နေ့၌ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်သို့ ရဟန်းရှင်လူနှင့် ပြည်သူအများအပြား လာရောက်ကြည့်ရှု

ရန်ကုန် ဇူလိုင် ၁၉

၂၀၂၆ ခုနှစ် ဇူလိုင် ၁၉ ရက်တွင် ကျရောက်သည့် ၇၉ နှစ်မြောက် အာဇာနည်နေ့တွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဗိုလ်ချုပ်ပြတိုက်လမ်း (ယခင်တာဝါလိန်းလမ်း)ရှိ ဗိုလ်ချုပ်အောင်ဆန်းအိမ်ပြတိုက်သို့ ရဟန်းရှင်လူနှင့် ပြည်သူအများအပြား လာရောက်ကြည့်ရှုလေ့လာခဲ့ကြသည်။

"အာဇာနည်နေ့မှာ ဗိုလ်ချုပ်ပြတိုက်ကို လာရောက်ကြတဲ့ ပြည်သူတွေနဲ့ ကျောင်းသား၊ ကျောင်းသူတွေ ကြည့်ရှုလေ့လာနိုင်အောင် ဗိုလ်ချုပ်မွေးဖွားခဲ့တဲ့ ၁၉၁၅ ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက်ကနေ ဗိုလ်ချုပ်ကျဆုံးခဲ့တဲ့ ၁၉၄၇ ခုနှစ် ဇူလိုင် ၁၉ ရက်ထိ

စာမျက်နှာ ၂၃ ကော်လံ ၁ ❍



ရတနာပုံ
၂၀၂၆ ခုနှစ် ဇူလိုင် ၂၀ ရက်
အယ်ဒီတာ့အာဘော်

## ချေးငွေများထုတ်ချေးပေးခြင်းဖြင့် စီးပွားရေးလုပ်ငန်းများ တိုးတက်အောင်မြင်

မြန်မာနိုင်ငံသည် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို အဓိကစီးပွားရေးလုပ်ငန်းများအဖြစ် ဆောင်ရွက်သည့် နိုင်ငံဖြစ်သည်။ ဆန်စပါးကို အဓိကသီးနှံအဖြစ် စိုက်ပျိုးပြီး ပဲ၊ ပြောင်း၊ နှမ်း၊ ဝါစသည့် သီးနှံများကိုလည်း စားနပ်ရိက္ခာနှင့် အဝတ်အထည်များ ဖူလုံစေရန်အတွက် စိုက်ပျိုးထုတ်လုပ်သည့် ရေခံမြေခံကောင်းသော နိုင်ငံလည်းဖြစ်ပေသည်။

ထို့ကြောင့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး (MSME) ရန်ပုံငွေမှ ချေးငွေများ ထုတ်ချေးပေးလျက်ရှိရာ ပြည်တွင်းရှိ ဝါလုပ်ငန်းရှင်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝါစေ့ဆီထုတ်စက်များ၊ ချည်မျှင်ထုတ်လုပ်မည့်စက်များ တည်ထောင်ရန်နှင့် တိုးချဲ့တပ်ဆင်နိုင်ရန် ချေးငွေများလျှောက်ထားနိုင်သကဲ့သို့ တောင်သူများအနေဖြင့် စိုက်ပျိုးထွက်ရှိသည့် ဝါများကို တစ်နိုင်တစ်ပိုင် ကြိတ်ခွဲခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ပြည်တွင်းမှထုတ်လုပ်ထားရှိသည့် ဝါကြိတ်စက်များကို အထူးချေးငွေအစီအစဉ်ဖြင့် ရောင်းချပေးသွားမည်ဖြစ်သည်။

အလားတူ ပြည်တွင်းဆီစက်များ အဆင့်မြှင့်တင်နိုင်ရန်နှင့် လိုအပ်သောစက်ပစ္စည်းများ ဖြည့်ဆည်းနိုင်ရန်အတွက် ဆီစက်လုပ်ငန်းရှင်များဖွံ့ဖြိုးရေးချေးငွေများ ထုတ်ချေးပေးလျက်ရှိသကဲ့သို့ ပုဂ္ဂလိကစက်မှုလုပ်ငန်းရှင်များအနေဖြင့် ထုတ်လုပ်မှုလုပ်ငန်းများဆောင်ရွက်ရန် အမှန်တကယ်လိုအပ်သည့် စက်အရန်ပစ္စည်းများနှင့် စက်ကိရိယာပစ္စည်းများ တင်သွင်းခွင့်ရရှိရေးအတွက် လျှောက်ထားနိုင်သည်။ စက်မှုနှင့်အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနက ယခုကဲ့သို့ ချေးငွေများထုတ်ချေးပေးခြင်းသည် လုပ်ငန်းရှင်များနှင့် တောင်သူများအတွက် ဝမ်းမြောက်ဖွယ်သတင်းကောင်း ဖြစ်ပေသည်။

မြန်မာနိုင်ငံသည် ယခင်က စိုက်ပျိုးရေးထွက်ကုန်များကို တန်ဖိုးမြင့်ထုတ်ကုန်များအဖြစ် ထုတ်လုပ်ခြင်းမပြုဘဲ ကုန်ကြမ်းအနေဖြင့်သာ ပြည်ပတင်ပို့ခဲ့ကြသော်လည်း ယခုအခါ စိုက်ပျိုးရေးကိုအခြေခံသည့် Agro-based Industries ကို ဆောင်ရွက်နေခြင်းကြောင့် ကုန်ကြမ်းပစ္စည်းများကို တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် ထုတ်လုပ်လာလျက်ရှိသည်။

ဝါထုတ်လုပ်မှုနှင့်ပတ်သက်၍ နိုင်ငံတော်ပိုင် ချည်မျှင်နှင့်အထည်စက်ရုံများ ပြန်လည်လည်ပတ်နိုင်ရေးနှင့် ရက်ကန်းစက်များ အဆင့်မြှင့်တင်နိုင်ရေး၊ ခေတ်မီရက်ကန်းစက်များ အသုံးပြုနိုင်ရေး ဆောင်ရွက်သွားရမည်ဖြစ်သည်။ ထို့ပြင် ပြည်နယ်များအလိုက် ချည်ထည်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် ရက်ကန်းစက်များ အဆင့်မြှင့်တင်နိုင်ရေးအတွက်လည်း နိုင်ငံတော်က ရင်းနှီးမတည်ငွေများ ထုတ်ချေးပေးသွားမည်ဖြစ်သည်။

စက်မှုနှင့်အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး ဝန်ကြီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနက ယခုကဲ့သို့ ဝါလုပ်ငန်းရှင်များနှင့်တောင်သူများ၊ ဆီစက်လုပ်ငန်းရှင်များ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များအတွက် ချေးငွေများထုတ်ချေးပေးခြင်းသည် MSME လုပ်ငန်းများအောင်မြင်စေရန် လုပ်ငန်းများ၏အားသာချက်၊ အားနည်းချက်များကိုသိရှိပြီး စီမံဆောင်ရွက်နိုင်ရန်၊ လုပ်ငန်းများလွယ်ကူလျင်မြန်စေရန်နှင့် စီးပွားရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ဆောင်ရွက်ပေးခြင်းဖြစ်ပေသည်။

သို့ဖြစ်ရာ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း (MSME) များသည် နိုင်ငံ့စီးပွားရေး၏ ပဓာနကျသည့် ကျောရိုးမဏ္ဍိုင်ကြီးဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် အဆိုပါစီးပွားရေးလုပ်ငန်းများအတွက် ချေးငွေများထုတ်ချေးခြင်းဖြစ်ပေရာ လုပ်ငန်းရှင်များအနေဖြင့် စီးပွားရေးလုပ်ငန်းများကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်မြင်စေရေး ကြိုးပမ်းဆောင်ရွက်ကြပါရန် တိုက်တွန်းရေးသားလိုက်ရပေသည်။

## ပုသိမ်ကြီးမြို့နယ် နန္ဒာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပုသိမ်ကြီး ဇူလိုင် ၁၉**

မန္တလေးတိုင်းဒေသကြီး အမရပူရခရိုင် ပုသိမ်ကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နန္ဒာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို ဇူလိုင် ၁၈ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပုသိမ်ကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် မြစိမ်းရောင်ကျေးရွာ စီမံကိန်းကို ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျှော့ချစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ အခြားမိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ကျေးရွာသူ၊ ကျေးရွာသားများအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများကို ထိရောက် အောင်မြင်အောင် ဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုနှင့် ဝန်ထမ်းများက နန္ဒာကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ရှစ်ဦးကို ငွေကျပ် ၃၇ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ခြောက်ဦးကို ငွေကျပ် သိန်း ၂၀၊ ကုန်ထုတ်လုပ်ငန်းလုပ်ကိုင် သူ ဦးရေ ၂၀ ကို ငွေကျပ် သိန်း ၄၀၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၃၂ ဦးကို ငွေကျပ် ၁၁၁ သိန်းနှင့် အခြားလုပ်ငန်းလုပ်ကိုင်သူ ၅၅ ဦးကို ငွေကျပ် ၁၆၂ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၂၁ ဦးကို ရန်ပုံငွေကျပ်သိန်း ၃၇၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**အောင်ရဲကျော်**

## ကန့်ဘလူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပြောင်း ၅၉၄၂၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ကန့်ဘလူ ဇူလိုင် ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပြောင်း ၅၉၄၂၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကန့်ဘလူမြို့နယ်တွင် အစေ့ထုတ်ပြောင်း ၈၈၉၃၁ ဧကနှင့် ဖူးစားပြောင်းဧက ၇၅၀ စုစုပေါင်း ၈၉၆၈၁ ဧကစိုက်ပျိုးရန် လျာထားပြီး မေလ ဒုတိယပတ်မှစတင်စိုက်ပျိုး ခဲ့ကြရာ ယနေ့တွင် အစေ့ထုတ်ပြောင်း ၅၉၀၈၉ ဧက၊ ဖူးစားပြောင်း ၃၃၃ ဧက စုစုပေါင်း ၅၉၄၂၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကန့်ဘလူမြို့နယ်မှာ အစေ့ထုတ်ပြောင်းနဲ့ ဖူးစားပြောင်း ဧက ၈၉၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ဧက ၅၉၀၀၀ ကျော်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ ပြောင်းသီးနှံတွေ ဖြစ်ထွန်းအောင်မြင်ဖို့အတွက် အသိပညာပေးတာတွေ၊ ပိုးမွှားရောဂါ ကျရောက်မှုမရှိအောင် အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးနေပါတယ်" ဟု ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးမြင့်က ပြောပြသည်။

ပြောင်းကို အထွက်နှုန်းတိုးတက် ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုး တိုးတက်လာမည်ဖြစ်၍ပြောင်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း ကန့်ဘလူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးမြင့်က ပြောပြ၍ သိရသည်။

(၂၀၆)

## ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ငါးကွမ်းရှပ်ခြောက် ပိဿာချိန် ၅၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



**ဖျာပုံ ဇူလိုင် ၁၉**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ငါးကွမ်းရှပ်ခြောက်ပိဿာချိန် ၅၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဖျာပုံမြို့နယ် ငါးခြောက်မျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မြင့်မြင့်ဝင်းက ပြောပြသည်။

ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် မေလက ငါးကွမ်းရှပ်ခြောက် ပိဿာချိန် ၄၀၀၀၀ သာ ရောင်းချနိုင်ခဲ့ပြီး ဇွန်လအတွင်း ငါးကွမ်းရှပ်ခြောက် ပိဿာချိန် ၅၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ဖျာပုံမြို့နယ်က ထွက်တဲ့ ငါးကွမ်းရှပ်ခြောက်တွေ ရန်ကုန်ဈေးကွက်ကို အဓိကတင်ပို့ရောင်းချနေတာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ တစ်လအတွင်း ငါးကွမ်းရှပ်ခြောက် ပိဿာချိန် ၅၅၀၀၀ ထိ ရောင်းချခဲ့ရပါတယ်။ ငါးကွမ်းရှပ်ခြောက်တွေကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေလို့ တင်ပို့ရောင်းချအား ကောင်းနေတာဖြစ်ပါတယ်။ လက်ရှိ အရောင်းအဝယ်လုပ်နေတဲ့ ငါးကွမ်းရှပ်ခြောက်တွေက နွေကာလကလုပ်ထားတဲ့ ငါးခြောက်တွေဖြစ်ပါတယ်"ဟု ဖျာပုံမြို့နယ် ငါးခြောက်မျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မြင့်မြင့်ဝင်းက ပြောပြသည်။

ဖျာပုံမြို့နယ်တွင် ငါးခြောက်မျိုးစုံ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များသည် ငါးကွမ်းရှပ်ခြောက်များ အပါအဝင် ငါးခြောက်မျိုးစုံကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါဒေသမှထွက်ရှိသည့် ငါးကွမ်းရှပ်ခြောက် ၁၀ ပိဿာလျှင် ငွေကျပ် ၄၀၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊ E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။
Yadanarbon newspaper

## မြစ်သားမြို့နယ် ဟောင်းနွဲ့ကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**မြစ်သား ဇူလိုင် ၁၉**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဟောင်းနွဲ့ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဇူလိုင် ၁၈ ရက်နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မြစ်သားမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင်တင်မာက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP)ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်းလုပ်ငန်းစဉ်များကို အသေးစိတ် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူး ဒေါ်တင်တင်မာနှင့် တာဝန်ရှိသူများက ကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ စီမံကိန်းလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ကဏ္ဍတစ်ခုချင်းစီအလိုက် ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက အစည်းအဝေးသို့ တက်ရောက်လာကြသော ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများ၏ အများသဘောဆန္ဒနှင့်အညီ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီဝင် ခုနစ်ဦးကို ရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။

အဆိုပါ ဟောင်းနွဲ့ကျေးရွာ၌ ၂၀၂၆ - ၂၀၂၇ ဘဏ္ဍာနှစ်တွင် စီမံကိန်း ရန်ပုံငွေကျပ် ၁၅ သန်း၊ ပြည်သူထည့်ဝင်ငွေများဖြင့် ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

## မိတ္ထီလာမြို့နယ် ဝါးရုံကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှု စစ်ဆေး

**မိတ္ထီလာ ဇူလိုင် ၁၉**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဝါးရုံကျေးရွာအုပ်စု ဝါးရုံကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ဇူလိုင် ၁၈ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိတ္ထီလာခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းဇော်နှင့် တာဝန်ရှိသူများက ကျေးရွာလမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့်အတူ ဝါးရုံကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင် အလေးထားဆောင်ရွက်ကြရန် မှာကြားခဲ့သည်။

ဝါးရုံကျေးရွာ၌ ကုန်ထုတ်လမ်း အရှည်တစ်မိုင်နှစ်ဖာလုံ၊ အကျယ် ၁၄ ပေ သုံးလက်မ၊ အမြင့် နှစ်ပေရှိ မြေသားလမ်းပေါ်တွင် အမြင့်ကိုးလက်မရှိ ချင်းကျောက်ခင်းခြင်း၊ အရှည် ၁၈ ပေ၊ အကျယ်သုံးပေ၊ အမြင့်သုံးပေစီရှိ Slab Culvert နှစ်စင်း၊ အရှည် ၃၅ ပေ၊ အကျယ် ၁၄ပေ၊ အမြင့် ၁၀ပေရှိ ကွန်ကရစ်တံတား တည်ဆောက်ခြင်းလုပ်ငန်းကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၂၄၄ ဒသမ ၈၉၇ သန်းဖြင့် တိမ်ယံမြင့်မိုရ်ကုမ္ပဏီက ယခုနှစ် ဇူလိုင်ပထမပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၄၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**နော်လူး**

## ခင်ဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၅၅၀၂၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ခင်ဦး ဇူလိုင် ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၅၅၀၂၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ခင်ဦးမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ခင်ဦးမြို့နယ်တွင် ပဲတီစိမ်း ၆၄၁၆၄ ဧကစိုက်ပျိုးရန်အတွက် လျာထားပြီး မေလတတိယပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၅၅၀၂၂ ဧကထိ စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ခင်ဦးမြို့နယ်မှာ ပဲတီစိမ်းဧက ၆၄၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိဧက ၅၅၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ ပဲတီစိမ်း စိုက်ပျိုးမှုနဲ့ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့ ပညာပေးတာတွေ၊ အထွက်နှုန်းကောင်းမွန်ဖို့အတွက် မျိုးကောင်းမျိုးသန့်တွေ သုံးစွဲဖို့ ပညာပေးတာတွေရှိပါတယ်" ဟု ခင်ဦးမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြသည်။

ယခုနှစ် ခင်ဦးမြို့နယ်တွင် ပဲတီစိမ်းစိုက် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေသြဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ခင်ဦးမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်းအထွက်နှုန်းနှင့် အရည်အသွေးကောင်းမွန်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် တောင်သူများ ပူးပေါင်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပဲတီစိမ်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေသည့်အပြင် ပို့ကုန်မှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပဲတီစိမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းစိုက်ပျိုး ကြရမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြ၍ သိရသည်။

(၂၀၆)

## သာစည်မြို့နယ် မြို့ကြီးကုန်းကျေးရွာ၌ VRFP စီမံကိန်းလုပ်ငန်းများ စစ်ဆေး

**သာစည် ဇူလိုင် ၁၉**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သပြေဝကျေးရွာအုပ်စု မြို့ကြီးကုန်းကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်း (VRFP)ဖြင့် ဆောင်ရွက်ထားရှိသော လုပ်ငန်းများကိုယနေ့ နံနက်ပိုင်းကတာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာစည်မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်း၊ ဦးစီးအရာရှိ ဒေါ်တိုးတိုးစိန်နှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြို့ကြီးကုန်းကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှုရှိမရှိကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

အဆိုပါကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၆၈ဦးကို ငွေကျပ် ၂၄ဒသမ ၁ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၅၅ ဦးကို ငွေကျပ် ၁၈ဒသမ၉ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၂၃ ဦးကို ရန်ပုံငွေကျပ် ၄၃ သန်း ထုတ်ချေး ပေးထားကြောင်း သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

## ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ဓနိချပ်ရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ဘိုကလေး ဇူလိုင် ၁၉**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇွန်လအတွင်း ဓနိချပ်ရေအများ အပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဘိုကလေးမြို့နယ် ဓနိရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်စုခိုင်က ပြောပြသည်။

ဘိုကလေးမြို့နယ်သည် ဓနိထွက်သောဒေသဖြစ်ပြီး ထွက်ရှိလာသည့် ဓနိများကို ဒေသဈေးကွက်အပြင်ရန်ကုန် ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိပြီး ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် မေလအတွင်းက ဓနိချပ်ရေ ၄၀၀၀၀၀ သာပို့ရောင်းချနိုင်ခဲ့ပြီး ဇွန်လ တစ်လအတွင်း ဓနိချပ်ရေ ၄၈၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ဓနိများကိုဒေသဈေးကွက်အပြင် ရန်ကုန် ဈေးကွက်သို့ တင်ပို့ရောင်းချနေကြောင်း သိရသည်။

"ဇွန်လအတွင်း ဓနိချပ်ရေအများ အပြား ရန်ကုန်ဈေးကွက်ထဲကို တင်ပို့ရောင်းချခဲ့ရပါတယ်။ ဒီဘက်ကနေ တင်ပို့ရောင်းချခဲ့တဲ့ ဓနိချပ်တွေက အရည်အသွေးလဲ ကောင်းပါတယ်။ ပြီးခဲ့တဲ့ တစ်လထဲမှာ ရန်ကုန်ဈေးကွက်က ဓနိချပ်တွေ ဝယ်ယူအားကောင်းခဲ့ပါတယ်။ ဝယ်ယူအားကောင်းခဲ့တဲ့အတွက် ဒေသခံ ဓနိစိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူတွေနဲ့ ဓနိထိုးလုပ်သားတွေပါ အဆင်ပြေနေပါတယ်" ဟု ဘိုကလေးမြို့နယ်မှ ဓနိ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်စုခိုင်က ပြောပြသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန် ဈေးကွက်သို့ တင်ပို့ရောင်းချသည့် ဓနိချပ် အရှည်အချပ်ရေ ၁၀၀လျှင် ငွေကျပ် ၄၅၀၀၀၊ ဓနိချပ်အလတ်အချပ်ရေ ၁၀၀ လျှင် ငွေကျပ် ၃၅၀၀၀၊ ဓနိချပ်အသေး အချပ်ရေ ၁၀၀လျှင် ငွေကျပ် ၂၈၀၀၀ ထိ အရွယ်အစားအလိုက် ပေါက်ဈေးရှိကြောင်း၊ အဆိုပါဓနိချပ်များ ဝယ်ယူအားကောင်းလာခြင်းကြောင့် ဓနိစိုက်ပျိုးရေးလုပ်ကိုင်များ၊ ဓနိထိုးလုပ်သားများ၊ ဓနိပွဲရုံပိုင်ရှင်များအလုပ်အကိုင် အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**



# နည်းသိရင် အောင်မြင်

ချစ်နိုင်(စိတ်ပညာ)

**"သမဂ္ဂါနံ တပေါ သုခေါ"**

**သမဂ္ဂါနံ** – စိတ်ဓာတ်ညီညွတ်သူတို့၏၊ **တပေါ** – အကျင့်သည်၊ **သုခေါ** – ချမ်းသာခြင်း၏အကြောင်း ဖြစ်၏။

(ဓမ္မပဒ ပါဠိမြန်မာပြန်မှ)

**နိဒါန်း**

စာရေးသူတင်ပြမှာက နည်းသိရင် အောင်မြင်မယ်။ အမှန်တကယ် အောင်မြင်ချင်ရင် နည်းမှန်လမ်းမှန်ကို သိရတယ်ဆိုတဲ့ အချက်ပါ။ စကားကပ်ပြီး နည်းတော့ သိတာပေါ့။ လက်တွေ့မလုပ်ရင်ကော လို့မေးရင် မအောင်မြင်နိုင်ဘူးလို့ အမှန်အတိုင်း ဝန်ခံပါရစေ။ သဘောတရားဖြစ်တဲ့ နည်းပညာတစ်ခုကို သိရုံသိတာမျှနဲ့ အောင်မြင်မှုကတော့ မရနိုင်ပါ။ အခြေခံလိုအပ်ချက်ဖြစ်တယ်ဆိုတာပဲ ထင်ရှားအောင် တိုတိုရှင်းရှင်း တင်ပြတာပါပဲ။ သဘောတရားရဲ့ တွဲလျက် လက်တွေ့လုပ်ဆောင် အကောင်အထည် ဖော်ခြင်းကတော့ မဖြစ်မနေ ပါရပေမှာပေါ့ခင်ဗျာ။ အားလုံးသိပြီးသားမို့ ခြွင်းချက်ချန်ခဲ့တဲ့သဘော ဖြစ်ပါတယ်။

**အဓိပ္ပာယ်**

ခေါင်းစဉ်မှာ အဓိကစာလုံး နှစ်လုံးပါဝင်ပါတယ်။ **နည်း** ဆိုတာနဲ့ **အောင်မြင်** ဆိုတဲ့ နာမ်ပုဒ်တစ်ခုနဲ့ ကြိယာပုဒ်တစ်ခုတို့ဖြစ်ကြပါတယ်။ နည်းအကြောင်း ပြောမယ်ဆိုရင်လည်း ကျယ်ဝန်းတယ်။ အောင်မြင်ခြင်းအကြောင်း ရှင်းပြရရင်လည်း ကျယ်ပြောတာပဲ။ သို့တစေ ဒီနေရာမှာလည်း အများသိပြီးသားတွေလို့သာ ပေယျာလက် ချန်ထားခဲ့ပြီး အတိုချုံးအကျဉ်းမျှသာဖော်ပြပါရစေ။ မြန်မာစကား နည်းဆိုတာဟာ အင်္ဂလိပ်လိုဖော်ပြရရင် အနည်းဆုံး အဓိပ္ပာယ် ခြောက်မျိုးလောက် ပေါ်ထွက်နိုင်ပါတယ်။

**နည်း** –
1. Process
2. Procedure
3. Means
4. Method
5. System
6. Ways.

အောင်မြင်ခြင်းဆိုတာကိုလည်း ခုနစ်မျိုးလောက် ကွဲပြားတာ(အနည်းဆုံး)တွေ့ရပါတယ်။ နည်းဆိုရာမှာပင် သူနဲ့တွဲတာတွေအရ ကွဲပြားဖြာထွက်တဲ့အနက်တွေ ရှိပေသေး။

**နည်းပညာ** = Technology
**နည်းပရိယာယ်** = Tactics
**နည်းပေးလမ်းပြ** = Direct Guide စသဖြင့် ထားပါတော့။

**အောင်မြင်မှု** ဆိုတာအင်္ဂလိပ်လို ဒီလိုအဓိပ္ပာယ် ရှိနိုင်။

1. Conquer
2. Overcome
3. Pass
4. Success
5. Thrive
6. Victory
7. Win အစရှိသည်ပေါ့ခင်ဗျာ။ သဘောသိပြီး။

**ရည်ရွယ်ချက်**

နည်းမှန်လမ်းမှန်ကို သေသေချာချာသိပြီး လုပ်ကိုင်ဆောင်ရွက်မှသာ အောင်မြင်နိုင်တယ်။ ဒါကြောင့် ဘာပဲလုပ်လုပ် နည်းလမ်းတကျ လုပ်တတ်ကိုင်တတ်အောင် လေ့လာသင်ယူရမယ်။ ကိုယ်ရောက်ချင်တဲ့ ရည်မှန်းချက်ပန်းတိုင်ကိုလည်း သေသေချာချာ တိတိကျကျ တွက်ဆချင့်ချိန်ပြီး ရွေးချယ်သင့်ပါတယ်။ ပန်းတိုင်တည်ရှိရာအရပ်လည်း ရေရေရာရာမသိဘဲ၊ အကွာအဝေးလည်းမသိဘဲ ထွက်ခွာလာခဲ့ကြတဲ့ ကြုံချင်ရာကြုံ၊ ကျချင်ရာကျ၊ ဟိုအကွေ့ ဟိုတက်နဲ့ လှော်မယ်၊ တော်သလိုလှော်သလို ကြည့်လုပ်မှာပဲဆိုတဲ့ ကြုံရာကျပန်း အိမ်ကထွက်ခွာခဲ့ကြရတဲ့ လူငယ်များစွာ ဒုက္ခမျိုးစုံကြုံတွေ့ဖြတ်သန်းခဲ့ကြရတဲ့ ဘဝသင်ခန်းစာကို မြင်ရ၊ ကြားရတော့ ခံစားရတာ ရင်နာလှပါတယ်။

တကယ်တော့ လူငယ်ဆိုတာ လူကြီးထက်တော်မှ ယနေ့ခေတ်ကာလထက် အနာဂတ်အချိန်အခါဟာ ပိုမိုလှပသာယာမှာ၊ တိုးတက်မှာ မဟုတ်လား။ လူငယ်ဆိုသူတွေဟာ တော်သူဖြစ်စေ၊ ညံ့သူဖြစ်စေ၊ ကောင်းသည်ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ၊ နှောင် ၁၀ စုနှစ် တစ်ခေတ်၊ နှစ်ခေတ်ရောက်လာမယ့် အနာဂတ်လူကြီးတွေပဲမဟုတ်လား။ ကြိုက်ကြိုက် မကြိုက်ကြိုက်၊ လက်ဆင့်ကမ်းအမွေ လွှဲပြောင်းတာဝန်ယူကြမယ့် အနာဂတ်လူသားတွေပဲ မဟုတ်လား။ စာရေးသူက လေးလည်းလေးစားတယ်။ တန်ဖိုးလည်း ထားပါတယ်။ စာရေးသူတို့ ဖြတ်သန်းကြုံတွေ့ခဲ့ရတဲ့ အမှားမျိုးတွေ၊ နောက်လူငယ်တွေ ခက်ခက်ခဲခဲ မကြုံရစေချင်တော့ဘူး။ မိမိတို့နာကျင်ခဲ့ရတဲ့ ဒုက္ခတွေကိုမခံစားရစေလိုဘူး။ အံ့သြစရာလည်း ကောင်းတယ်။ ထိတ်လန့်စရာလည်း တကယ်ကောင်းတယ်။ ယနေ့လူငယ်အချို့ဟာ လူထုအောင်သံရုပ်ရှင်ဇာတ်ကားထဲက လက်နက်ကိုင်ပုန်ကန်မှုအမှားမျိုးကို မမြင်မကန်းနဲ့ ဖွတ်ဝင်တိုးနေတာမျိုး။

တောတွင်းမှာ ရဲဘော်အောင်ဝင်းလို တရားမျှတမှုကို လိုလားသူရှိပေမယ့် ဗိုလ်တောက်ထွန်းလို လက်နက်နဲ့ အနိုင်ကျင့်သတ်ဖြတ် အကြမ်းဖက်ဝါဒ ကျင့်သုံးသူတွေကြောင့် တောကျောင်းဆရာဖိုးဆိတ် (ရုပ်ရှင်ဒါရိုက်တာ ဆရာသုခက ဖိုးဆိတ်အဖြစ် သဘာဝကျကျ သရုပ်ဆောင်ခဲ့ပါတယ်)ကို သေနတ်နဲ့ပစ်သတ်ပုံမျိုး။ ၁၉၅၀–၁၉၆၀ တောခိုသူပုန်တွေ လမ်းမှားခဲ့ပုံ သင်ခန်းစာရုပ်ရှင်ဟာ ၂၀၁၂–၂၀၁၅ မှာ မြန်မာပြည်နိုင်ငံရေးဇာတ်ခုံပေါ်မှာ တကယ်ဖြစ်ပေါ်လာကြပြန်တယ်ဆိုတာ ရင်နာစရာပါ။ မြန်မာနိုင်ငံ မြန်မာလူမျိုးဟာ အသိအမြင် အတွေးအခေါ် ဆင်းရဲလှတဲ့ လူငယ်မျိုးတွေသာ များနေခဲ့ရင်တော့ တို့နိုင်ငံရဲ့ အနာဂတ်ဟာ စိုးရိမ်စရာပေပဲလား။

မှောင်နေရင် လင်းအောင်ထွန်းညှိရမှာပဲ။

ကြိုတင်မြော်မြင်တတ်မှုမရှိရင် သိအောင်ရေး ရမှာပါ။ မမြင်ဘူး၊ မသိဘူးဆိုရင် ဖတ်စေချင်ပါတယ်။

လူထုအောင်သံ ရုပ်ရှင်ဇာတ်ကားထဲမှ အဓိက ဇာတ်ဆောင် ရဲဘော်အောင်ဝင်းအဖြစ် သရုပ်ဆောင်တဲ့ ဗိုလ်မှူးဇက်(ယေးတက္ကသိုလ်မှ ဘာသာဗေဒ၊ မဟာဝိဇ္ဇာဘွဲ့ရ၊ အမေရိကန်ပြန်) ဇာတ်လမ်းအရ သေနတ်ထိမှန် ဒဏ်ရာရနေစဉ် သူ့သားလေးနဲ့တွေ့တော့ "သားရေ…တော်လှန်ရေးဆိုတာ ကလေးကစားသလိုလုပ်ရမယ့် အရာမျိုးမဟုတ်ဘူးကွယ်"လို့ ပရိသတ်မျက်ရည်ဖြိုင်ဖြိုင်ကျအောင် ဝမ်းနည်းစရာ ပြောသွားတဲ့ ဇာတ်ဝင်ခန်းကို မင်းတို့လက်နက်ကိုင်သူပုန်ထတဲ့ အကြမ်းဖက်လူငယ်တွေ နားမဝင်နိုင်ခဲ့တာ စိတ်မကောင်းပါ။ ဘာမသိ၊ ညာမသိ၊ အသိအမြင်လွဲမှားတာမျိုး ထပ်မဖြစ်ရအောင် ဒီစာကိုရေးမိတာပါပဲ။

ရည်ရွယ်ချက်က မျိုးဆက်သစ်တို့ တိုးတက်ရစ်ဖို့ ရှာဖွေစုဆောင်းပြီး ဖော်ပြနေခြင်းပါကွယ်။

**နည်းနာနိဿယအသုံးချ**

အရာရာမှာ သူ့နေရာနဲ့သူ၊ သူ့အခြေအနေ၊ အချိန်အခါအလိုက် အံဝင်ခွင်ကျအသုံးချရမည့် နည်းနာနိဿယတွေ ရှိကြတယ်။ ကိုယ်ကရှာဖွေပြီး စူးစမ်းစမ်းသပ်ပြီး အံကျအောင် အသုံးချရုံပဲ။ လောကကြီးဟာ အဲသလို အဆင်ပြေလွယ်ကူစေပါတယ်။ နည်းပညာခေတ်လို့ အချို့ကပြောနေကြတာ ကြားဖူးလား။ အမှန်က အဆင့်မြင့်နည်းပညာခေတ်ကိုပင် ကျော်လွန်လာခဲ့ပြီဗျ။ နည်းပညာဟူသမျှ လေ့လာစူးစမ်းပါ။ ထိရောက်အောင် လက်တွေ့အသုံးချကြည့်ပါ။

မြတ်စွာဘုရား ဟောကြားတော်မူတဲ့ တရားတော်များအနက် ဓမ္မစကြာတရားတော်နဲ့ အနတ္တလက္ခဏသုတ်တို့ဟာ ပင်ရင်းမူလအခြေခံတရားတော်ပါပဲ။ လောကနိယာမအနတ္တသဘောကို ထွင်းဖောက်သိမြင်ပြီး ငြိမ်းအေးရာအမှန် နိဗ္ဗာန်ကိုပင် မျက်မှောက်ပြုနိုင်ပါတယ်။ သတိပဋ္ဌာန်တရားနဲ့ လေ့ကျင့်ရင် မုချ ရနိုင်ပေတယ်။ **ရာဟုလောဝါဒသုတ်**က တိုတိုပဲ။ လက်ငင်းချက်ချင်း အသုံးပြုလိုက်နာရမယ့်အရာက များများမရှိပါဘူး။ သုံးချက်ထဲပါ။ ဗုဒ္ဓဘာသာဝင်တိုင်းဟာ–

၁။ **မကောင်းမှုဟူသမျှ တစ်ခုမှမပြုလေနဲ့၊ ရှောင်ပါ။**

၂။ **ကောင်းမှုများကိုတော့ ပြည့်စုံပါစေ၊ ကျင့်ဆောင်ပါ။**

၃။ **မိမိစိတ်ကို ဖြူစင်သန့်ရှင်းအောင် နေထိုင်ပါ။** ဒါဟာ အောင်မြင်အေးချမ်းတဲ့ ဘဝနေနည်း (နည်း)ပါပဲ။

စာရေးသူစုဆောင်းထားတဲ့ ဝန်ထမ်းဘဝ၊ **အလုပ်ကို အောင်မြင်စေတဲ့နည်းနာလက္ခဏာ ခြောက်ချက်** ရှိတာ ဖော်ပြပါရစေ–

၁။ အရှည်မြော်မြင်ပြီး အလုပ်လုပ်ရမယ် (ပန်းတိုင်နဲ့ မလွဲချော်စေနဲ့)။

၂။ ရှင်းရှင်းလင်းလင်းလုပ် (ရိုးသားရမယ်)။

၃။ တိတိကျကျလုပ် (ဘယ်သူလုပ်ရမှာလဲ၊ ဘယ်အချိန် ပြီးရမှာလဲ၊ ဘယ်နေရာလဲ၊ ဘာကြောင့်လဲ၊ ဘာကိုလုပ်ရမှာလဲ၊ ဘယ်လိုလုပ်ရမှာလဲ၊ သိပါစေ)။

၄။ ပေါင်းစပ်ညှိနှိုင်းပြီးလုပ်။

၅။ အချိန်မီပြီးစီးရမယ်။

၆။ အမြဲလေ့လာဆည်းပူးကြံဆပါ။ (လူတွေက အရှည်အသွေး တိုးတက်နေမှသာ ထုတ်ကုန်တန်ဖိုးက မြင့်လာပါမယ်)

စတီဗင်အာရ်ကိုဗီးရဲ့ **"ထူးခြားအောင်မြင်သူများမှာ ရှိကြတဲ့အလေ့အထ ခုနစ်ချက်"**ဆိုတာ သိရမယ်။ သုံးရပါမယ်။

၁။ **အပြုသဘောဆောင်ပါ။ မိမိကဦးဆောင်ပါ၊** (သူများတီးတဲ့တီးကွက်အတိုင်း လိုက်က မနေနဲ့)

၂။ **မိမိပန်းတိုင်ကို မျက်ခြည်မပြတ်ပါစေနဲ့။** (ကြုံရာကျပန်းတွေနဲ့ အချိန်ကုန်မနေလေနဲ့)

၃။ **အရေးကြီးတာအရင်လုပ်။** (အသေးအဖွဲလေးတွေထဲမှာ နစ်မွန်းမနေစေရ)

၄။ **သူလည်းနိုင်၊ ကိုယ်လည်းနိုင်၊ နှစ်ဖက်အောင်မြင်တဲ့ နည်းကိုရွေးပါ။** (ဘယ်သူ့ကိုမှ ကမ္ဘာ့ရန်လို့ မမှတ်ယူနဲ့။ ပြေလည်အောင် ကြိုးစားပါ။)

၅။ **သူ့ဘက်ကိုနားလည်စာနာနိုင်အောင် အရင်ကြိုးစားပါ၊** ပြီးမှသင့်ကို သူနားလည်အောင် ရှင်းပြတတ်ပါစေ။

၆။ **အင်အားချင်းပေါင်းစပ်ပါ။** စုပေါင်းအင်အား တည်ဆောက်တတ်ပါစေ။ ငါနဲ့မတူ ငါ့ရန်သူလို့ သဘောမထားလေနဲ့၊ အဲဒါ အကျိုးမရှိဘူး) မတူညီတာတွေ ခဏထား၊ တူညီတာတွေရှာပြီး ကောင်းကျိုးရအောင် ပူးပေါင်းနိုင်မှ အမြတ်ရ။

၇။ **လွှကိုသွေးပါ။** သစ်ပင်မခုတ်ခင် လွှကိုအရင် သွေးပါ။ အလုပ်မလုပ်ခင် အသုံးပြုတဲ့လူတွေ၊ ကိရိယာ၊ ပစ္စည်းတွေကို စစ်ပါ၊ ပြုပြင်ပါ၊ အကောင်းဆုံးဖြစ်အောင် လေ့ကျင့်၊ တပ်ဆင်ပါ။ အောင်မြင်မယ်။

အမေရိကန်စက်မှုသူဌေးကြီး ကာနက်ဂျီက အလုပ်ဆိုင်ရာ ဖော်မြူလာဖော်ထုတ်မယ့် နပိုလီယံဟေးကို **"အောင်မြင်စေတဲ့ ဥပဒေသ ၁၀ ချက်"** အကြံပြုခဲ့ပါတယ်။ နပိုလီယံဟေးရေးတဲ့ စာအုပ်တွေဟာ အံ့သြစရာ သန်းပေါင်းများစွာသောလူတွေကို ချမ်းသာကြွယ်ဝစေခဲ့ပြီးပါပြီ။ ဆရာကြီးရွှေဥဒေါင်းက "အကြံဉာဏ်ဖြင့်ကြီးပွားရေး"ဆိုပြီး မြန်မာမှုပြုပြီး ရေးသားခဲ့ရာ မြန်မာသူဌေးပေါင်းများစွာ သာမန်ဘဝမှ တိုးတက်ပြောင်းလဲသွားလိုက်ကြတာ အောင်သမဓိ ရွှေဆိုင်မှ ရတနာဆိုင်ဖြစ်လာခဲ့သူ အပါအဝင်ပေါ့။

စာမျက်နှာ ၅ သို့ ☞

❖ နည်းမှန်လမ်းမှန်ကို သေသေချာချာသိပြီး လုပ်ကိုင်ဆောင်ရွက်မှသာ အောင်မြင်နိုင်တယ်။ ဒါကြောင့် ဘာပဲလုပ်လုပ် နည်းလမ်းတကျ လုပ်တတ်ကိုင်တတ်အောင် လေ့လာသင်ယူရမယ်။ ကိုယ်ရောက်ချင်တဲ့ ရည်မှန်းချက်ပန်းတိုင်ကိုလည်း သေသေချာချာ တိတိကျကျ တွက်ဆချင့်ချိန်ပြီးရွေးချယ်သင့်ပါတယ်။ ပန်းတိုင်တည်ရှိရာအရပ်လည်း ရေရေရာရာမသိဘဲ၊ အကွာအဝေးလည်းမသိဘဲ ထွက်ခွာလာခဲ့ကြတဲ့ ကြုံချင်ရာကြုံ၊ ကျချင်ရာကျ၊ ဟိုအကွေ့ဟိုတက်နဲ့လှော်မယ်၊ တော်သလိုလှော်သလို ကြည့်လုပ်မှာပဲဆိုတဲ့ ကြုံရာကျပန်း အိမ်ကထွက်ခွာခဲ့ကြရတဲ့ လူငယ်များစွာ ဒုက္ခမျိုးစုံကြုံတွေ့ဖြတ်သန်းခဲ့ကြရတဲ့ ဘဝသင်ခန်းစာကို မြင်ရ၊ ကြားရတော့ ခံစားရတာ ရင်နာလှပါတယ်။ ❖

# လမ်းလျှောက်ခြင်းဖြင့် စိတ်ကိုကြည်လင်လန်းဆန်းစေနိုင်သည်



မိမိတို့အနေနဲ့တစ်ခါတလေမှာ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ ကြုံဖူးမှာပါ။ အဲဒီအချိန်မှာ မရည်ရွယ်ပါဘဲ ခဏလောက်ဖြစ်ဖြစ် လမ်းထလျှောက်မိတတ်ကြပါတယ်။

အဲဒီလို လမ်းလျှောက်လိုက်ချိန်မှာ မိမိတို့မှာဖြစ်ပေါ်နေတဲ့ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ သက်သာပျောက်ကင်းသွားပြီး တစ်ခါတစ်ရံမှာ အကြံဉာဏ်ကောင်းတွေ ထွက်လာတာကိုလက်တွေ့ကြုံဖူးကြမှာပါ။

ပညာရှင်တွေရဲ့ လေ့လာမှုအရဆိုရင်လည်း လမ်းလျှောက်ခြင်းဟာ စိတ်ကိုကြည်လင်လန်းဆန်းစေတယ်လို့ တွေ့ရှိထားပါတယ်။

တစ်ကိုယ်တည်းလမ်းလျှောက်ခြင်းထက် စိတ်တူကိုယ်တူရှိတဲ့ အဖော်တစ်ဦးဦးနဲ့လမ်းလျှောက်ခြင်းက ပိုပြီးတော့တောင် အထောက်အကူဖြစ်စေပါတယ်။ ဒါ့အပြင် ပုံမှန်လမ်းလျှောက်ခြင်းဟာ စိတ်ဖိစီးမှု၊ စိတ်ဓာတ်ကျဆင်းမှုနဲ့ စိတ်ပူပန်မှုတွေကိုလည်း ကျဆင်းစေတယ်လို့ ဆိုပါတယ်။

လမ်းလျှောက်ခြင်းဟာ ငွေကုန်ကြေးကျခြင်းလည်း မရှိပါဘူး။ ကိုယ့်ရဲ့တစ်နေ့တာအချိန် ၂၄နာရီထဲကမှ မိနစ် ၃၀လေးသာ ဖဲ့ပေးလိုက်ရုံနဲ့ ပြန်ရလာမယ့် အကျိုးကျေးဇူးတွေက မနည်းလှပါဘူး။

ကိုယ်ကျန်းမာရင် စိတ်ချမ်းသာတယ်လို့ ပြောစမှတ်ရှိသလိုမျိုး စိတ်လည်းချမ်းသာစေ၊ ကိုယ်လည်းကျန်းမာစေဖို့ နေ့စဉ်ဘဝမှာ မိနစ် ၃၀ ကြာ လမ်းလျှောက်ကြပါစို့လို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။

# မြောင်းမြခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံစုံ ၃၇၀၁ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**မြောင်းမြ ဇူလိုင် ၁၉**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံစုံ ၃၇၀၁ ကေထိ စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေး ဦးစီးဌာနမှ သိရသည်။

မြောင်းမြခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံစုံလျာထား ၄၇၃၆ ဧကကို ယခုနှစ် မေလပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၃၇၀၁ ကေထိ စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

"မိုးသီးနှံ စိုက်ပျိုးရာသီမှာ စားဖိုဆောင်သီးနှံစုံ လျာထားဧက ၄၇၀၀ ကျော် စိုက်ပျိုးမှာဖြစ်တယ်။ လက်ရှိ ၃၇၀၁ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ကျန်တဲ့ဧကတွေ ဆက်လက်စိုက်ပျိုးနေပါတယ်။ စားဖိုဆောင်သီးနှံတွေ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် မျိုးစေ့တွေ၊ နည်းပညာတွေနဲ့ အခြားပံ့ပိုးမှုတွေကို သီးနှံတွေ မစိုက်မီ စိုက်ပျိုးရေးဦးစီးဌာနက ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာနခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြသည်။

မြောင်းမြခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံစုံ ၄၇၃၆ ဧက စိုက်ပျိုးရာတွင် ခဝဲသီး၊ ပန်းဂေါ်ဖီ၊ ချဉ်ပေါင်၊ နံနံပင်၊ မုန်လာ၊ ခရမ်း၊ ကန်စွန်း၊ ကြက်ဟင်းခါးသီး၊ ပဲပုစွန်၊ တိုင်ထောင်ပဲ စသည့် သီးနှံများကို အများဆုံးစိုက်ပျိုးထားကြောင်း သိရသည်။

စားဖိုဆောင်သီးနှံကို အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှု ဖူလုံနိုင်မည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ရာ စားဖိုဆောင်သီးနှံကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

á **စာမျက်နှာ ၄ မှအဆက်**

**၁။ လေးနက်မှန်ကန်တဲ့ရည်ရွယ်ချက်ထားပါ။**

**၂။ စီစဉ်ညွှန်ကြားနိုင်သူနဲ့ ပူးပေါင်းပါ။**

(ဆရာကောင်း၊ မိတ်ဆွေကောင်းတွေ ဝန်းရံပါလေ)

**၃။ လုပ်နိုင်တဲ့အခြေအနေထက် ပိုပြီးလုပ်ကိုင်ပါ။**

(ပိုမိုလုပ်ခြင်းအားဖြင့် တာဝန်ပိုမိုထမ်းနိုင်သူအဖြစ် တိုးတက်မြင့်တက်လာမယ်)

**၄။ ယုံကြည်မှုကို အသုံးချပါ။**

**၅။ သူများခိုင်းမှ လုပ်တာမျိုးမဟုတ်ဘဲ လုပ်သင့်လုပ်ထိုက်တာကို စဉ်းစားပြီး လုပ်ဆောင်ပါ။** ပင်ကို ကိုယ်စွမ်းကိုယ်စရှိသူက ပင်ကိုစိတ်နဲ့စဉ်းစားတတ်ပြီး ယုံယုံရဲရဲ လုပ်တတ်တယ်။

**၆။ ကိုယ်ပိုင်ဉာဏ်နဲ့စဉ်းစားချင့်ချိန်ပါ။** (သူများပြောတိုင်း နားမယောင်လေနဲ့)

**၇။ စိတ်အားထက်သန်စွာနဲ့ လုပ်ပါ။**

(ရည်မှန်းချက်ကနေ မသွေဖည်စေနဲ့)

**၈။ မှန်ကန်တိကျစွာ ခွဲခြမ်းစိတ်ဖြာစဉ်းစားပါ။**

ပြဿနာတွေစုပုံပြီး ရောရောထွေးထွေးမကိုင်နဲ့။ အရှုပ်အထွေးအား ကဏ္ဍခွဲ၍ ဖြေရှင်းပါ။

**၉။ အာရုံစူးစိုက်ပြီး ကြိုးစားအားထုတ်ပါ။**

**၁၀။ ဘေးအန္တရာယ်မှ အကျိုးအမြတ်ရရှိခြင်း။** အခက်အခဲအတားအဆီးတွေက မိမိကိုပိုပြီး သန်မာအားကောင်းစေတတ်ပါတယ်။

**နိဂုံး**

နပိုလီယန်ဟေးဟာ အောင်မြင်သူတွေကို သေချာစွာ လူတွေ့မေးမြန်းဆွေးနွေးပြီး အောင်မြင်ရေးတက်ကျမ်းများရေးသားခဲ့ရာ စက်မှုထွန်းကားတဲ့ အမေရိကန်နိုင်ငံမှာ သူ့ရဲ့နည်းနာနိဿယများ ထိရောက်မှုက အများကြီးအကျိုးပြုခဲ့ပါတယ်။

နှစ်ဆယ်ရာစုမှာ စက်မှုအရင်းရှင်စနစ်ထွန်းကားခဲ့ချိန်က နည်းနာတွေဟာ လူတွေ၊ ရုံးတွေ၊ ဌာနတွေ၊ စက်ရုံတွေ၊ လုပ်ငန်းတွေရှိနေသေးသမျှ သုံးတတ်သူကို အကျိုးပြုနေဦးမှာပါပဲ။ လူငယ်တွေက နှူးပြီးနပ်ပြီးသားကို ခူးပြီးခပ်ပြီး စားတတ်ကြပါစေ။

ဟိုငေးသည်ငေး ယောင်တောင်ပေါင်တောင်နဲ့ ဘာအတတ်ပညာမှ မပါဘဲ အချိန်တွေလေလွင့်မနေစေဘဲ လေ့လာရှာဖွေ အသုံးချတတ်ပါစေ။ လူငယ်မြင့်မားမှ အနာဂတ်နိုင်ငံလည်း မြင့်မားပေလိမ့်မယ်။

# ချစ်သူ့ခေါ်ရာ

\- အချစ်ရယ် ဘယ်မငြင်းလေနဲ့
လယ်ခင်းရှင် တွင်တွင်ခေါ်ခိုက်
သွားစို့နော် နှစ်ကိုယ်တည်းသာပေါ့
အို…ခွဲဖို့ကြံနဲ့ကွယ်။

\- အမိအဖတွေက
ပြည့်ဝတယ် မဆိုသာလည်း
သူတို့ယာ သူတို့တောမှာဖြင့်
စားစရာ သီးနှံပေါတဲ့ပြင်
သာမောဖွယ် လယ်ကန်သင်းမှာလည်း
ငုံမာလာ ထုံစွာသင်းလေတော့
ချောင်းရေမှာ လှေတစ်စင်းရယ်နဲ့
မင်း ပျော်လိမ့်မယ်။

\- စခန်းအသစ်မှာတဲ့
ပန်းချစ်ဆွေ ဆံယဉ်နွယ်၌
ပန်ချင်တယ် ပူဆာတမ်းရင်ဖြင့်
ပန်းစံပယ် မပေါ်ခိုက်ပေမဲ့
အလိုက်တော် တန်သင့်ရုံပ
ခံပွင့်ကို ခင်မသုံးရပါဘူး
ယဉ်မဆုံး အခိုင်ခိုင်နဲ့
တလှိုင်လှိုင် ကြူကြူသင်းပါဘိ
ဖြူဝင်းတဲ့ တောစံပယ်
တောအလယ်မှာဖြင့် ကြာရှည်မွှေး
ချောတစ်မယ် ကညာအတွက် ရာသီမရွေး။

\- သွားစို့ကွယ်နော်
မြို့ရပ်မှာ နေမပျော်တဲ့
ခရီးဖော် မောင့်လည်ဆွဲကိုဖြင့်
အပြီးခေါ် စောင့်ကြိုတွဲချင်ရဲ့
ရင်ထဲမှာ အကြင်နာ
မျက်ဝန်းမှာ မျှော်လင့်ခြင်း
လက်တွင်းမှာ သစ္စာပန်းတွေနဲ့
မေတ္တာလမ်း အတူပိုင်တော့
ဘယ်သူပြိုင် လှနိုင်ဦးမှာလဲ
အပြုံးသရဖူနဲ့
စံပယ်ဖြူ အမူနွဲ့ရယ်
လိုက်ခဲ့တော့လေး။ ။

**မြင်းမူမောင်နိုင်မိုး**

# ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

á **Home Stay** နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။

á မကြာခဏ ထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို **Alcohol** ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

## နိုင်ငံတကာ သတင်းများ

# ယူကရိန်းနိုင်ငံ ကီယက်ဗ်မြို့ကို ရုရှားတပ်များ ဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်



ကီယက်ဗ် ဇူလိုင် ၁၉

ယူကရိန်းနိုင်ငံ ကီယက်ဗ်မြို့ကို ရုရှားတပ်များက ယနေ့ နံနက်ပိုင်းတွင် ဘလစ်စတစ်ဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း RT သတင်းဌာနက ဖော်ပြထားသည်။

ရုရှားတပ်များ၏ ဒုံးကျည်တိုက်ခိုက်မှုများကြောင့် ကီယက်ဗ်မြို့၌ တစ်ဦးသေဆုံး၍ ၁၃ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ယူကရိန်းတာဝန်ရှိသူများက ပြောကြားထားသည်။

ရုရှားတပ်များ၏ တိုက်ခိုက်မှုကြောင့် ကီယက်ဗ်မြို့အတွင်းနှင့် ဝန်းကျင်နယ်မြေများ၌ ပြင်းထန်သည့် ပေါက်ကွဲမှုများ ဖြစ်ပွားခဲ့သည်။

တစ်ချိန်တည်းမှာပင် ယူကရိန်းလေတပ်ကလည်း ရုရှား၏ ဘလစ်စတစ် ဒုံးကျည်အန္တရာယ်အတွက် သတိပေးချက်ထုတ်ပြန်ထားသည်။

ရုရှားတပ်များ၏ ယနေ့ တိုက်ခိုက်မှုကြောင့် ကီယက်ဗ်မြို့အတွင်းရှိ အဆောက်အအုံများ မီးလောင်နေကြောင်း ကီယက်ဗ်မြို့တော်ဝန် ဗီတာလီကလစ်ချ်ကိုက သတင်းထုတ်ပြန်ထားသည်။

မကြာသေးမီ ရက်သတ္တပတ်များအတွင်း ယူကရိန်းအနေဖြင့် အမေရိကန်နိုင်ငံလုပ် လေကြောင်းရန် ကာကွယ်ရေးစနစ်များ အင်အားလျော့ပါးလာခဲ့ပြီးနောက် ရုရှားနိုင်ငံက ဘလစ်စတစ်ဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်မှုများ မြှင့်တင်ပြုလုပ်လာခဲ့သည်။

ရုရှားနိုင်ငံ၏ ဘလစ်စတစ်ဒုံးကျည်များသည် အသံ၏ အမြန်နှုန်းထက်မြင့်မားသည့် အမြန်နှုန်းဖြင့် ပစ်ခတ်နိုင်သည်ဖြစ်ရာ ထိုဒုံးကျည်စနစ်များကို ယူကရိန်းအနေဖြင့် ကြားဖြတ်ဟန့်တားနိုင်မှုမရှိသေးကြောင်း သိရသည်။

Ref : RT
Trs : KKO

# လေဘာပါတီခေါင်းဆောင်သစ် အင်ဒီဘန်းဟမ်း ဗြိတိန်ဝန်ကြီးချုပ်ရာထူး စတင်ရယူမည်



လန်ဒန် ဇူလိုင် ၁၉

ဗြိတိန် လွှတ်တော်အမတ် အင်ဒီဘန်းဟမ်းသည် ဇူလိုင် ၂၀ ရက်တွင် ဗြိတိန်ဝန်ကြီးချုပ်ရာထူး စတင်ရယူမည်ဖြစ်ကြောင်း Xin-hua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

လက်ရှိအာဏာရလေဘာပါတီ၏ ခေါင်းဆောင်အဖြစ် ဇူလိုင် ၁၇ ရက်တွင် ရွေးချယ်တင်မြှောက်ခံခဲ့ရပြီးနောက် ဗြိတိန်ဝန်ကြီးချုပ်ရာထူးကို ဇူလိုင် ၂၀ ရက်တွင် စတင်ရယူရန် အင်ဒီဘန်းဟမ်းက စီစဉ်ထားခြင်းဖြစ်သည်။

ဇူလိုင် ၁၇ ရက်တွင် ကျင်းပခဲ့သည့် လေဘာပါတီခေါင်းဆောင်ရွေးကောက်ပွဲတွင် အင်ဒီဘန်းဟမ်းသည် လေဘာပါတီအမတ် ၄၀၃ဦး အနက် ၃၇၉ ဦးတို့၏ ထောက်ခံမဲများကို ရယူနိုင်ခဲ့သည်။

အင်ဒီဘန်းဟမ်းသည် လေဘာပါတီခေါင်းဆောင်ဟောင်း ကီရာစတမ်မာထံမှ ဗြိတိန်ဝန်ကြီးချုပ်ရာထူးကို ဇူလိုင် ၂၀ ရက်တွင် တရားဝင်ရယူမည်ဖြစ်သည်။

လေဘာပါတီ ခေါင်းဆောင်ဟောင်းကီရာစတမ်မာသည် ယခုနှစ် မေလအစောပိုင်းမှစ၍ နိုင်ငံရေးဖိအားအမျိုးမျိုးဖြင့် ရင်ဆိုင်ခဲ့ရပြီးနောက် ဝန်ကြီးချုပ်ရာထူးမှ နုတ်ထွက်ပေးမည် ဖြစ်ကြောင်း ပြီးခဲ့သည့်လအတွင်းက ကြေညာထားသည်။

လက်ရှိတွင် အင်ဒီဘန်းဟမ်းသည် ဝန်ကြီးချုပ်တာဝန် စတင်ရယူပြီးနောက် ဦးစားပေးဖော်ဆောင်မည့်မူဝါဒများကို ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

# အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦးသေဆုံးမှုကို တုံ့ပြန်သည့်အနေဖြင့် အီရန်စစ်ရေးပစ်မှတ်များကို အမေရိကန်တပ်မတော်တိုက်ခိုက်

ဝါရှင်တန် ဇူလိုင် ၁၉

ဂျော်ဒန်နိုင်ငံ၌ အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးခဲ့ရမှုကို လက်တုံ့ပြန်သည့်အနေဖြင့် အမေရိကန်တပ်မတော်က ယနေ့တွင် အီရန်တော်လှန်ရေး အစောင့်တပ်ကို ပစ်မှတ်ထားတိုက်ခိုက်မှုများ ပြုလုပ်ခဲ့ကြောင်း RT သတင်းဌာနက ဖော်ပြထားသည်။

ဟော်မုဇ်ရေလက်ကြား ရေကြောင်းသွားလာမှုများကို အီရန်၏ ခြိမ်းခြောက်နိုင်စွမ်း လျှော့ချရေးနှင့် ဂျော်ဒန်ရှိ အမေရိကန်စစ်စခန်း တိုက်ခိုက်ခံရမှုတို့အတွက် အီရန်တော်လှန်ရေး အစောင့်တပ် ပစ်မှတ်များကို သမ္မတဒေါ်နယ်ထရမ့်၏ ညွှန်ကြားချက်အရ တိုက်ခိုက်ခဲ့ကြောင်း အမေရိကန်တပ်မတော် အလယ်ပိုင်းစစ်ဒေသ စစ်ဌာနချုပ်က သတင်းထုတ်ပြန်ထားသည်။

အီရန် တော်လှန်ရေးအစောင့်တပ်သည် အမေရိကန်နိုင်ငံ၏ စစ်ရေးတိုက်ခိုက်မှုများကို တုံ့ပြန်သည့်အနေဖြင့် ဇူလိုင် ၁၈ ရက်တွင် ဂျော်ဒန်နိုင်ငံရှိ အမေရိကန်စစ်စခန်းတစ်ခုကို တိုက်ခိုက်ခဲ့ရာ အမေရိကန်တပ်ဖွဲ့ဝင် နှစ်ဦး သေဆုံး၍ တစ်ဦးပျောက်ဆုံးနေကြောင်း သိရသည်။

အဆိုပါတိုက်ခိုက်မှုကို တုံ့ပြန်သည့်အနေဖြင့် အီရန်ပြည်တွင်းရှိ တံတားများ၊ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေး အဆောက်အအုံများ၊ အခြားပစ်မှတ်များကို တိုက်ခိုက်ခဲ့ကြောင်း အမေရိကန် အလယ်ပိုင်းစစ်ဒေသ စစ်ဌာနချုပ်က သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

ယခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်တွင် စတင်ခဲ့သည့် အီရန်စစ်ရေးပဋိပက္ခ ကာလအတွင်း လက်ရှိအချိန်ထိ သေဆုံးခဲ့သည့် အမေရိကန်တပ်ဖွဲ့ဝင် ၃၆ ဦး ထိ ရှိလာခဲ့ပြီဖြစ်ကြောင်း သိရသည်။

Ref : RT
Trs : KKO

# ကတ်ဇီးယော့အကျဉ်းထောင်လုံခြုံရေးအတွက် မိကျောင်းများကို အစ္စရေးအစိုးရ အသုံးပြုနိုင်

ဂျေရုဆလင် ဇူလိုင် ၁၉

မိကျောင်းများကို တောရိုင်းတိရစ္ဆာန်အဖြစ်မှ မွေးမြူသားဖောက်နိုင်သော တိရစ္ဆာန်များအဖြစ် အစ္စရေး သဘာဝပတ်ဝန်းကျင်ကာကွယ်ရေးဝန်ကြီး အိုင်ဒစ်ဆီလ်မင်က ပြောင်းလဲသတ်မှတ်ခဲ့ကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အဆိုပါ စည်းမျဉ်းအပြောင်းအလဲအရ အစ္စရေးနိုင်ငံအနေဖြင့် အကျဉ်းသားများ ထွက်ပြေးလွတ်မြောက်မှုကို တားဆီးရေးအပါအဝင် လုံခြုံရေးရည်ရွယ်ချက်များအတွက် မိကျောင်းများကို အသုံးပြုနိုင်ရန် လမ်းပွင့်ခဲ့ပြီဖြစ်ကြောင်း အစ္စရေးမီဒီယာများက ဇူလိုင် ၁၈ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

ပါလက်စတိုင်းအကျဉ်းသားများကိုထိန်းသိမ်းထားသော အကျဉ်းထောင်တစ်ခု၏ ပတ်လည်တွင် မိကျောင်းများလွှတ်ထား၍ အကျဉ်းသားများ ထွက်ပြေးလွတ်မြောက်မှုကိုကာကွယ်ရန် အစ္စရေး အမျိုးသားလုံခြုံရေးဝန်ကြီး ဘင်ဂျီဗာက ပြီးခဲ့သည့် နှစ်ဒီဇင်ဘာလအတွင်းက အဆိုပြုထားသည်။

နိုင်းမိကျောင်းများကို မွေးမြူသားဖောက်နိုင်သော သတ္တဝါများအဖြစ် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနက ပြောင်းလဲသတ်မှတ်မှုကို အစ္စရေးအမျိုးသား လုံခြုံရေးဝန်ကြီး ဘင်ဂျီဗာက ကြိုဆိုခဲ့သည်။

အဆိုပါ အကျဉ်းထောင်သည် ဂါဇာအခြေစိုက် ဟားမတ်စ်အုပ်စုက ၂၀၂၃ ခုနှစ် အောက်တိုဘာ ၇ ရက်တွင် အစ္စရေးကို တိုက်ခိုက်ခဲ့ပြီးနောက် ဖမ်းဆီးရမိခဲ့သည့် ဟားမတ်စ်စစ်သွေးကြွများကို ထိန်းသိမ်းထားသော အကျဉ်းထောင် ဖြစ်ကြောင်း သိရသည်။

Ref : RT
Trs : KKO

# ယီမင်ကမ်းလွန်၌ ဆိုမာလီယာပင်လယ်ဓားပြများ ရေနံတင်သင်္ဘောတစ်စီးကို ပြန်ပေးဆွဲထား

မိုဂါဒစ်ရှူး ဇူလိုင် ၁၉

တန်ဇန်နီးယားနိုင်ငံ မှတ်ပုံတင် ရေနံတင်သင်္ဘောတစ်စီးကို ဆိုမာလီယာ ပင်လယ်ဓားပြများအဖြစ် ယူဆရသည့် လက်နက်ကိုင်များက ယီမင်နိုင်ငံကမ်းလွန်၌ ပြန်ပေးဆွဲထားကြောင်း ယနေ့သတင်းများတွင် ရေးသားတင်ပြခဲ့သည်ဟု RT သတင်းဌာနက ဖော်ပြထားသည်။

ပင်လယ်ရေကြောင်း လုံခြုံရေး သတင်းအရင်းအမြစ်များ၏ အဆိုအရ ထိုရေနံတင်သင်္ဘောကို ဆိုမာလီယာပင်လယ်ဓားပြများက ဆိုမာလီယာနိုင်ငံ အရှေ့မြောက်ပိုင်း ဘာရီဒေသ ကမ်းလွန်ရေပြင်အတွင်းသို့ ခေါ်ဆောင်သွားကြောင်း သိရသည်။

အမ်တီအက်ဆာနာ ရေနံတင်သင်္ဘောသည် ယီမင်နိုင်ငံ မုကယ်လ်လာဆိပ်ကမ်းမှ ထွက်ခွာလာခဲ့ပြီးနောက် ဇူလိုင် ၁၇ ရက်တွင် ပင်လယ်ဓားပြများ၏ ပြန်ပေးဆွဲခံခဲ့ရခြင်းဖြစ်သည်။



အမ်တီအက်ဆာနာ ရေနံတင်သင်္ဘောကို လက်နက်ကိုင်ဆိုမာလီယာပင်လယ်ဓားပြ ခုနစ်ဦးက ပြန်ပေးဆွဲသွားခြင်း ဖြစ်ကြောင်း သတင်း အရင်းအမြစ်များက ပြောကြားထားသည်။


အဆိုပါ ရေနံတင်သင်္ဘောသည် ယီမင်မှ ဆိုမာလီယာနိုင်ငံ ဘိုဆာဆိုဆိပ်ကမ်းဘက်သို့ ဦးတည်မောင်းနှင်နေစဉ် ပင်လယ်ဓားပြများ၏ ပြန်ပေးဆွဲခံခဲ့ရခြင်း ဖြစ်သည်။

အေဒင်ပင်လယ်ကွေ့နှင့် အိန္ဒိယသမုဒ္ဒရာ အနောက်ပိုင်းဒေသများ၌ ကာလအတန်ကြာ ငြိမ်သက်ခဲ့သည့် ပင်လယ်ဓားပြများသည် ပြီးခဲ့သည့် လများအတွင်း ပြန်လည် ပေါ်ပေါက်လာခဲ့ကြကြောင်း သိရသည်။

Ref : RT
Trs : KKO

# SCIENCE AND TECHNOLOGY

## အမေရိကန်စစ်ဘက် TITL ဂြိုဟ်တုကွန်ရက်အတွက် ဂြိုဟ်တုသစ် ၂၁ စင်းကို စပေ့အိတ်ကုမ္ပဏီက ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် လွှတ်တင်ခဲ့




**ဝါရှင်တန် ဇူလိုင် ၁၉**

အမေရိကန်စစ်ဘက်၏ TITL အမည်ရှိဂြိုဟ်တုကွန်ရက်အတွက် ဂြိုဟ်တုသစ် ၂၁ စင်းကို စပေ့အိတ်ကုမ္ပဏီက ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် ဇူလိုင် ၁၇ ရက်တွင် လွှတ်တင်ခဲ့ကြောင်း ဇူလိုင် ၁၈ ရက် သတင်းများအရ သိရသည်။

TITL ဂြိုဟ်တု ၂၁ စင်း သယ်ဆောင်ထားသည့် ဖယ်လ် ကွန်-၉ ဒုံးပျံကို ကယ်လီဖိုးနီးယားပြည်နယ် ဗင်ဒန်ဘာ့ဂ်အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီး မကြာမီမှာပင် ဖယ်လ်ကွန်-၉ဒုံးပျံသည် သယ်ဆောင်သွားသည့် TITL ဂြိုဟ်တု ၂၁ စင်းကို သတ်မှတ်ပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးနိုင်ခဲ့သည်။

ဖယ်လ်ကွန်-၉ ၏ ပထမအဆင့် ပင်မဒုံးယာဉ်မှာ ပစိဖိတ်သမုဒ္ဒရာအတွင်း စောင့်ဆိုင်းနေသော မောင်းသူမဲ့ ရေယာဉ်ပေါ်သို့ အောင်မြင်စွာ ပြန်လည်ဆင်းသက်နိုင်ခဲ့ကြောင်း စပေ့အိတ်ကုမ္ပဏီက သတင်းထုတ်ပြန်ထားသည်။

အမေရိကန်စစ်ဘက်သည် TITL ဂြိုဟ်တုကွန်ရက်ကိုဂြိုဟ်တုစင်းရေ ၁၂၆ စင်းဖြင့် ဖွဲ့စည်းတည်ဆောက်ရန် စီစဉ်ထားသည်။

စပေ့အိတ်ကုမ္ပဏီသည် TITL ဂြိုဟ်တုကွန်ရက်အတွက် ဂြိုဟ်တုပေါင်း ၆၃ စင်းထိ လွှတ်တင်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။


Ref : Russia Today

Trs : KKO

## ပလူတိုဂြိုဟ်သိမ်မျက်နှာပြင်ပေါ်၌ဖြစ်ပွားခဲ့သော မြေပြိုမှုများကို အမေရိကန်သိပ္ပံပညာရှင်များ ဖော်ထုတ်တွေ့ရှိထား

**ဝါရှင်တန် ဇူလိုင် ၁၉**

ပလူတိုဂြိုဟ်သိမ်မျက်နှာပြင်ပေါ်၌ ဖြစ်ပွားခဲ့သော မြေပြိုမှုများကို အမေရိကန် သိပ္ပံပညာရှင်များ ဖော်ထုတ် တွေ့ရှိထားကြောင်း ဇူလိုင် ၁၈ ရက် သတင်းများအရ သိရသည်။



ပလူတိုဂြိုဟ်သိမ်၏ မြေပြိုမှုများကို နယူးအော်ရီဇွန်အာကာသယာဉ်က ရိုက်ကူးထားသော ဓာတ်ပုံများကို စိစစ်လေ့လာပြီးနောက် ရှာဖွေတွေ့ရှိခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

နယူးအော်ရီဇွန် အာကာသယာဉ်သည် ပလူတိုဂြိုဟ်သိမ်ကို ၂၀၁၅ ခုနှစ်အတွင်း အနီးကပ်ဖြတ်ကျော်ပျံသန်းစဉ် LORRI ခေါ် စူးစမ်းလေ့လာရေး စနစ်ဖြင့် အထက်ပါ မြေပြိုမှုများကို ဓာတ်ပုံရိုက်ကူးနိုင်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

နယူးအော်ရီဇွန် အာကာသယာဉ်မှရရှိသည့် အချက်အလက်များကို လေ့လာရာတွင် ပလူတိုဂြိုဟ်သိမ်မျက်နှာပြင်ပေါ်ရှိ ကိုးဂလင်းဥက္ကာချိုင့်ဝှမ်းနှင့် ဂီကလက်ဥက္ကာချိုင့်ဝှမ်းတို့၌ မြေပြိုမှုသုံးခု တွေ့ရှိခဲ့ပြီးအခြားအမည်ပေးထားခြင်းမရှိသော ဥက္ကာချိုင့်ဝှမ်းတစ်ခုတွင် မြေပြိုမှုတစ်ခု ထပ်မံတွေ့ရှိခဲ့ရသည်။

အထက်ပါ ပလူတိုဂြိုဟ်သိမ် မြေပြိုမှုများအနက် အကြီးဆုံးမြေပြိုမှုမှာ စတုရန်းမိုင် ၅၀ အဝန်းအဝိုင်းထိရှိရာ ကမ္ဘာပေါ်ရှိ မြို့တစ်မြို့ကို ဖုံးလွှမ်းလိုက်နိုင်သော မြေပြိုမှုမျိုးဖြစ်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

အထက်ပါမြေပြိုမှုများသည် ပလူတိုဂြိုဟ်သိမ်ပေါ်၌ ဘူမိလှုပ်ရှားမှုများရှိနေမှု၏ သက်သေအထောက်အထားဖြစ်သည်ဟု သိပ္ပံပညာရှင်များက သုံးသပ်ထားကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

## နှစ်ပေါင်း ၃၀ ခန့်က ရှာဖွေတွေ့ရှိခဲ့သည့် ကမ္ဘာမြေအနီးရှိ ဂြိုဟ်သိမ်တစ်စင်းက မဟူရာကြယ်တံခွန် ခေါ် ကြယ်တံခွန်အုပ်စုဝင်ဖြစ်နေ

**ဝါရှင်တန် ဇူလိုင် ၁၉**

လွန်ခဲ့သောနှစ်ပေါင်း ၃၀ ခန့်က ရှာဖွေတွေ့ရှိခဲ့သည့် ကမ္ဘာမြေအနီးရှိ ဂြိုဟ်သိမ်တစ်စင်းသည် မဟူရာကြယ်တံခွန် (Dark Com- et) ခေါ် ကြယ်တံခွန်အုပ်စုဝင်ကြယ်တံခွန်တစ်စင်း ဖြစ်နေကြောင်း ဇူလိုင် ၁၈ ရက် သတင်းများအရ သိရသည်။

1998 SH 2 အမည်ရှိ အဆိုပါအာကာသဒြပ်ထည်ကို အမေရိကန် သိပ္ပံပညာရှင်များက ၁၉၉၈ ခုနှစ်တွင် စတင်ရှာဖွေတွေ့ရှိခဲ့ကြပြီး ဂြိုဟ်သိမ်တစ်စင်းအဖြစ် သတ်မှတ်ခဲ့ကြသည်။

သို့ရာတွင် ဟာဝိုင်ယီကျွန်းနှင့် ချီလီအခြေစိုက် ရေဒီယိုတယ်လီစကုပ်များဖြင့် ထပ်မံလေ့လာချက်အရ 1998 SH 2 ဂြိုဟ်သိမ်သည် ကြယ်တံခွန်တစ်စင်း၏ လက္ခဏာများ ပိုင်ဆိုင်ထားသည်။

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ) သိပ္ပံပညာရှင်များ၏အဆိုအရ 1998 SH 2 ၏ မျက်နှာပြင်မှတစ်ဆင့် ဓာတ်ငွေ့များ ထုတ်လွှတ်နေပြီး အလင်းအား မှေးမှိန်ဖျော့တော့သည့် အမြီးတန်းတစ်ခုလည်း ပိုင်ဆိုင်ထားကြောင်း သိရသည်။

1998 SH 2 ကြယ်တံခွန်ကို မဟာရာကြယ်တံခွန် အုပ်စုဝင်ကြယ်တံခွန်တစ်စင်းအဖြစ် နာဆာသိပ္ပံပညာရှင်များက သတ်မှတ်ထားကြောင်း သိရသည်။

မဟူရာကြယ်တံခွန်အုပ်စုဝင်ကြယ်တံခွန်များသည် အခြားကြယ်တံခွန်များကဲ့သို့ ပြမူတတ်သော်လည်း ဓာတ်ငွေ့များကို အနည်းငယ်မျှသာ ထုတ်လွှတ်နိုင်သည့် ကြယ်တံခွန်အမျိုးအစားဖြစ်ကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

# H E A L T H

## အသက်အန္တရာယ် အကြီးမားဆုံး ဘိန်းအာနိသင်ရှိ အကိုက်အခဲပျောက်ဆေးများကို သုတေသနပညာရှင်များ ဖော်ထုတ်

**လန်ဒန် ဇူလိုင် ၁၉**

သုံးစွဲမှုလွန်ကဲပါက အသက်အန္တရာယ်အကြီးမားဆုံး ဘိန်းအာနိသင်ရှိ အကိုက်အခဲပျောက်ဆေးအမျိုးအစားများကို သုတေသနပညာရှင်များက ဖော်ထုတ်ထားကြောင်း ဇူလိုင် ၁၈ ရက် သတင်းများအရ သိရသည်။

ဗြိတိန်နိုင်ငံ မန်ချက်စတာတက္ကသိုလ်မှ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ဖန်တနိုင်းဆေးများသည် အသက်ရှူလမ်းကြောင်း ဖိအားဝင်မှုပြဿနာ(Respiratory Depress) နှင့်အသက်ဆိုင်ဆုံး ဆေးဝါးဖြစ်ကြောင်း သိရသည်။

Respiratory Depression ပြဿနာသည် ဖန်တနိုင်းသုံးစွဲမှုလွန်ကဲပါက ပေါ်ထွက်လာနိုင်သည့် ပြဿနာမျိုးဖြစ်ပြီး အသက်အန္တရာယ် အလွန်ကြီးမားသည့် ပြဿနာမျိုးလည်း ဖြစ်ကြောင်း သိရသည်။

အဆိုပါပြဿနာ ပေါ်ထွက်လာခဲ့ပါက အသက်ရှူနှုန်း လွန်စွာနှေးကွေးသွားပြီး သွေးအတွင်း အောက်ဆီဂျင် ပါဝင်မှုအဆင့်ကျဆင်းလာပြီး ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ မြင့်တက်လာတတ်ကြောင်း၊ ဘိန်းအာနိသင်ရှိ အကိုက်အခဲပျောက်ဆေးများထဲတွင် ဖန်တနိုင်းအပြင် မော်ဖိန်း၊ ကိုဒင်း၊ ထရာမာဒေါလ် စသည့်ဆေးများလည်းပါဝင်ကြောင်း ဗြိတိန်သုတေသန ပညာရှင်များက ပြောကြားသည်။

Ref : Sputnik News

Trs : KKO

## နှလုံးရောဂါကြောင့် သေဆုံးမှုလေးခုတွင် တစ်ခုက UPFs များနှင့်ဆက်စပ်နေ

**အော့တဝါ ဇူလိုင် ၁၉**

နှလုံးရောဂါနှင့် ဆက်စပ်နေသော သေဆုံးမှုလေးခုတွင် တစ်ခုသည် တာရှည်ခံစေရန်အလွန်အကျွံပြုပြင်စီရင်ထားသည့် အစားအစာများ(UPFs) စားသုံးမှုတို့နှင့် ဆက်စပ်နေကြောင်း သုတေသနပညာရှင်များ၏အဆိုကိုကိုးကား၍ ဇူလိုင် ၁၈ ရက်သတင်းများတွင် ရေးသားဖော်ပြထားသည်။

ယခင်ပြုလုပ်ခဲ့သည့် သုတေသနလေ့လာချက်များတွင်လည်း တာရှည်ခံစေရန် အလွန်အကျွံပြုပြင်စီရင်ထားသည့် အစားအစာများစားသုံးမှုသည် ကျန်းမာရေးဆိုးကျိုးများနှင့် ဆက်စပ်နေကြောင်း သုတေသန ပညာရှင်များက ဖော်ပြထားသည်။

သို့ရာတွင် တာရှည်ခံစေရန် အလွန်အကျွံပြုပြင်စီရင်ထားသော အစားအစာများ (UPFs) များ၏ ကျန်းမာရေးဆိုးကျိုးသက်ရောက်မှုအတိုင်းအဆနှင့် ပတ်သက်၍ အငြင်းပွားနေကြရဆဲဖြစ်ကြောင်း သိရသည်။

သို့သော် ကနေဒါနိုင်ငံ မွန်ထရေးတက္ကသိုလ်မှ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ UPFs များသည် နှလုံးကျန်းမာရေးအပေါ် ဆိုးကျိုးသက်ရောက်မှုရှိပြီး နှလုံးရောဂါကြောင့် သေဆုံးမှု လေးခုတွင် တစ်ခုမှာ UPFs အစားအစာများနှင့် ဆက်စပ်နေကြောင်း သိရသည်။

မိမိတို့၏လေ့လာတွေ့ရှိချက်အရ နှလုံးရုတ်တရက်ဖောက်မှုနှင့်လေဖြတ်မှုကဲ့သို့ နှလုံးသွေးကြောဆိုင်ရာ ရောဂါများကြောင့် သေဆုံးမှုများအနက် ၂၃ ရာခိုင်နှုန်းနှင့် ၃၈ ရာခိုင်နှုန်းမှာ UPFs များစားသုံးမှုနှင့်ဆက်စပ်နေကြောင်း ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO






# အဒီလိုက်ဒါက WBC အမျိုးသမီးကမ္ဘာ့စူပါဖလိုင်း ဝိတ်တန်း ချန်ပီယံခါးပတ်ကို ကာကွယ်နိုင်ခဲ့

**ကယ်လီဖိုးနီးယား ဇူလိုင် ၁၉**

WBC အမျိုးသမီး ကမ္ဘာ့စူပါဖလိုင်းဝိတ်တန်း ချန်ပီယံခါးပတ်ကာကွယ်ပွဲစဉ်အဖြစ် အမေရိကန်လက်ဝှေ့မယ်များ ဖြစ်ကြသည့် လက်ရှိချန်ပီယံ အဒီလိုက်ဒါနှင့် ဗာဂျီနီးယားတို့ ဇူလိုင် ၁၈ ရက်တွင် အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် ဆန်ဘာနာဒီနိုမြို့၌ ထိုးသတ်ခဲ့ရာ အဒီလိုက်ဒါက အနိုင်ရပြီး လက်ရှိချန်ပီယံခါးပတ်ကို ကာကွယ်နိုင်ခဲ့ကြောင်း Boxing Scene သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အဒီလိုက်ဒါက ဗာဂျီနီးယားကို တစ်ဖက်သတ် ဖိအားပေးထိုးသတ်ခဲ့ပြီး ဒိုင်အမှတ်ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

အမှတ်ပေးဒိုင် သုံးဦးက အဒီလိုက်ဒါကို (၉၉-၉၁၊ ၉၆-၉၄၊ ၉၇-၉၃)ရမှတ်ဖြင့် အနိုင်ပေးခဲ့သည်။

အဒီလိုက်ဒါက "ကျွန်မအနေနဲ့ ဗာဂျီနီးယားကို ဖိအားပေးထိုးသတ်နိုင်ခဲ့ပါတယ်။ ပြင်ဆင်လာတဲ့ Game Plan အတိုင်း လုပ်ပြနိုင်ခဲ့ပါတယ်။ ဗာဂျီနီးယားအနေနဲ့ လက်ကျိုးဒဏ်ရာကြောင့် နှစ်နှစ်လောက် အနားယူပြီး ပွဲဦးထွက်အနေနဲ့ ကြိုးဝိုင်းထဲ ပြန်ဝင်လာခဲ့တာပါ။ ဒါပေမဲ့လဲ သူ့အနေနဲ့ အကောင်းဆုံး လုပ်ပြသွားနိုင်ခဲ့ပါတယ်။ ကျွန်မရဲ့ ရည်မှန်းချက်ကတော့ ခဏလောက် အနားယူပြီးရင်တော့ တခြားကမ္ဘာ့ချန်ပီယံတွေကို စိန်ခေါ်သွားပါမယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Boxing Scene**
**Trs : AZL**




# Open Championship ဂေါက်သီးရိုက်ပြိုင်ပွဲ အမှတ်ပေးဇယားကို ဆမ်ဘန်း ဦးဆောင်

**မာဆေးဆိုက်ဒ် ဇူလိုင် ၁၉**

အင်္ဂလန်နိုင်ငံ မာဆေးဆိုက်ဒ်ပြည်နယ်တွင် ကျင်းပနေသည့် Open Championship ဂေါက်သီးရိုက်ပြိုင်ပွဲ တတိယနေ့အပြီးတွင် အမေရိကန် ဂေါက်သီးရိုက်ကစားသမား ဆမ်ဘန်းက စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၁၀ ချက်လျော့ရိုက်ကာ အမှတ်ပေးဇယားကို ဦးဆောင်နေကြောင်း Golf Magic သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

နယူးဇီလန် ဂေါက်သီးရိုက်ကစားသမား ရိုင်ယန်ဖောက်၊ တောင်ကိုရီးယား ဂေါက်သီးရိုက်ကစားသမား ကင်မ်စီဝူတို့က စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ရှစ်ချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ပူးတွဲရပ်တည်နေပြီး အမေရိကန် ဂေါက်သီးရိုက်ကစားသမား ဂျာရက်၊ ဩစတြေးလျဂေါက်သီးရိုက်ကစားသမား ဟာဘက်တို့က စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ခုနစ်ချက်စီ လျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ပူးတွဲရပ်တည်နေသည်။

ဆမ်ဘန်းက "ကစားရတာ သိပ်ကို လွတ်လပ်တယ်။ စိတ်ပေါ့ပါးနေတဲ့အတွက်ကြောင့်လဲ ပွဲအပေါ်မှာ သေချာအာရုံစိုက်နိုင်ခဲ့ပါတယ်။ တတိယနေ့ရဲ့ ရိုက်ချက်တိုင်းအပေါ်မှာလဲ အားရကျေနပ်မှု ရှိပါတယ်။ နောက်ဆုံးနေ့မှာ ဘာဖြစ်လာမလဲတော့ မသိပါဘူး။ နောက်ဆုံးနေ့မှာလဲ အကောင်းဆုံး ကစားနိုင်အောင် ကြိုးစားသွားမှာပါ။ တတိယနေ့မှာ ကစားထားနိုင်တဲ့ စွမ်းဆောင်ရည်မျိုး မဟုတ်ရင်တောင် အဲ့လောက်နီးပါး ကောင်းအောင်ကစားနိုင်မယ်လို့ မျှော်လင့်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Golf Magic**
**Trs : AZL**

# ပြင်သစ်အသင်းကိုအနိုင်ရပြီး အင်္ဂလန်အသင်း ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် တတိယဆုဆွတ်ခူး

**ဝါရှင်တန် ဇူလိုင် ၁၉**

၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ တတိယလုပွဲစဉ်အဖြစ် ကစားခဲ့သည့် ပြင်သစ်အသင်းနှင့် အင်္ဂလန်အသင်းတို့ပွဲစဉ်တွင် အင်္ဂလန်အသင်းက ခြောက်ဂိုး လေးဂိုးဖြင့် အနိုင်ရပြီးနောက် တတိယဆု ဆွတ်ခူးခဲ့ကြောင်း Fotmob သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။




အဆိုပါပွဲစဉ်တွင် ပွဲစကတည်းက အင်္ဂလန်အသင်းက ကစားကွက်အသာဖြင့် ဖိအားပေး ကစားခဲ့ကာ အင်္ဂလန်အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် သုံးမိနစ်တွင် ဒီကလန်ရိုက်၊ ပွဲချိန် ၁၈ မိနစ်တွင် ကွန်ဆာ၊ ပွဲချိန် ၃၇ မိနစ်၊ ၄၅ မိနစ်၊ ၈၇ မိနစ်တို့တွင် ဆာကာ၊ ပွဲချိန် မိနစ် ၉၀ ပြည့်ပြီး အချိန်ပို ရှစ်မိနစ်တွင် ဘယ်လင်ဟမ်တို့က သွင်းယူခဲ့သည်။

ထို့ပြင် အဆိုပါပွဲစဉ်တွင် နှစ်သင်းပေါင်း သွင်းဂိုးမှာ ၁၀ ဂိုးထိ ရှိခဲ့သည့်အတွက် ကမ္ဘာ့ဖလားပြိုင်ပွဲတစ်လျှောက် တတိယနေရာလုပွဲစဉ်များတွင် သွင်းဂိုးအများဆုံးပွဲစဉ်အဖြစ်ပါ ရပ်တည်ခဲ့သည်။

အင်္ဂလန်အသင်းသည် ၁၉၆၆ ခုနှစ်က ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ချန်ပီယံဆုဖလား ဆွတ်ခူးခဲ့ပြီးနောက်ပိုင်း ၁၉၉၀ ပြည့်နှစ်နှင့် ၂၀၁၈ ခုနှစ် ပြိုင်ပွဲတို့တွင် တတိယလုပွဲတက်ရောက်နိုင်ခဲ့သော်လည်း အနိုင်မရရှိခဲ့ဘဲ လက်ရှိ ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲမှသာ တတိယဆု ဆွတ်ခူးနိုင်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

**Ref : Fotmob**
**Trs : STA**

# Fire Dragon Futsal Championship ပြိုင်ပွဲ ၁၆ သင်း ရှုံးထွက်အဆင့် ပွဲစဉ်များကို ဇူလိုင် ၂၀ ရက်နှင့် ၂၁ ရက်တို့တွင် ဆက်လက်ကျင်းပမည်

**ရန်ကုန် ဇူလိုင် ၁၉**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဖူဆယ်နှင့် သဲသောင်ပြင်ကော်မတီက ကြီးမှူးကျင်းပနေသည့် Fire Dragon Futsal Championship ပြိုင်ပွဲ အုပ်စုပွဲစဉ်များ ပြီးဆုံးခဲ့ပြီးနောက် ၁၆ သင်းရှုံးထွက်အဆင့် ပွဲစဉ်များကို ဇူလိုင် ၂၀ရက်(**ယနေ့**)နှင့် ၂၁ ရက်တို့တွင် ရန်ကုန်မြို့ MFF Futsal Stadium တွင် ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

Fire Dragon Futsal Championship ပြိုင်ပွဲ အုပ်စုပွဲစဉ်များ ပြီးဆုံးချိန်တွင် ၁၆ သင်း ရှုံးထွက်အဆင့်သို့ MIU FC အသင်း၊ YRG FC အသင်း၊ YCDC Dream Team အသင်း၊ ပစိဖိတ်ဆန်းဖားအသင်း၊ M2K FC အသင်း၊ ULAD FC အသင်း၊ TG United အသင်း၊ Galaxy FC အသင်း၊ VUC FC အသင်း၊ AC Milksteak အသင်း၊ JZ Yangon အသင်း၊ ရန်ကုန်အကယ်ဒမီအသင်း၊ MIU Youth အသင်း၊ ရွှေပြည်သာယူနိုက်တက်အသင်း၊ SGF FC အသင်း၊ KSL FC အသင်းတို့ တက်ရောက်ခဲ့ကြသည်။

Fire Dragon Futsal Championship ပြိုင်ပွဲ ၁၆ သင်းရှုံးထွက်အဆင့်ပွဲစဉ်များအဖြစ် ဇူလိုင် ၂၀ ရက်(**ယနေ့**)တွင် TG United အသင်းနှင့် KSL FC အသင်း၊ MIU Youth အသင်းနှင့် VUC FC အသင်း၊ ရန်ကုန်အကယ်ဒမီ အသင်းနှင့် ပစိဖိတ်ဆန်းဖားအသင်း၊ YRG FC အသင်းနှင့် AC Milksteak အသင်းတို့ ကစားသွားမည်ဖြစ်သည်။

အလားတူ ဇူလိုင် ၂၁ ရက်တွင် SGF FC အသင်းနှင့် ULAD FC အသင်း၊ JZ Yangon အသင်းနှင့် YCDC Dream Team အသင်း၊ MIU FC အသင်းနှင့် ရွှေပြည်သာယူနိုက်တက်အသင်းတို့ ဆက်လက် ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

**STA**

# ဘာရာဇီးအသင်းမှ ပီလီကိုကျော်ဖြတ်ပြီး ကမ္ဘာ့ဖလားပြိုင်ပွဲတစ်ခုတည်းတွင် ဂိုးဖန်တီးမှုအများဆုံးကစားသမားအဖြစ် ပြင်သစ်အသင်းမှ အိုလီဆီရပ်တည်

**ပဲရစ် ဇူလိုင် ၁၉**

ပြင်သစ်အသင်း တိုက်စစ်ကစားသမား အိုလီဆီသည် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ တတိယလုပွဲစဉ်အဖြစ်ကစားခဲ့သည့် ပြင်သစ်အသင်းနှင့် အင်္ဂလန်အသင်းတို့ ပွဲစဉ်တွင် အသင်းအတွက် ဂိုးဖန်တီးမှုနှစ်ကြိမ် ပြုလုပ်ခဲ့ပြီးနောက် ဘာရာဇီးအသင်း ကစားသမားဟောင်း ပီလီကိုကျော်ဖြတ်ကာ ကမ္ဘာ့ဖလားပြိုင်ပွဲ တစ်ခုတည်းတွင် ဂိုးဖန်တီးမှုအများဆုံး ကစားသမားအဖြစ် ရပ်တည်ခဲ့ကြောင်း 433 သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။




အဆိုပါပွဲစဉ်တွင် အိုလီဆီသည် ပွဲချိန် ၄၈ မိနစ်နှင့် ၆၆ မိနစ်တို့တွင် သွင်းယူခဲ့သည့် အသင်းဖော် အမ်ဘတ်ပီ၏ သွင်းဂိုးများကို ဂိုးဖန်တီးမှု ပြုလုပ်ခဲ့ပြီးနောက် လက်ရှိ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဂိုးဖန်တီးမှု ခုနစ်ကြိမ်ထိ ရှိလာခဲ့သည့်အတွက် ပီလီ၏ကမ္ဘာ့ဖလားပြိုင်ပွဲတစ်ခုတည်းတွင် ဂိုးဖန်တီးမှု အများဆုံး ကစားသမားအဖြစ် ရပ်တည်နေမှုကို ကျော်ဖြတ်နိုင်ခဲ့ခြင်းဖြစ်သည်။

ဘာရာဇီးအသင်း ဂန္ထဝင်ကစားသမားတစ်ဦးဖြစ်သည့် ပီလီသည် ၁၉၇၀ ပြည့်နှစ် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဘာရာဇီးအသင်းနှင့်အတူ ဂိုးဖန်တီးမှု ခြောက်ကြိမ် ပြုလုပ်ခဲ့ပြီး ကမ္ဘာ့ဖလားပြိုင်ပွဲတစ်ခုတည်းတွင် ဂိုးဖန်တီးမှုအများဆုံး ကစားသမားအဖြစ် ကာလရှည် ရပ်တည်နိုင်ခဲ့သော်လည်း လက်ရှိတွင် အိုလီဆီက တစ်ကြိမ်အသာဖြင့် ကျော်ဖြတ်ကာ ကမ္ဘာ့ဖလားပြိုင်ပွဲတစ်ခုတည်းတွင် ဂိုးဖန်တီးမှုအများဆုံး ကစားသမားအဖြစ် ရပ်တည်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

**Ref : 433**
**Trs : STA**

## မိုး Group Art Exhibition ပန်းချီပြပွဲကို ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ The Art Bridge Art Gallery၌ ပြသလျက်ရှိ




**ရန်ကုန် ဇူလိုင် ၁၉**

မိုး Group Art Exhibition ပန်းချီပြပွဲကို ဇူလိုင် ၁၈ ရက်မှ ၂၆ ရက်ထိ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်ရှိ The Art Bridge Art Gallery ၌ ပြသလျက်ရှိကြောင်း အဆိုပါ ပန်းချီပြပွဲတွင် ပါဝင်ပြသနေသည့် ပန်းချီနွယ်နီဝင်းထံမှ သိရသည်။

မိုး Group Art Exhibition ပန်းချီပြပွဲတွင် ပန်းချီ အောင်လင်း၊ အောင်ကျော်စိုး၊ အောင်နိုင်မောင်၊ အောင်သီဟ၊ အောင်သင်းဦး၊ ကိုမောင်ကျော်ဦး၊ ညီထွန်း၊ မောင်ဦး၊ ပန်းကြည်၊ Ogre ၊ Ramree တင်ရွှေ၊ Aung Wynn Htoot၊ နွယ်နီဝင်း၊ ခင်စန္ဒာဝင်း တို့၏ မတူကွဲပြားသည့် ရေဆေး၊ ဆီဆေး၊ အခရိုင်းလစ်၊ ပန်းချီ အမျိုးအစားစုံ၊ အကြောင်းအရာစုံ ပန်းချီကားချပ်များကို တွေ့မြင်ရမည်ဖြစ်ကြောင်း သိရသည်။

"The Art Bridge Art Gallery မှာ မိုးလို့အမည်ပေးထားတဲ့ Group Art Exhibition ပန်းချီပြပွဲကို ဇူလိုင် ၁၈ ရက်ကနေ ၂၆ ရက်ထိ မနက် ၁၀ နာရီကနေ ညနေ ၅ နာရီထိ ပြသပေးနေပါတယ်။ ဆေးရောင်စုံအောက်က အနုပညာလှိုင်းထန်မှုတွေ၊ ကင်းဗတ်စပေါ်က အတွေးကမ္ဘာတွေကို ကိုယ်တိုင်ကိုယ်ကျ လာရောက်ခံစားအားပေးဖို့ အနုပညာချစ်သူအားလုံးကို နွေးထွေးစွာဖိတ်ခေါ်အပ်ပါတယ်။ ပြပွဲမှာ ဆုံကြရအောင်နော်"ဟု ပန်းချီ နွယ်နီဝင်းက ပြောပြသည်။

အဆိုပါပန်းချီပြပွဲတွင် ပြသပေးမည့် ပန်းချီကားများ၏ အရွယ်အစားများမှာ (၃၆x ၂၄) လက်မ၊ (၂၄x ၂၄) လက်မ၊ (၁၈x ၂၄ ) လက်မ၊ (၁၈x၁၈) လက်မ စသည်ဖြင့် အရွယ်အစားအစုံ ပါဝင်ပြီး ဈေးနှုန်းမှာလည်း အနည်းဆုံး ငွေကျပ် ခုနစ်သိန်းမှ အများဆုံး ငွေကျပ် သိန်း ၅၀ ထိရှိကြောင်း သိရသည်။

ASH

## G.I. Joe ဇာတ်ကားကို ဒါရိုက်တာဒန်နီမက်ဘရစ် ရိုက်ကူးမည်ဖြစ်

**နယူးယောက် ဇူလိုင် ၁၉**

Paramount ကုမ္ပဏီ၏ G.I. Joe ဇာတ်ကားကို ဒါရိုက်တာ ဒန်နီမက်ဘရစ်က တာဝန်ယူ ရိုက်ကူးမည်ဖြစ်ကြောင်း ဇူလိုင် ၁၈ ရက်သတင်းများအရ သိရသည်။

G.I.Joe ဇာတ်ကားသည် Hasbro ကလေးကစားစရာကုမ္ပဏီ၏ G.I. Joe အရုပ်များကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့် ဇာတ်ကားဖြစ်ပြီး အဆိုပါ ဇာတ်ကားသစ်အတွက် ဝတ္ထုဇာတ်ညွှန်းကို ဒါရိုက်တာ ဒန်နီမက်ဘရစ်ကပင် တာဝန်ယူ ရေးသားမည်ဖြစ်သည်။

လက်ရှိတွင် G.I. Joe ဇာတ်ကား၏ ဇာတ်လမ်းဇာတ်အိမ် အသေးစိတ်ကို Paramount ကုမ္ပဏီက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

G.I. Joe ဇာတ်ကားသည် ဇာတ်ညွှန်းရေးဆရာ ဒန်နီမက်ဘရစ်အတွက် ဒါရိုက်တာအဖြစ် ရိုက်ကူးမည့်ပထမဆုံးဇာတ်ကား ဖြစ်ကြောင်း သိရသည်။

Paramount ကုမ္ပဏီသည် G.I. Joe: The Rise of Cobra ဇာတ်ကား၊ G.I. Joe:Retaliation နှင့် G.I. Joe: Snake Eyes ဇာတ်ကားများကို ရိုက်ကူးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**




## ဘိုဘိုနှင့်နတ်သမီးလေးများ တေးဂီတဖျော်ဖြေပွဲကို မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ THOR Bar ၌ ပြုလုပ်မည်

**ရန်ကုန် ဇူလိုင် ၁၉**

တေးသံရှင် ဘိုဘို၊ ချောစုခင်၊ အိုင်ရင်းဇင်မာမြင့်၊ လားဒင့်ထားရ်ရီ၊ နန်းခင်ခင်တို့၏ ဘိုဘိုနှင့် နတ်သမီးလေးများ တေးဂီတဖျော်ဖြေပွဲကို ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ THOR Bar ၌ ဇူလိုင် ၂၁ ရက်တွင် ပြုလုပ်မည်ဖြစ်ကြောင်း အဆိုပါ တေးဂီတဖျော်ဖြေပွဲတွင် ပါဝင်သီဆိုသူ တေးသံရှင် လားဒင့်ထားရ်ရီက ပြောပြ၍ သိရသည်။

ဘိုဘိုနှင့် နတ်သမီးလေးများ တေးဂီတဖျော်ဖြေပွဲတွင် တေးသံရှင်များ၏ သီဆိုဖျော်ဖြေမှုများကို Mercury IX Band တေးဂီတအဖွဲ့က အကောင်းဆုံးပံ့ပိုးတီးခတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီဘိုဘိုနှင့်နတ်သမီးလေးများ တေးဂီတဖျော်ဖြေပွဲမှာ ကိုဘိုဘိုနဲ့အတူ စုံတွဲသီချင်းတွေ သီဆိုဖို့ရှိသလို စုပေါင်းသီဆိုမဲ့ သီချင်းတွေလဲ ရွေးထားပါတယ်။ ရင်ထဲထိစေမဲ့ သံစဉ်တွေနဲ့အတူ အချစ်သီချင်း ချိုချိုလေးတွေ၊ စုံတွဲတေးသီချင်းလေးတွေ၊ အလွမ်းသီချင်းအေးအေးလေးတွေကို အပြည့်အဝခံစားစေရမဲ့ညတစ်ညအဖြစ် ဇူလိုင် ၂၁ ရက်မှာ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ THOR Bar မှာ ကျင်းပသွားမှာပဲဖြစ်ပါတယ်"ဟု တေးသံရှင် လားဒင့်ထားရ်ရီက ပြောပြသည်။




THOR Bar တွင် ပြုလုပ်မည့် ဘိုဘိုနှင့် နတ်သမီးလေးများ တေးဂီတဖျော်ဖြေပွဲကို THOR Bar ၌ ဇူလိုင် ၂၁ ရက် ညနေ ၆ နာရီတွင် စတင်ကျင်းပမည်ဖြစ်ကြောင်း တေးသံရှင် လားဒင့်ထားရ်ရီက ပြောပြ၍ သိရသည်။

ASH

## 13 Going On 30 ဇာတ်ကား၌ မင်းသမီး ဂျက်ဆီကာအယ်ဘာ ပါဝင်မည်

**နယူးယောက် ဇူလိုင် ၁၉**

Netflix ကုမ္ပဏီက ပြန်လည်ဆန်းသစ်ရိုက်ကူးမည့် 13 Going On 30 ဇာတ်ကားသစ်တွင် မင်းသမီး ဂျက်ဆီကာအယ်ဘာ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း ဇူလိုင် ၁၈ ရက် သတင်းများအရ သိရသည်။

13 Going On 30 ဇာတ်ကားတွင် မင်းသမီး ဂျက်ဆီကာအယ်ဘာသည် မင်းသား လိုဂန်လားမင်း၊ မင်းသမီး အမ်မလီဘာဒါတို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်ပြီး လက်ရှိတွင် အဆိုပါဇာတ်ကားသစ်၌ ပါဝင်သရုပ်ဆောင်ရမည့် ဇာတ်ကောင်နေရာကို Netflix ကုမ္ပဏီက လျှို့ဝှက်ထားဆဲဖြစ်သည်။

13 Going On 30 ဇာတ်ကားသည် အသက် ၃၀ အရွယ်သို့ ထူးထူးဆန်းဆန်း ရုတ်ခြည်း ရောက်ရှိသွားသည့် အသက် ၁၃ နှစ်အရွယ် မိန်းကလေးတစ်ဦး၏ အဖြစ်ကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့် ဇာတ်ကားဖြစ်သည်။

မူလ 13 Going On 30 ဇာတ်ကားကို ကိုလံဘီယာရုပ်ရှင်ကုမ္ပဏီက ၂၀၀၄ ခုနှစ်တွင် ရိုက်ကူးခဲ့ပြီး မင်းသမီး ဂျင်နီဖာဂါနာက အဓိကသရုပ်ဆောင်အဖြစ် ပါဝင်ခဲ့သည်။

Netflix ကုမ္ပဏီ၏ 13 Going On 30 ဇာတ်ကားကို ဒါရိုက်တာ ဘရက်ဟာလေက ရိုက်ကူးမည်ဖြစ်ပြီး ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ဟန်နာမာ့က ရေးသားပေးထားကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**



## ပိုလန်နိုင်ငံတွင် ကျင်းပမည့် Mister Supranational 2026 ပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြုအဖြစ် အလှမောင် သီဟထွန်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်

**ရန်ကုန် ဇူလိုင် ၁၉**

ပိုလန်နိုင်ငံတွင် ကျင်းပမည့် Mister Supranational 2026 ပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြုအဖြစ် အလှမောင် သီဟထွန်း ဝင်ရောက် ယှဉ်ပြိုင်မည်ဖြစ်ကြောင်း Mister Supranational Myanmar အလှမောင် သီဟထွန်းထံမှ သိရသည်။

အဆိုပါ Mister Supranational 2026 ပြိုင်ပွဲသည် Big 5 စာရင်းဝင်ပြိုင်ပွဲကြီးတစ်ခုဖြစ်ပြီး လာမည့် ဇူလိုင် ၃၁ ရက်မှ စတင်ကာ ဩဂုတ် ၁ ရက်ထိ ပိုလန်နိုင်ငံတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော့်အနေနဲ့ မြန်မာနိုင်ငံကိုယ်စားပြု သွားရောက်ယှဉ်ပြိုင်ရမှာမို့ ဝမ်းသာဂုဏ်ယူမိပါတယ်။ ကိုယ်တကယ် ပြိုင်ချင်တဲ့ ပြိုင်ပွဲတစ်ခုလဲဖြစ်တယ်။ စိတ်ဆန္ဒအရ ပြိုင်ချင်တဲ့ပွဲလဲဖြစ်တော့ သွားပြိုင်ခွင့်ရတာ တော်တော်ပျော်တယ်။ ရှေ့မှာလဲ International State ပေါ်မှာ သွားပြိုင်ခဲ့တဲ့ အတွေ့အကြုံတွေလဲရှိပါတယ်။ အကောင်းဆုံး ကြိုးစားယှဉ်ပြိုင်သွားမှာပါ။ ဒီပြိုင်ပွဲမှာလဲ ကိုယ့်နိုင်ငံကို အကောင်းဆုံး ချပြနိုင်မယ်လို့ ယုံကြည်ပါတယ်"ဟု Mister Supranational Myanmar အလှမောင် သီဟထွန်းက ပြောပြသည်။

ပိုလန်နိုင်ငံတွင် ကျင်းပမည့် Mister Supranational 2026 ပြိုင်ပွဲတွင် မက္ကဆီကို၊ အင်ဒိုနီးရှား၊ ဇမ်ဘီယာ၊ ဗင်နီဇွဲလား၊ ပေါ်တိုရီကို၊ စပိန်၊ တောင်ကိုရီးယား၊ ချီလီ၊ ဖိလစ်ပိုင်၊ ဒိုမီနီကန်၊ ပီရူး၊ တောင်အာဖရိက၊ ဗီယက်နမ်၊ အီကွေဒေါ စသည့်နိုင်ငံများမှ နိုင်ငံကိုယ်စားပြု အလှမောင်များ ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

ASH

# သတိပြုဖွယ် စိတ်ကြွမူးယစ်ဆေးအန္တရာယ်

ဘုန်းသန့်စင်

**မူးယစ်စေသည့် ဆေး**

စိတ်ရောကိုယ်ပါ လန်းဆန်းတက်ကြွသည့်ဘဝကို ရရှိထားသည့်လူငယ်များအနေဖြင့် လူ့ဘဝခရီးကိုဖြတ်သန်းရာတွင် ဆောင်ရန်၊ ရှောင်ရန် များစွာရှိသည်။ ကိုယ်ကျင့်တရားကဲ့သို့ မိမိနှင့် ထာဝရတည်ရှိရန် ဆောင်ထားရမည့်အရာများရှိ သကဲ့သို့ ထာဝရရှောင်ရှားရမည့် စိတ်ကိုယစ်မူးစေပြီး ဘဝကိုအမှောင်အတိကျစေသည့် မူးယစ်ဆေးများရှိသည်။ မူးယစ်ဆေးဆိုသည်မှာ ခန္ဓာကိုယ်အတွင်းသို့ တစ်နည်းနည်းဖြင့် ဝင်ရောက်သွားသည့်အချိန်တွင် စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာများကို ကမောက်ကမဖြစ်စေပြီး စိတ်ကို ထုံထိုင်း၊ မှုန်မှိုင်း၊ မူးယစ်စေသည့်ဓာတုပစ္စည်း သို့မဟုတ် သဘာဝထွက်ပစ္စည်းပင်ဖြစ်သည်။ စိတ်ကို ထင်မှတ်မထားလောက်အောင် နှိုးဆွတတ်ပြီး စွဲလမ်းမှုကို ဖြစ်စေသဖြင့် စိတ်ကြွမူးယစ်ဆေးဟု ခေါ်ဆိုရခြင်းပင်ဖြစ်သည်။

လူငယ်များသည် သဘာဝအားဖြင့် လူမှုပတ်ဝန်းကျင်တွင် တိုးတက်ဖြစ်ပေါ်နေသည့် အရာများကို လိုက်လံပြုလုပ်ခြင်း၊ စမ်းသပ်သုံးစွဲခြင်းတို့ ပြုလုပ်လေ့ရှိသည်။ စိတ်ကြွမူးယစ်ဆေးများသည် ခေတ်မီနည်းပညာများနှင့် ပေါင်းစပ်လိုက်သည့်အခါတွင် အနံ့၊ အရသာတို့က လူငယ်များကို ဆွဲဆောင်လာနိုင်သည်ထိဖြစ်လာပြီး အသုံးပြုပြီးနောက်တွင် ခဏတာစိတ်လန်းဆန်းမှုကို ရယူနိုင်သဖြင့် လူငယ်များကြားပျံ့နှံ့လာခြင်းဖြစ်သည်။ စိတ်ကြွမူးယစ်ဆေးဆိုသည်မှာ လူသားတို့၏ စိတ်နှင့်ရုပ်ပိုင်းဆိုင်ရာကို အဆိပ်အတောက်ဖြစ်စေပြီး ခဏတာ အာရုံမှားပျော်ရွှင်မှုကို ပေးစွမ်းခြင်းသာဖြစ်ပြီး ရေရှည်တွင် ဘဝတစ်ခုလုံးပျက်စီးကာ အတုအယောင်စိတ်ထွက်ပေါက်ပစ္စည်းပင်ဖြစ်သည်။ အမှန်စင်စစ် ခံစားချက်အတုအယောင်များကို ပေးစွမ်းနိုင်ကြသည့် စိတ်ကြွမူးယစ်ဆေးများသည် စိတ်ကို ထိခိုက်စေရုံသာမက ခန္ဓာကိုယ်ကျန်းမာရေးကိုပါ ထိခိုက်စေနိုင်သည်။

**စွဲလမ်းမှုဝေဒနာ**

အရာရာကို စူးစမ်းဆင်ခြင်၍ စမ်းသပ်လုပ်ဆောင်လိုသည့် လူငယ်များ၏ လက်အတွင်းသို့ ခေတ်မီဓာတုပစ္စည်းများပေါင်းစပ်၍ ပြုပြင်ထားသည့် စိတ်ကြွမူးယစ်ဆေးများ ရောက်ရှိသွားချိန်တွင် လူငယ်များ၏စိတ်တွင် စွဲလမ်းမှုများကို ဖြစ်စေသည်။ ယာဘ၊ ရာမ၊ မြင်းဆေး၊ အိုက်စ်အစရှိသည့်စိတ်ကြွမူးယစ်ဆေးများသည် အက်ဖက်တမင်းနှင့် ကဖင်းတို့ကို စနစ်တကျပေါင်းစပ်ထားပြီး လူငယ်များအကြိုက် စပျစ်သီး၊ လိမ္မော်သီး၊ ချောကလက် အစရှိသည့်အနံ့နှင့် အရသာများကို ထည့်သွင်းထားသဖြင့် လူငယ်များအတွက် အကြိုက်ဖြစ်နေသည်။ အဆိုပါ စိတ်ကြွမူးယစ်ဆေးများသည် ခန္ဓာကိုယ်အတွင်း ဝင်ရောက်သွားသည့်အခါ စိတ်ဓာတ်တက်ကြွမှုကို လိုသည်ထက်ပို၍ ဖြစ်ပေါ်စေနိုင်သဖြင့် စိတ်ဒဏ်ရာများကုစားနိုင်သည်ဆိုသည့် လွဲမှားသည့်အတွေးများဖြင့် စွဲလမ်းမှုများကို ဖြစ်ပေါ်စေသည်။

အနံ့၊ အရသာတို့က ဆွဲဆောင်သဖြင့် စမ်းသပ်သုံးစွဲမိရာ အစတွင် စိတ်ကိုလန်းဆန်းတက်ကြွစေသည့်အထိအတွေ့ကြောင့် စွဲလမ်းသွားရသည်။ စွဲလမ်းစိတ်ဖြင့် သုံးစွဲမိသည့်အခါတွင်မူ စိတ်ရော၊ ကိုယ်ပါ ထိခိုက်မှုကို ဖြစ်စေသည်။ စိတ်ကြွမူးယစ်ဆေးများသည် ဗဟိုအာရုံကြောစနစ်အတွင်းရှိ Dopamine ကဲ့သို့သော အာရုံကြောဆက်သွယ်ဓာတုပစ္စည်းများက သဘာဝကိုဆန့်ကျင်၍ အာရုံကြောစနစ်ကို ပိုမိုလှုံ့ဆော်သဖြင့် ခေတ္တခဏစိတ်ဓာတ်တက်ကြွမှုကိုဖြစ်စေသည်။ အနံ့၊ အရသာက ဆွဲဆောင်ရုံသာမက အထိအတွေ့ကလည်း တက်ကြွမှုကို ခဏတာပေးလိုက်သဖြင့် ဆေးသုံးစွဲမှုတိုးသည်ထက်တိုးကာ အအိပ်ပျက်၊ အစားပျက်၊ အလုပ်ပျက်သည်ထိ သုံးစွဲမိတတ်ကြသည်။ ထိုအခါ ဦးနှောက်နှင့် အာရုံကြောစနစ်များက ဆေး၏ဒဏ်ကြောင့် ခုခံနိုင်စွမ်းကျဆင်းသွားပြီး ရေရှည်တွင် ဦးနှောက်နှင့် ဗဟိုအာရုံကြောစနစ်တစ်ခုလုံးပျက်စီးသွားတတ်သည်။

**ဘဝပျက်သည်ထိဖြစ်နိုင်**

တိုးတက်လာသည့်နည်းပညာကို တလွဲအသုံးချ၍ ကိုယ်ကျိုးစီးပွားရှာဖွေသူများက ခေတ်မီဓာတုဆေးဝါးများကို မကောင်းသည့်နည်းဖြင့် ပေါင်းစပ်၍



ခေတ်သစ်မူးယစ်ဆေးဝါးများကို ဖန်တီးရောင်းချလာကြသည်။ ဘဝကြိုးဝိုင်းအတွင်းသို့ အားမာန်အပြည့်ဖြင့် ဝင်ရောက်လာကြသည့် လူငယ်များအတွက် ဘဝစိန်ခေါ်မှုများနှင့် အခက်အခဲများက ကြုံဆိုနေကြသည်။ ထိုအရာများကို ရင်ဆိုင်ချိန်တွင် စိတ်ပင်ပန်း၊ လူပင်ပန်းဖြစ်တတ်သည်။ စိတ်ရောကိုယ်ပါကျန်းမာရေးအတွက် ကိုယ်လက်လှုပ်ရှားအားကစားပြုလုပ်ခြင်းက အစပြု၍ စိတ်ဓာတ်ကျမှုများကို ကုစားနိုင်သည့်နည်းလမ်းများစွာရှိသည့်အနက် ခဏတာစိတ်ထွက်ပေါက်အနေဖြင့် မူးယစ်ဆေးဝါးများကို သုံးစွဲမိသည့်အခါစွဲလမ်းမှုဖြစ်လာပြီး မသုံးရမနေနိုင်ဖြစ်လာသည်။

ရေရှည်တွင် ကုန်ကျစရိတ်များရှိလာသဖြင့် ဆေးဝါးသုံးစွဲရန် မလွယ်ကူခြင်း၊ ဝယ်ယူရန် အခက်အခဲရှိနေခြင်း အစရှိသည့်တားမြစ်မှုများကို ကြုံတွေ့လာရချိန်တွင် ဆေးမသုံးရသဖြင့် အိပ်မပျော်ခြင်း၊ ခန္ဓာကိုယ်ညှိုးနွမ်းအားလျော့လာခြင်း စသည့် စိတ်ရောကိုယ်ပါ ကျန်းမာရေးထိခိုက်မှုများဖြစ်လာတတ်သည်။ စိတ်ဓာတ်ကျမှုများလည်း ဝင်လာတတ်ပြီး ပတ်ဝန်းကျင်ကို အပြစ်တင်ခြင်း၊ ပတ်ဝန်းကျင်နှင့် အလှမ်းကွာဝေးလာခြင်းတို့ဖြစ်လာသည်။ မိဘအုပ်ထိန်းသူ၊ ညီအစ်ကို မောင်နှမများကိုပင် ဆေးဖိုးမပေးပါက ရန်သူသဖွယ် ဆက်ဆံလာတတ်ပြီး လူသားတစ်ဦးအနေဖြင့် မလုပ်သင့်၊ မလုပ်ထိုက်သည်များကို ကျူးလွန်မိလာတတ်သည်။ ဆေးသုံးသည့်အချိန်ကြာလာသည်နှင့်အမျှ လူမှုဆက်ဆံရေးများလည်းပျက်စီးလာပြီး တစ်ဦးတည်းအားငယ်စိတ်များ၊ စိတ်ဓာတ်ကျမှုများ၊ စိတ်ညစ်ညူးမှုများ ဝင်လာကာ နောက်ဆုံးတွင် မိမိကိုယ်မိမိသေကြောင်းကြံစည်သည်ထိ ဖြစ်တတ်သည်။ စိတ်ထွက်ပေါက်အနေဖြင့် အသုံးပြုမိလိုက်သည့်အရာက မိမိအသက်ကိုပင် ဒုက္ခပေးနိုင်သည်ကို သတိပြုမိကြရန်လိုသည်။

စိတ်ကြွမူးယစ်ဆေးများသည် လူငယ်များအတွက် အနံ့၊ အရသာတို့ဖြင့် နူးညံ့စွာ ဆွဲဆောင်သွားသည့်အခါ လူငယ်တို့သည် မူးယစ်ဆေး၏ သားကောင်များဖြစ်မှန်းမသိ ဖြစ်သွားတတ်ကြသည်။ မူးယစ်ဆေးကို သုံးစွဲသည့်အခါ ပါးစပ်၊ နှာခေါင်းတို့မှ တစ်ဆင့် ရှူသွင်းခြင်းအပါအဝင် နည်းလမ်းပေါင်းစုံ အသုံးပြုကြသည်။ ပါးစပ်မှရှူသွင်းသည့်အခါ သွေးများတွင် မလိုအပ်သည့် ဓာတုပစ္စည်းများ ကပ်ညှိသွားပြီး သွေးများကို ပျက်စီးစေနိုင်သည်။ ဆွဲဆောင်မှုအားကောင်းသည့်အနံ့ကို မိမိ၏နှာခေါင်းအတွင်းသို့ ရှူသွင်းမှုများ များလာသည့်အခါ နှာခေါင်းအတွင်းသားများ ပျက်စီးခြင်းကို ခံစားရနိုင်သည်။ အိပ်စက်အနားယူချိန်မရှိသည့်အခါ ခန္ဓာကိုယ်အစိတ်အပိုင်းများအနက် မျက်စိကို ထိခိုက်စေနိုင်သည်။ နားနေချိန်မရှိသည့်မျက်စိတွင် မျက်စိသွေးကြောများ နီမြန်းရောင်ရမ်းလာပြီး အမြင်အာရုံကိုပါ ထိခိုက်စေနိုင်သည်။

မူးယစ်ဆေးများသည် မျက်စိ၊ နှာခေါင်း၊ သွားစသည့် ပြင်ပခန္ဓာကိုယ်အစိတ်အပိုင်းများအပြင် အဆုတ်ကိုလည်း ပျက်စီးစေသည်။ အဆုတ်ရောဂါမှသည် အသည်း၊ နှလုံး၊ ကျောက်ကပ် စသည့် ကိုယ်တွင်းအင်္ဂါအစိတ်အပိုင်းများကိုလည်း ထိခိုက်စေပြီး ရောဂါမျိုးစုံဝင်ရောက်လာနိုင်သည်။ သွေးလေလည်ပတ်မှုကိုလည်း ထိခိုက်စေပြီး သွေးတိုးခြင်း၊ လေဖြတ်ခြင်းရောဂါများကိုလည်း ခံစားရစေနိုင်သည်။ ဆေးသုံးသည့်အရှိန်ဖြင့် တစ်ညလုံးမအိပ်ဘဲ ကခုန်ပျော်ပါးနိုင်သော်လည်း နောက်တစ်နေ့တွင် ခန္ဓာကိုယ်ကြွက်သားများနာကျင်ခြင်း၊ ကိုယ်ခံအားကျဆင်းခြင်းတို့ကို ခံစားရနိုင်သည်။ ရောဂါမျိုးစုံဖြင့် နှိပ်စက်သည့်ဒဏ်ကြောင့်ဆေးစွဲသူများသည် အရွယ်မတိုင်မီ သေဆုံးရတတ်သည်။

**ဘက်ပေါင်းစုံ ထိခိုက်**

မူးယစ်ဆေး၏ သားကောင်ဘဝရောက်သွားကြသူများကို လူမှုပတ်ဝန်းကျင်က လက်သင့်ခံရန် မလွယ်ကူလှပေ။ စိတ်ခံစားချက်များက ပုံမှန်မဟုတ်ဘဲ ဆေးမသုံးရလျှင် မိဘအုပ်ထိန်းသူများကိုပင် ရန်ရှာတတ်သဖြင့် ပတ်ဝန်းကျင်က ဖယ်ကျဉ်လာကြသည်။ မူးယစ်ဆေးဝါးသုံးစွဲနေချိန်တွင် ငွေကြေးကုန်ကျစရိတ်ရှိနေသကဲ့သို့ ဆေးစွဲ၍ကျန်းမာရေးထိခိုက်သွားသည့်အခါ စီးပွားရေးထိခိုက်ကာ ဝင်ငွေမရှိသောဘဝသို့ ဆိုက်ရောက်သွားမည်ဖြစ်သည်။ မူးယစ်ဆေးစွဲ၍ ကျန်းမာရေးထိခိုက်သူဖြစ်သဖြင့် လူမှုပတ်ဝန်းကျင်တွင် ပြန်လည်ဝင်ဆံ့ရန် ကြိုးစားရသည်ကလည်း လွယ်ကူလိမ့်မည်မဟုတ်ပေ။ ဆေးသုံးရန် ငွေမရှိသည့်အခါ ကြံမိကြံရာ ကြံစည်ပြီးလျှင် ခိုးဝှက်ခြင်း၊ လုယက်ခြင်းတို့ကိုပင် မရှက်မကြောက်ပြုလုပ်မိတတ်ကြသည်။ လူတစ်ယောက်၏လူသားတန်ဖိုးနှင့် ဂုဏ်သိက္ခာကို ဖျက်ဆီးပစ်တတ်သည်မှာ မူးယစ်ဆေးဝါး၏ ကြောက်မက်ဖွယ်အန္တရာယ်ဖြစ်သဖြင့် ဆေးစွဲသူတစ်ဦးသည် လူမှုပတ်ဝန်းကျင်တွင် အမည်ကောင်းရရန်၊ လူတို့၏ ချစ်ခင်လေးစားတန်ဖိုးထားမှုကို ရယူရန် မလွယ်ကူလှပေ။

စိတ်ကြွမူးယစ်ဆေးဝါးများဆိုသည်မှာ လူမှုပတ်ဝန်းကျင်တွင်တရားဝင်အသုံးပြုရန် ခွင့်ပြုထားသော အရာများမဟုတ်ပေ။ လူမှုပတ်ဝန်းကျင်က လက်ခံခွင့်ပြုခြင်းမရှိသကဲ့သို့ ဥပဒေအရလည်း အရေးယူခံရနိုင်သည့်ပြစ်မှုမြောက်သော အရာများဖြစ်သဖြင့် ခိုးကြောင်ခိုးဝှက်သုံးစွဲရသည်။ အကြောင်းအမျိုးမျိုးကြောင့် ဖမ်းဆီးခံရမည်ဆိုပါက ပြစ်ဒဏ်ကလည်းကြီးလှသဖြင့် လူငယ်များသည် မူးယစ်ဆေးများ၏သားကောင်များမဖြစ်အောင် ကြိုးစားရမည်ဖြစ်သည်။ ထိုသို့မဟုတ်ပါက ကျန်းမာရေးထိခိုက်၊ စီးပွားရေးပျက်၊ ဖြစ်နေသည့်အချိန်တွင် အရေးယူခံရမည်ဆိုပါကလည်း ငယ်ရွယ်သည့် ဘဝလက်ကျန်အချိန်များကို သံတိုင်များနောက်ကွယ်တွင် အမည်ဆိုးဖြင့် မြှုပ်နှံသွားရမည်ကို သတိပြုမိကြရန်လိုသည်။

**ကြိုးစားရှောင်**

လူငယ်များ၏ လန်းဆန်းတက်ကြွသော အရွယ်တွင် လျှောက်လှမ်းနေသော ဘဝခရီးလမ်းတစ်လျှောက်မူးယစ်ဆေးများသည် ခလုတ်တံသင်းများပင်ဖြစ်သည်။ မူးယစ်ဆေးဝါးများကို လူငယ်များစူးစမ်းဆင်ခြင်သည့် သဘောမှအစပြုကြခြင်းဖြစ်သည်။ လူငယ်များအနေဖြင့် အားလပ်သော အချိန်များတွင် "စာဖတ်ခြင်း၊ ကိုယ်လက်လှုပ်ရှားအားကစားပြုလုပ်ခြင်း" စသည့်အပြုအမူများကို ပြုလုပ်ကာ တန်ဖိုးရှိသောအချိန်များကို ကုန်ဆုံးရန်လိုသည်။ စာဖတ်ခြင်းဖြင့် မူးယစ်ဆေးဝါးများ၏ ဆိုးကျိုးသက်ရောက်မှုများကို သိရှိပြီး ရှောင်ရှားနိုင်မည်ဖြစ်သည်။ ကိုယ်လက်လှုပ်ရှား အားကစားပြုလုပ်ခြင်းဖြင့် ကိုယ်ရောစိတ်ပါလန်းဆန်းတက်ကြွမှုများကို ခံစားရရှိနိုင်မည်ဖြစ်သည်။ ကိုယ်ရောစိတ်ပါကျန်းမာကြံ့ခိုင်မှုကို ဖန်တီးထားသူများအဖို့ မူးယစ်ဆေးဝါး၏ဆွဲဆောင်မှုများကို ရှောင်ရှားနိုင်မည်ဖြစ်သည်။ မိမိကိုယ်ကိုတန်ဖိုးထားသည့် စိတ်ကိုမွေးမြူပြီး အပေါင်းအသင်းမှားယွင်းမှုမရှိအောင် မိတ်ကောင်းဆွေကောင်းကိုသာ ရွေးချယ်ပေါင်းသင်းတတ်ရန်လိုသည်။

အသစ်အဆန်းတို့ကို စမ်းသပ်သုံးစွဲလိုကြသည့် လူငယ်များအတွက် အသစ်၊ အသစ်သော မူးယစ်ဆေးများက ဆွဲဆောင်နေဦးမည်သာဖြစ်သည်။ ဘယ်သူသေသေငတေမာရင် ပြီးရောဆိုသည့် စိတ်ဓာတ်ရှိကြသူများကလည်း ခေတ်နှင့်အညီ တိုးတက်မှုကို တလွဲအသုံးချကာ လူငယ်များကို ဆွဲဆောင်နေကြမည်ဖြစ်သည်။ လူငယ်များသည် အသိတရားကိုလက်နက်ပြု၍ မူးယစ်ဆေးဟူသော အမှောင်ထုကို ရဲရဲဝံ့ဝံ့ တွန်းလှန်ကာ မိမိတို့၏ တောက်ပသော အနာဂတ်များကို ကိုယ်တိုင်ပုံဖော် ထုဆစ်ကြရမည်ဖြစ်သည်။ လူငယ်များအနေဖြင့် ခဏတာအတုအယောင်အပျော်များနောက်သို့ မလိုက်ဘဲ မိမိတို့၏ အနာဂတ်ပန်းတိုင်ကိုသာ လျှောက်လှမ်းခြင်းဖြင့် စိတ်ကို ထုံထိုင်း၊ မှုန်မှိုင်းမူးယစ်စေသည့် စိတ်ကြွမူးယစ်ဆေးများရှောင်ရှားကာ အောင်မြင်ပျော်ရွှင်သောဘဝများကို ရယူပိုင်ဆိုင်နိုင်ကြပါစေကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

**ကိုးကား**

**– ကျန်းမာရေးဝန်ကြီးဌာနထုတ်ပြန်ချက်များ၊**

**– https://www.moh.gov.mm/?p=3622**

# စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၅၉၄၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**စစ်ကိုင်း ဇူလိုင် ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက် ပျိုးရာသီ၌ မြေပဲ ၅၉၄၅ ဧကထိ စိုက်ပျိုးပြီး စီးပြီဖြစ်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းမြို့နယ်တွင် မိုးသီးနှံ စိုက်ပျိုးရာသီ၌ မြေပဲဧက ၉၁၆၀ စိုက်ပျိုးရန်လျာထားပြီး မေလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ တွင် ၅၉၄၅ ဧကထိ စိုက်ပျိုးပြီးစီး ပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ စစ်ကိုင်းမြို့နယ်မှာ မြေပဲဧက ၉၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထား ပါတယ်။ ဒီနေ့မှာ ဧက ၅၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါ တယ်။ လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက် ပေးနေပါတယ်။ ဆီထွက်သီးနှံ အနေနဲ့ကတော့ အောင်မြင်တဲ့ အနေအထားမှာရှိပါတယ်။ မြေပဲ စိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက် တစ်နှစ် တိုးတက်လာပါတယ်"ဟု စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြသည်။

စစ်ကိုင်းမြို့နယ်တွင် မြေပဲ စိုက်တောင်သူများကို မြို့နယ်စိုက် ပျိုးရေးဦးစီးဌာနက မျိုးကောင်း မျိုးသန့် ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှား အန္တရာယ်ကင်းရှင်းရေး၊ ဓာတ်မြေ သြဇာစနစ်တကျ သုံးစွဲရေး၊ အထွက်နှုန်း ကောင်းမွန်ရေး တို့အတွက် အသိပညာပေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိ ကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းတိုး တက်အောင် စိုက်ပျိုးနိုင်မည် ဆိုပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက် လာမည်ဖြစ်သောကြောင့် မြေပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်း သင့်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ် ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြ၍ သိရသည်။ (၂၀၆)

# ဟသ်ာတမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ကွမ်းသီးနုပိသာချိန် အများအပြားတင်ပို့ရောင်းချနိုင်ခဲ့

**ဟသ်ာတ ဇူလိုင် ၁၉**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နယ်မှ ရန်ကုန် ဈေးကွက်သို့ ဇွန်လအတွင်း ကွမ်းသီးနုပိသာချိန် အများအပြား တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း ဟသ်ာတမြို့နယ် ကွမ်းသီးရောင်း ဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သူဇာဝင်း က ပြောပြသည်။

ဟသ်ာတမြို့နယ်မှ ရန်ကုန် ဈေးကွက်သို့ မေလ အတွင်းက ကွမ်းသီးနုပိသာချိန် ၆၀၀၀၀ သာတင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇွန်လ အတွင်း ကွမ်းသီးနုပိသာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ ကြောင်း သိရသည်။

"ဟသ်ာတမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို မေလထဲမှာ ကွမ်းသီးနုပိသာချိန် အများ အပြားတင်ပို့ရောင်းချခဲ့ရပါတယ်။ ကွမ်းသီးနုတွေ ရန်ကုန်ဈေးကွက် က ဝယ်ယူမှုများလာလို့ အရောင်း အဝယ် ကောင်းခဲ့တာဖြစ်ပါတယ်။ လက်ရှိ ကွမ်းသီးနုတစ်ပိသာကို ငွေကျပ် ၁၂၅၀၀ ထိ ပေါက်ဈေးရှိ ပါတယ်။ ဟသ်ာတမြို့နယ်ကနေ ထွက်ရှိတဲ့ ကွမ်းသီးနုတွေကို ရန်ကုန်ဈေးကွက်အပြင် အခြား ဒေသတွေကိုပါ တင်ပို့ရောင်းချနေ ပါတယ်"ဟု ဟသ်ာတမြို့နယ် ကွမ်းသီးရောင်းဝယ်ရေး ပွဲရုံပိုင် ရှင် ဒေါ်သူဇာဝင်းက ပြောပြသည်။



ဟသ်ာတမြို့နယ်မှ ထွက်ရှိ သည့် ကွမ်းသီးနုများ အရောင်း အဝယ် ကောင်းမွန်လာခြင်း ကြောင့် ကွမ်းသီးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များ၊ ကုန်သည်များ၊ ကွမ်းသီးပင်စိုက်သူများ၊ ကုန်တင် ကုန်ချလုပ်သားများ၊ ကုန်တင် ယာဉ်အငှားလိုက်သူများ အလုပ် အကိုင်အခွင့်အလမ်းများ အဆင် ပြေလျက်ရှိကြောင်း ဟသ်ာတ မြို့နယ် ကွမ်းသီးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သူဇာဝင်းက ပြောပြ၍ သိရသည်။

ကျော်ကျော်လင်း

# တန့်ယန်းမြို့နယ် ပိန်းနင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**တန့်ယန်း ဇူလိုင် ၁၉**

ရှမ်းပြည်နယ် (မြောက်ပိုင်း) တန့်ယန်းခရိုင် တန့်ယန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာနက ပိန်းနင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံ ငွေ ထုတ်ချေးပေးခြင်းကို ဇူလိုင် ၁၈ ရက် နံနက်ပိုင်းက အဆိုပါ ကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ ကြောင်း သိရသည်။

ရှေးဦးစွာ တန့်ယန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မေ နွယ်ထွန်းက ပိန်းနင်ကျေးရွာ၌ ကျေးလက်နေပြည်သူများ ဝင်ငွေ တိုးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင် နိုင်ရန်နှင့် တိုးပွားလာသော ရန်ပုံ ငွေများဖြင့် ကျေးရွာတွင်းဖွံ့ဖြိုး ရေးလုပ်ငန်းများကို အကောင် အထည်ဖော် ဆောင်ရွက်နိုင်ရန် စသည့် ရည်ရွယ်ချက်များဖြင့် မြစိမ်းရောင်ကျေးရွာ စီမံကိန်း ရန်ပုံငွေများ ထုတ်ချေးပေးရခြင်း ဖြစ်ကြောင်း ရှင်းလင်းပြော ကြားခဲ့သည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံ နှင့်ဝန်ထမ်းများ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်း ဥပဒေပါ အကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ် ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ် မှတ်ချက်များကို ရှင်းလင်းပြော ကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်း ရောင်ကျေးရွာစီမံကိန်း လုပ်ငန်း အဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၄၉၈ သိန်း လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် တန့်ယန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာန၏ ကွင်းဆင်းကြီး ကြပ်မှုဖြင့် ကျေးရွာမြစိမ်းရောင် ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ ဝင်များက ပိန်းနင်ကျေးရွာရှိ စိုက် ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၉ ဦး၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၁၇ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၃၆ ဦးကို စီမံကိန်းရန်ပုံငွေကျပ် ၄၉၈ သိန်း အတိုးနှုန်းသက်သာစွာဖြင့် ထုတ် ချေးပေးခဲ့ကြောင်း သိရသည်။

အေးမြတ်


## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



နိုင်ငံတော်မီဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


# မင်းလှမြို့နယ် ပေါက်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး



**မင်းလှ ဇူလိုင် ၁၉**

ပဲခူးတိုင်းဒေသကြီး သာယာ ဝတီခရိုင် မင်းလှမြို့နယ်ကျေး လက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ပေါက်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံ ငွေဖြင့် မိသားစုဝင်ငွေတိုးလုပ်ငန်း များ ဆောင်ရွက်ထားရှိမှု အခြေ အနေများကို ဇူလိုင် ၁၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာ တွင် မင်းလှမြို့နယ် ကျေးလက် ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းမြင့်ထွန်းနှင့် ဝန်ထမ်းများက ပေါက်ကုန်း ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေဖြင့် မိသားစု ဝင်ငွေတိုး လုပ်ငန်းများဖြစ်သော စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေး လုပ်ငန်း၊ စက်ချုပ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေ များကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူး နှင့်ဝန်ထမ်းများက စီမံကိန်း ဆိုင်ရာ လအလိုက်ဖြည့်သွင်းရ မည့် ငွေစာရင်းဇယားပုံစံများပြည့် စုံမှန်ကန်မှု ရှိ၊ မရှိအခြေအနေများ ကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ် ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများနှင့် ပတ်သတ် ၍ လိုအပ်သည်များ မှာကြားခဲ့ ကြောင်း သိရသည်။

အဆိုပါ ပေါက်ကုန်းကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၂၁၈ ဦးကို ငွေကျပ် ၇၅ ဒသမ ၆ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင် သူသုံးဦးကို ငွေကျပ် ၀ ဒသမ ၈၄ သန်း၊ စက်ချုပ်လုပ်ငန်း လုပ်ကိုင် သူနှစ်ဦးကို ငွေကျပ် ၀ ဒသမ ၃၆ သန်း၊ စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၂၃ ဦးကို စီမံကိန်း ရန်ပုံငွေကျပ် ၇၆ ဒသမ ၈ သန်း ထုတ်ချေးထားပြီး စီမံကိန်း လုပ်ငန်းများ အောင်မြင်စွာ လည်ပတ် ဆောင်ရွက်လျက်ရှိ ကြောင်း မင်းလှမြို့နယ် ကျေးလက် ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းမြင့်ထွန်း ထံမှ သိရသည်။

အေးမြတ်


ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ် စီးဆင်းမှုကိုအားကောင်းစေပြီး အသက် ရှူလမ်းကြောင်းအတွင်း ရောဂါပိုး များဝင်ရောက်ခြင်းကို တိုက်ထုတ် ပေးသည်။



# President of the Republic of the Union of Myanmar U Min Aung Hlaing attends 79th Anniversary Martyrs' Day ceremony and pays tribute to the Martyrs





President U Min Aung Hlaing pays tribute to late General Aung San and martyrs.

**Nay Pyi Taw July 19**

The 79th Anniversary Martyrs' Day for 2026 was observed at the Martyrs' Mausoleum in Bahan Township, Yangon this morning. President of the Republic of the Union of Myanmar U Min Aung Hlaing attended the ceremony and paid tribute to the Martyrs.

Also present were Speaker of Pyithu Hluttaw U Khin Yi, Speaker of Amyotha Hluttaw U Aung Lin Dway, Union Chief Justice U Tha Htay, Commander-in-Chief of Defence Services General Ye Win Oo, Chairman of the Central Committee to hold 79th Anniversary Martyrs' Day for 2026 Union Minister for Hotel and Tourism and Culture U Maung Myint, Union Ministers Dr. Chaw Chaw Sein, U Htein Lin, U Ko Ko Lwin, U Khin Maung Soe, Yangon Region Chief Minister U Aung Naing Thu, senior military officers from the Office of the Commander-in-Chief, the Yangon Command commander, deputy ministers, officials, members of the work committees and subcommittees to hold the Martyrs' Day, departmental personnel, families of martyrs and invited guests.

First, the President cordially greeted the family members of martyrs and guests.

President U Min Aung Hlaing laid the wreath of the Republic of the Union of Myanmar at the mausoleum and paid tribute to late General Aung San and martyrs together with Speaker U Khin Yi, Speaker U Aung Lin Dway, Chief Justice U Tha Htay, General Ye Win Oo, and Union Minister U Maung Myint.

Meanwhile, the State Flag was lowered to half-mast. The guard of Honour presented arms and military band played the last post. A two-minute silence was also observed and metta was dispensed.



President U Min Aung Hlaing lays a wreath at the Martyrs' Mausoleum.

Families of martyrs and representatives then laid wreaths, paid tribute and dispensed metta.

Representatives from Yangon Region government, political parties, heads of foreign missions to Myanmar and Charges d' Affaires of foreign embassies laid wreaths and paid tribute to General Aung San and Martyrs.

Afterward, social organizations including Myanmar Scout Federation, Myanmar Baptist Convention, Myanmar Poe Kakyin Baptist Convention, *See Page 13*



Family members of General Aung San lay a wreath.



Family members of Mahn Ba Khaing lay a wreath.



President U Min Aung Hlaing greets family members of General Aung San.



President U Min Aung Hlaing greets family members of U Ohn Maung.



President U Min Aung Hlaing greets a family member of Deedok U Ba Cho.



President U Min Aung Hlaing greets family members of Mahn Ba Khaing.



A foreign diplomat lays a wreath.



A foreign diplomat lays a wreath.

*From Page 12*

Asho Chin Baptist Conference, Myanmar Publishers and Booksellers Association, Myanmar Press Council, Young Men's Christian Association, Myanmar Medical Association, Young Men's Buddhist Association, Myanmar Women's Affairs Federation, Myanmar Red Cross Society, Myanmar Maternal Child Welfare Association, Myanmar War Veterans Organization, All Myanmar Hindu Central Council, Myanmar National Committee for Women's Affairs, Myanmar Architect Council, Lay Kyun Thu Foundation, Development Promotion Association, Myanmar Journalist Association, Myanmar Thabin Association (Central), Myanmar Women Entrepreneurs Association, Myanmar Engineer Council, Myanmar Writers Association, Myanmar Music Association, Myanmar Motion Picture Association, Full Gospel Assembly Church, Republic of the Union of Myanmar Islamic Religious Affairs Council, Sanatan Dharma Palaka (Hindu) Organization, Myanmar Arts and Crafts Association, Myanmar Muslim National Affairs Organization, Myanmar Muslim Youth Organization Myanmar Muslim Religious Scholars Organization, Myanmar Consumers Union, Catholic Bishops' Conference of Myanmar, Union of Myanmar Interfaith Dialogue Organization (Central), Myanmar-India International Business Federation, Noble Heart Rescue,

*See Page 14*

# For the country to develop, all the people need to unite, work with all their strength, have discipline, and understand the law, says President U Min Aung Hlaing




**President U Min Aung Hlaing responds to media questions.**

**Yangon July 19**

At the 2026 79th Martyrs' Day ceremony held today, President U Min Aung Hlaing attended and paid tribute, solemnly honouring the martyr leaders.

After the ceremony, President U Min Aung Hlaing answered media questions regarding his attendance at today's Martyrs' Day ceremony and matters concerning the country's development and ethnic unity in the present period, as follows:

As a government elected through democratic means and as a national leader, we must solemnly honour and recognize the martyr leaders. That is why I came to attend the highest-level Martyrs' Day ceremony held for the martyr leaders. Other leaders also came with me.

I came united together with everyone to pay tribute to the nation's martyr leaders.

We must always study and cherish how the national leaders, including the martyr leaders led by General Aung San, envisioned and built the country, and how they built a united nation.

After gaining independence, everyone needs to be united to become a united nation. Unity alone is not enough; we must work for the country. Discipline is also needed. It is true that there are disciplinary shortcomings in the country. If we work in a disciplined, united manner, and if we work with all our strength, there is no reason the country cannot develop and progress. There is no reason we cannot become a nation that stands shoulder to shoulder with the world. All Myanmar citizens have strength. Let me say that we only need to utilize our own strength and energy.

Ethnic unity is a very important point. Before losing independence, all ethnic groups lived together in unity. After losing independence, ethnic unity was broken down by various divisive acts. Even after regaining independence, ethnic unity was damaged by various divisive acts. We need to rebuild a united Union. If we cannot build it, conflicts will continue. Therefore, unity is very important.

To be united, we need to understand discipline, we need to understand the law. Then, we will work to acquire knowledge and skills, and we will integrate and do this. Therefore, it is extremely important.

For the country to develop, I want to say that all the people in the country need to unite.

MNA



**A foreign diplomat lays a wreath.**



**Representatives from a social organization lay a wreath.**



**Representatives from a political party lay a wreath.**



**Members of the public pay tribute at the Martyrs' Mausoleum.**

*From Page 13*

Muslim Ulama Organization laid wreath and paid tribute.

Later, attendees including monks, students, local populace in procession paid tribute to the martyrs in memory of the gratitude they owed to them.

On this day, Union Flags were flown at half-mast in the entire country and MRTV and Myawady TV played siren sounds at 10.37 am, the time when martyrs were assassinated.

People also visited Bogyoke Museum and the Secretariat today. MNA

# Vice President Daw Nan Ni Ni Aye returns to Yangon from China



**Nay Pyi Taw July 19**

Vice President Daw Nan Ni Ni Aye and the Myanmar delegation returned to Yangon on the morning of July 19 after attending the 5th China Xizang Trans-Himalaya Forum for International Cooperation in Nyingchi (Linzhi), Xizang Autonomous Region of the People's Republic of China.

The delegation departed Nyingchi by air on the morning of July 18 and was seen off at Linzhi Airport by Mr. Zhao Peng, Vice Chairman of the People's Government of the Xizang Autonomous Region, and other officials.

Upon their arrival at Yangon International Airport, the Vice President and the delegation were welcomed by Yangon Region Chief Minister U Aung Naing Thu, Yangon Region ministers, the Yangon Region Advocate General, Chinese Ambassador to Myanmar Ms. Ma Jia, and other officials.

MNA

**Vice President Daw Nan Ni Ni Aye and the Myanmar delegation are welcomed by officials upon their arrival at Yangon International Airport following their return from China.**

# With systematic detonation of another 12-storey building used in online scams/gambling in Shwe Kokko area, a total of 75 illegal residential buildings demolished

**Being prepared for demolition using explosives.**





**An illegal 12-storey building used for online scam and gambling operations in Shwe Kokko area, Myawaddy District, Kayin State.**

**Nay Pyi Taw July 19**

Illegal buildings in Shwe Kokko and KK Park in Myawaddy Township in Kayin State used as bases for online scams/gambling are being permanently demolished and paraphernalia used in them is being systematically destroyed by interdepartmental teams and another 12-storey illegal building in Shwe Kokko was systematically detonated today.


Out of 77 buildings used in online scams/gambling in Shwe Kokko area, 57 and 20 were respectively designated to be demolished by machinery and to be detonated based on their types and demolition tasks are systematically being carried out. Today, another 12-storey building out of 20 to be detonated was systematically levelled.

The interdepartmental teams have so far systematically demolished a total of 75 illegal buildings used in committing online scams/gambling and the remaining two illegal buildings will be knocked down systematically.

100

**After demolition.**





**An illegal 12-storey building used for online scam and gambling operations in Shwe Kokko area, Myawaddy District, Kayin State.**


# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.













ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အာဇာနည်ခေါင်းဆောင်ကြီးများ၏ မိသားစုဝင်များကို ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်စဉ်။



ဗိုလ်ချုပ်အောင်ဆန်း၏ဂူဗိမာန်၌ ဗိုလ်ချုပ်အောင်ဆန်း၏အစ်ကို ဦးအောင်သန်း၏မြေး ဦးရဲအောင်သန်း လွမ်းသူ့ပန်းခွေချ ဂါရဝပြုစဉ်။



သခင်မြ၏ဂူဗိမာန်၌ မိသားစုဝင်များက လွမ်းသူ့ပန်းခွေချ ဂါရဝပြုစဉ်။



ဒီးဒုတ်ဦးဘချို၏ဂူဗိမာန်၌ မိသားစုဝင်များက လွမ်းသူ့ပန်းခွေချ ဂါရဝပြုစဉ်။



ဦးဘဝင်း၏ဂူဗိမာန်၌ ဦးဘဝင်း၏မိသားစုဝင်များကိုယ်စား အာဇာနည်နေ့အခမ်းအနား ကျင်းပရေးကော်မတီမှ ကိုယ်စားလှယ်တစ်ဦးက လွမ်းသူ့ပန်းခွေချ ဂါရဝပြုစဉ်။

**ရှေ့ဖုံးမှအဆက်**

ဦးထိန်လင်း၊ ဦးကိုကိုလွင်၊ ဦးခင်မောင်စိုး၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူ၊ကာကွယ်ရေးဦးစီးချုပ်ရုံးမှအဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ အခမ်းအနားကျင်းပရေး လုပ်ငန်းကော်မတီဝင်များ၊ဆပ်ကော်မတီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အာဇာနည်ခေါင်းဆောင်ကြီးများ၏ မိသားစုဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်သမ္မတသည် အာဇာနည်ခေါင်းဆောင်ကြီးများ၏ မိသားစုဝင်များနှင့် ဖိတ်ကြားထားသူများကို ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်သည်။ ထို့နောက် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဋ္ဌေး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ၇၉ နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ ဟိုတယ်၊ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့် တို့နှင့်အတူ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဂူဗိမာန်၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွမ်းသူ့ပန်းခွေကိုချ၍ အလေးပြုကြသည်။

ထိုအချိန်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံကို ဝမ်းနည်းခြင်း

အထိမ်းအမှတ်အဖြစ် တိုင်ဝက်သို့လျှော့ချ လွှင့်ထူ၍ ဂုဏ်ပြုတပ်ဖွဲ့ဝင်များက သေနတ်မြှောက်၍လည်းကောင်း၊ စစ်ခရာအဖွဲ့က ကျဆုံးရဲဘော်အလေးပြုခရာမှုတ်၍လည်းကောင်း အလေးပြုကြပြီး နှစ်မိနစ်ငြိမ်သက်စွာ မေတ္တာပို့သအမျှပေးဝေကြသည်။

ယင်းနောက် အာဇာနည်ခေါင်းဆောင်ကြီးများ၏ မိသားစုဝင်များ၊ ကိုယ်စားလှယ်များက အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချဂါရဝပြုကြပြီး မေတ္တာပို့သအမျှပေးဝေကြသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံရုံးအကြီးအကဲများနှင့် သံရုံးယာယီတာဝန်ခံများက ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ အထိမ်းအမှတ်ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချ အလေးပြုကြသည်။

ထို့နောက် မြန်မာနိုင်ငံကင်းထောက်အဖွဲ့ချုပ်၊ မြန်မာနိုင်ငံနှစ်ခြင်းခရစ်ယာန်အသင်းချုပ်၊ မြန်မာနိုင်ငံပိုးကရင်နှစ်ခြင်းခရစ်ယာန်အသင်းချုပ်၊ အရှိုနှစ်ခြင်းခရစ်ယာန်အသင်းချုပ်၊ မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်း၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ၊ ခရစ်ယာန်ကလျာဏယုဝအသင်း၊ မြန်မာနိုင်ငံဆရာဝန်များအသင်း၊ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့၊ မြန်မာနိုင်ငံဟိန္ဒူအဖွဲ့ချုပ်၊ မြန်မာနိုင်ငံလုံးဆိုင်ရာအမျိုးသမီးကော်မတီ၊ မြန်မာနိုင်ငံ

စာမျက်နှာ ၁၈ သို့



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၇၉ နှစ်မြောက် အာဇာနည်နေ့အခမ်းအနားတွင် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ဂူဗိမာန်၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ လွမ်းသူ့ပန်းခွေချစဉ်။



မန်းဘခိုင်၏ဂူဗိမာန်၌ မိသားစုဝင်များက လွမ်းသူ့ပန်းခွေချ ဂါရဝပြုစဉ်။



မိုင်းပွန်စော်ဘွားကြီး စဝ်စံထွန်း၏ဂူဗိမာန်၌ မိသားစုဝင်များက လွမ်းသူ့ပန်းခွေချ ဂါရဝပြုစဉ်။



ဦးရာဇတ်၏ဂူဗိမာန်၌ မိသားစုဝင်များက လွမ်းသူ့ပန်းခွေချ ဂါရဝပြုစဉ်။



ဦးအုန်းမောင်၏ဂူဗိမာန်၌ မိသားစုဝင်များက လွမ်းသူ့ပန်းခွေချ ဂါရဝပြုစဉ်။



ရဲဘော်ကိုထွေး၏ဂူဗိမာန်၌ မိသားစုဝင်များက လွမ်းသူ့ပန်းခွေချ ဂါရဝပြုစဉ်။

❖ ကမ္ဘာ့ဖလားပြိုင်ပွဲမှ

တစ်ကြိမ်မျှမရရှိသည်ထိ ရှုန်းကန်ခဲ့ရကာ ပွဲချိန်မိနစ် ၉၀ ပြည့်ပြီး အချိန်ပို သုံးမိနစ်တွင် အာဂျင်တီးနားအသင်းမှ အန်ဇိုဖာနန်ဒက်က စပိန်အသင်းမှ ကျူဘာစီကို ဖျက်ထုတ်ပုံကြမ်းတမ်းခဲ့သည့်အတွက် နှစ်ဝါတစ်နီဖြင့် ထုတ်ပယ်ခံခဲ့ရပြီး ဒုတိယပိုင်းပြီးဆုံးချိန်ထိ နှစ်သင်းစလုံး ဂိုးသွင်းယူနိုင်ခြင်းမရှိခြင်းကြောင့် အချိန်ပို မိနစ် ၃၀ ဆက်လက်ကစားခဲ့ရသည်။

ဆက်လက်ပြီး အချိန်ပို မိနစ် ၃၀တွင် အာဂျင်တီးနားအသင်း တစ်ယောက်လျော့အနေအထားဖြင့် ကစားခဲ့ရပြီး စပိန်အသင်းက တစ်ဖက်သတ်ဖိအားပေးကစားနိုင်ခဲ့ကာ ပွဲချိန် ၁၀၆ မိနစ်တွင် နီကိုဝီလီယံ၏ခေါင်းတိုက်ဖန်တီးပေးမှုမှတစ်ဆင့် ဖာရန်တောရက်က စပိန်အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သည်။ အာဂျင်တီးနားအသင်းက ချေပဂိုးအတွက် ပြန်လည်ဖိအားပေးနိုင်ခဲ့သော်လည်း အဆုံးသတ်ပိုင်း အားနည်းမှုများကြောင့် ဂိုးသွင်းယူနိုင်ခြင်းမရှိသည့်အတွက် ပွဲပြီးဆုံးချိန်တွင် စပိန်အသင်းက အာဂျင်တီးနားအသင်းကို တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး ကမ္ဘာ့ဖလားချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့သည်။

၂၀၂၆ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် ချန်ပီယံဆုကို စပိန်အသင်း၊ ဒုတိယဆုကို အာဂျင်တီးနားအသင်း၊ တတိယဆုကို အင်္ဂလန်အသင်းတို့က ဆွတ်ခူးနိုင်ခဲ့ပြီး ပြိုင်ပွဲ၏ သွင်းဂိုးအများဆုံးကစားသမားဆုဖြစ်သည့် ရွှေဖိနပ်ဆုကို ပြင်သစ်အသင်းမှ တိုက်စစ်ကစားသမား အမ်ဘက်ပီက ဆွတ်ခူးနိုင်ခဲ့ကာ ပြိုင်ပွဲ၏အကောင်းဆုံးဂိုးသမားဆုကို စပိန်အသင်းမှ ဂိုးသမား ဆိုင်မွန်က ဆွတ်ခူးနိုင်ခဲ့ကြောင်းသိရသည်။ STA

**စာမျက်နှာ ၁၇ မှအဆက်**

ဗိသုကာကောင်စီ၊ ဖွံ့ဖြိုးတိုးတက်ရေးအကျိုးပြုအသင်း၊ လေးကျွန်းသူဖောင်ဒေးရှင်း၊ မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)၊ မြန်မာနိုင်ငံသတင်းစာဆရာအသင်း၊ မြန်မာနိုင်ငံအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ၊ မြန်မာနိုင်ငံစာရေးဆရာအသင်း၊ မြန်မာနိုင်ငံဂီတအစည်းအရုံး၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ ဖူးလ်ဂေါ်စပယ်အသင်းတော် အဖွဲ့ချုပ်၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစ္စလာမ်သာသနာရေးရာ ကောင်စီဌာနချုပ်၊ သနာတနဓမ္မပါလက(ဟိန္ဒူ)အဖွဲ့ချုပ်၊ မြန်မာနိုင်ငံရိုးရာ ပန်းပညာရှင်များအစည်းအရုံး၊မြန်မာ့မွတ်စလင်အမျိုးသားရေးအဖွဲ့ဌာနချုပ်၊မြန်မာ့မွတ်စလင်လူငယ်များအဖွဲ့ဌာနချုပ်၊မြန်မာ့မွတ်စလင်သာသနာ့ပညာရှင်များအဖွဲ့ချုပ်၊ စားသုံးသူသမဂ္ဂ၊ မြန်မာနိုင်ငံတော် ကက်သလစ်ဆရာတော်ကြီးများအဖွဲ့ချုပ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအသင်း (ဗဟို)၊ မြန်မာ-အိန္ဒိယ အပြည်ပြည်ဆိုင်ရာစီးပွားရေးလုပ်ငန်းရှင်များအသင်းချုပ်၊ရှင်သန်ရေးကူညီမှုအသင်း၊ အိုလမာအစ္စလာမ်သာသနာ့ပညာရှင်များအဖွဲ့ချုပ် အပါအဝင်လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များက ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ အထိမ်းအမှတ်ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချအလေးပြုကြသည်။

ယင်းနောက် ၇၉ နှစ်မြောက်အာဇာနည်နေ့အခမ်းအနားသို့ တက်ရောက်ဂါရဝပြုကြသည့်ရဟန်းရှင်လူများ၊ ကျောင်းသား၊ ကျောင်းသူများ၊ အများပြည်သူများက စနစ်တကျတန်းစီ၍ အာဇာနည်ခေါင်းဆောင်ကြီးများ၏ ကျေးဇူးတရားကို အောက်မေ့အမှတ်ရသောအားဖြင့် ဂါရဝပြုကြသည်။

၂၀၂၆ ခုနှစ် ၇၉ နှစ်မြောက် အာဇာနည်နေ့တွင် ဝမ်းနည်းခြင်းအထိမ်းအမှတ်အနေဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံကို နိုင်ငံတစ်ဝန်းလုံးတိုင်ဝက်လွှင့်ထူခဲ့ကြပြီး အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့သည့် နံနက် ၁၀ နာရီ ၃၇ မိနစ်တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ မြဝတီရုပ်မြင်သံကြားတို့က ဥဩဆွဲအချက်ပေးခဲ့သည်။

ယနေ့တွင် အာဇာနည်ဗိမာန်၊ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်၊ ဝန်ကြီးများရုံး (အတွင်းဝန်ရုံး)များသို့လည်း အများပြည်သူများကလာရောက် ဂါရဝပြုလေ့လာခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

PPIB News



၇၉ နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားသို့ တက်ရောက် ဂါရဝပြုကြသည့် ရဟန်းရှင်လူများ၊ ကျောင်းသား၊ ကျောင်းသူများ၊ အများပြည်သူများက စနစ်တကျတန်းစီ၍ အာဇာနည် ခေါင်းဆောင်ကြီးများ၏ ကျေးဇူးတရားကို အောက်မေ့ အမှတ်ရသောအားဖြင့် ဂါရဝပြုကြစဉ်။



ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များက လွမ်းသူ့ပန်းခွေချ အလေးပြုစဉ်။





လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များက လွမ်းသူ့ပန်းခွေချ ဂါရဝပြုစဉ်။







နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များက လွမ်းသူ့ပန်းခွေချ ဂါရဝပြုစဉ်။







မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံရုံးအကြီးအကဲများနှင့် သံရုံးယာယီတာဝန်ခံများက လွမ်းသူ့ပန်းခွေချ ဂါရဝပြုစဉ်။

# တိုင်းပြည်တိုးတက်ဖို့ ပြည်သူလူထုအားလုံး စုစည်းညီညွတ်ဖို့၊ စွမ်းအားရှိသမျှ အလုပ်လုပ်ကြဖို့၊ စည်းကမ်းရှိဖို့၊ ဥပဒေကို နားလည်ဖို့လိုပါတယ်

**ရန်ကုန် ဇူလိုင် ၁၉**

ယနေ့ကျင်းပသည့် ၂၀၂၆ ခုနှစ် ၇၉ နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားတွင် အာဇာနည်ခေါင်းဆောင်ကြီးများကို အလေးအနက်ထား အသိအမှတ်ပြုသည့်အနေဖြင့် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်ဂါရဝပြုခဲ့ပါသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတကြီး ဦးမင်းအောင်လှိုင်က ယနေ့ အာဇာနည်နေ့အခမ်းအနားသို့လာရောက်ဂါရဝပြုရခြင်းနှင့် ပစ္စုပ္ပန်ကာလတွင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတို့နှင့်စပ်လျဉ်း၍ မီဒီယာများ၏ မေးမြန်းမှုများကို အောက်ပါအတိုင်း ဖြေကြားခဲ့ပါသည်-



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်

"ဒီမိုကရေစီနည်းလမ်းအရ ရွေးချယ်တဲ့ အစိုးရတစ်ရပ်အနေနဲ့ရော၊ နိုင်ငံ့ခေါင်းဆောင် တစ်ယောက်အနေနဲ့ရော အာဇာနည်ခေါင်းဆောင်တွေကို ကျွန်တော်တို့က အလေးအနက်ထားအသိအမှတ်ပြုဖို့လိုပါတယ်။ ဒါကြောင့် အာဇာနည်ခေါင်းဆောင်တွေနဲ့ ပတ်သက်ပြီး ပြုလုပ်တဲ့ အမြင့်ဆုံးဖြစ်တဲ့အာဇာနည်နေ့ အခမ်းအနားကို လာရောက်တက်ခြင်း ဖြစ်ပါတယ်။ ကျွန်တော်နဲ့အတူ အခြား ခေါင်းဆောင်တွေလဲပါလာတယ်။ အားလုံး စုစုစည်းစည်း ညီညီညွတ်ညွတ်နဲ့လာရောက်ပြီး နိုင်ငံတော်ရဲ့ အာဇာနည်ခေါင်းဆောင်တွေကို ဂါရဝပြုတဲ့အနေနဲ့ ကျွန်တော်လာခဲ့ခြင်းဖြစ်ပါတယ်။

ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်တဲ့ အာဇာနည်ခေါင်းဆောင်တွေအပါအဝင် နိုင်ငံ့ခေါင်းဆောင်တွေက နိုင်ငံကိုဘယ်လိုမျှော်မှန်းပြီးတော့ တည်ဆောက်ခဲ့ကြသလဲ၊ စည်းလုံးညီညွတ်တဲ့ တိုင်းပြည်တစ်ခုဖြစ်အောင် ဘယ်လိုတည်ဆောက်ခဲ့ကြသလဲဆိုတာ ကျွန်တော်တို့က အမြဲတမ်းလေ့လာပြီး တန်ဖိုးထားဖို့လိုပါတယ်။ လွတ်လပ်ရေးရပြီးတော့ စုစည်းညီညွတ်တဲ့ တိုင်းပြည်တစ်ခုဖြစ်ဖို့အတွက် အားလုံးကညီညွတ်ဖို့လိုတာပေါ့။ ညီညွတ်ရုံနဲ့မရသေးဘူး၊ တိုင်းပြည်အတွက် အလုပ်လုပ်ကြဖို့လိုပါတယ်။ စည်းကမ်းရှိဖို့လဲလိုတယ်။ တိုင်းပြည်မှာ စည်းကမ်းအရ လိုအပ်ချက်တွေရှိနေတာအမှန်ပါပဲ။ ဒါကိုစည်းကမ်းတကျ၊ ညီညီညွတ်ညွတ်နဲ့ အလုပ်လုပ်ကြမယ်ဆိုရင်၊ စွမ်းအားရှိသမျှ အလုပ်လုပ်ကြမယ်ဆိုရင် တိုင်းပြည်မဖွံ့ဖြိုး မတိုးတက်စရာအကြောင်းမရှိပါဘူး။ ကမ္ဘာနဲ့ရင်ပေါင်တန်းနိုင်တဲ့နိုင်ငံ မဖြစ်စရာအကြောင်း မရှိပါဘူး။ မြန်မာနိုင်ငံသားအားလုံး ခွန်အားရှိကြတယ်။ ကိုယ့်ခွန်ကိုယ်အားကို အသုံးချနိုင်ဖို့ပဲလိုတယ်ဆိုတာ ပြောပါရစေ။

တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကတော့ အရေးကြီးတဲ့အချက်ပဲ၊ လွတ်လပ်ရေးမဆုံးရှုံးခင်က တိုင်းရင်းသားတွေအားလုံး စုစုစည်းစည်းနေခဲ့ကြတယ်။ လွတ်လပ်ရေးဆုံးရှုံးခဲ့ပြီး နောက်ပိုင်း အမျိုးမျိုးသောသွေးခွဲမှုတွေကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုပျက်ပြားခဲ့ကြတယ်။ လွတ်လပ်ရေးရပြီးတဲ့ အချိန်မှာလဲ အမျိုးမျိုးသော သွေးခွဲမှုတွေကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုတွေ ပျက်ယွင်းခဲ့ရတယ်။ ဒါကို ကျွန်တော်တို့ပြန်ပြီး စုစည်းညီညွတ်တဲ့ ပြည်ထောင်စုတည်ဆောက်ဖို့လိုတာပေါ့။ မတည်ဆောက်နိုင်ရင်တော့ ပဋိပက္ခတွေဖြစ်နေမှာပဲ။ ဒါကြောင့် ညီညွတ်ရေးက အရေးကြီးပါတယ်။

ညီညွတ်ဖို့ဆိုရင် စည်းကမ်းကို နားလည်ဖို့လိုတယ်၊ ဥပဒေကိုနားလည်ဖို့လိုတယ်၊ ဒါဆို အသိပညာ၊ အတတ်ပညာတွေ ကျွန်တော်တို့ရအောင်လုပ်ပါမယ်၊ ဒီလိုနဲ့ ပေါင်းစပ်ပြီးလုပ်မှာဖြစ်ပါတယ်၊ ဒါကြောင့် အင်မတန်အရေးကြီးပါတယ်။ တိုင်းပြည်တိုးတက်ဖို့ဆိုရင် တိုင်းပြည်မှာရှိတဲ့ ပြည်သူလူထုအားလုံး စုစည်းညီညွတ်ဖို့ပြောချင်ပါတယ်။"

# နိုင်ငံတော်သမ္မတရုံး ပြောရေးဆိုခွင့်ရှိသူ ဒုတိယဝန်ကြီး ဒေါက်တာခိုင်ခိုင်စိုး အာဇာနည်နေ့အခမ်းအနားနှင့်ပတ်သက်၍ မီဒီယာများ၏မေးမြန်းမှုများဖြေကြား

**ရန်ကုန် ဇူလိုင် ၁၉**

ယနေ့ကျင်းပသည့် ၂၀၂၆ ခုနှစ် ၇၉ နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားသို့ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် နိုင်ငံတော်အဆင့် ပုဂ္ဂိုလ်များတက်ရောက်ဂါရဝပြုကြသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတရုံး ပြောရေးဆိုခွင့်ရှိသူ ဒုတိယဝန်ကြီး ဒေါက်တာခိုင်ခိုင်စိုးက မီဒီယာများ၏ မေးမြန်းမှုအပေါ် ရှင်းလင်းဖြေကြားခဲ့မှုများကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

"နိုင်ငံတော်သမ္မတကြီးက တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အနေနဲ့ ၂၀၁၆၊ ၁၇၊ ၁၈၊ ၁၉၊ ၂၀ ငါးကြိမ်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ယာယီသမ္မတအနေနဲ့ ၂၀၂၅ ခုနှစ်မှာ တစ်ကြိမ် အခု နိုင်ငံတော်သမ္မတအဖြစ် တာဝန်ထမ်းဆောင်ချိန် ၂၀၂၆ ခုနှစ်မှာ အာဇာနည်နေ့အခမ်းအနားကို တက်ရောက်တာဖြစ်ပါတယ်။ အာဇာနည်နေ့ကို တစိုက်မတ်မတ်တက်ရောက်ခဲ့ခြင်းက နိုင်ငံတော်သမ္မတကြီးအနေနဲ့ အာဇာနည်ခေါင်းဆောင်ကြီးတွေရဲ့ လမ်းစဉ်နဲ့ မျှော်မှန်းချက်တွေကို တန်ဖိုးထားခြင်း၊ အမျိုးသားရေးတာဝန်ကို ဦးထိပ်ပန်ဆင်ခြင်း၊ သမိုင်းသင်ခန်းစာတွေဖော်ထုတ်ဖို့အတွက်ရည်မှန်းပြီး တက်နေတာဖြစ်ပါတယ်။ နိုင်ငံတော်သမ္မတအနေနဲ့ နိုင်ငံတော်အတွက် အသက်ပေးပြီး လွတ်လပ်ရေးကို တိုက်ယူခဲ့ကြတဲ့ အာဇာနည်ခေါင်းဆောင်ကြီးတွေရဲ့ ဂုဏ်ကျေးဇူးကို အောက်မေ့သတိရတဲ့အနေနဲ့ ဒီနေ့အခမ်းအနားကို တက်ရောက်တာဖြစ်ပါတယ်။

နိုင်ငံတော်သမ္မတကြီးက စစ်မှန်ပြီး စည်းကမ်းပြည့်ဝတဲ့ ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနဲ့အတူ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စုစနစ်တည်ဆောက်ဖို့အတွက်ကို ကြိုးပမ်းဆောင်ရွက်နေပါတယ်။ ထာဝရငြိမ်းချမ်းရေးရရှိဖို့လဲ အလေးထားဆောင်ရွက်နေပါတယ်။ အာဇာနည်ခေါင်းဆောင်ကြီးတွေချမှတ်ခဲ့တဲ့ ပြည်ထောင်စုစိတ်ဓာတ်ကို အကောင်အထည်ဖော်နေခြင်းပဲဖြစ်ပါတယ်။



ဒုတိယဝန်ကြီး ဒေါက်တာခိုင်ခိုင်စိုး

လက်ရှိအစိုးရအနေနဲ့ လူငယ်တွေ ဗလငါးတန်ဖွံ့ဖြိုးဖို့ အစဉ်တစိုက်ကြိုးပမ်းဆောင်ရွက်နေပါတယ်။ ပညာရေးကို အထူးအလေးထား အားပေးနေပါတယ်။ ဒ့ါပြင် လူငယ်စာရိတ္တမဏ္ဍိုင်ကြံ့ခိုင်ဖို့ အတွက် အခြေခံပညာကျောင်းတွေမှာ ပြည်သူ့နီတိနဲ့ စာရိတ္တပညာရပ်တွေကို ထည့်သွင်းသင်ကြားပေးနေပါတယ်။

နိုင်ငံတော်ကို ချစ်မြတ်နိုးတဲ့စိတ်နဲ့ ကာကွယ်စောင့်ရှောက်လိုတဲ့ စိတ်ဓာတ် လူငယ်ထုအတွင်း ထာဝရကိန်းအောင်း နေစေဖို့ ရေကြောင်းလူငယ်၊ လေကြောင်း လူငယ်၊ကင်းထောက်လူငယ်နဲ့လူရည်ချွန် စီမံကိန်းလို နယ်ပယ်စုံလေ့ကျင့်မှုတွေကို နှစ်စဉ် ဆောင်ရွက်ပေးလျက်ရှိပါတယ်။

အစိုးရအနေနဲ့ နိုင်ငံတော်ရဲ့ သမိုင်းကြောင်း၊ ခေတ်စနစ်အတွေ့အကြုံနဲ့ အာဇာနည်ခေါင်းဆောင်ကြီးတွေရဲ့ကြိုးပမ်းမှုတွေကို သင်ခန်းစာယူနိုင်ဖို့ Video Clip တွေ၊ ပြခန်းတွေကို အခမ်းအနားတွေကတစ်ဆင့် ဖော်ပြပေးလျက်ရှိပါတယ်။ သမိုင်းသင်ခန်းစာအနေနဲ့ အချင်းချင်းစည်းလုံးညီညွတ်မှု အားနည်းရင် လွတ်လပ်ရေးဆုံးရှုံးရတတ်တယ်ဆိုတဲ့အသိအမြင်ကို နှလုံးသွင်းပြီး ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ရေးကို ဦးတည်ဆောင်ရွက်နေပါတယ်။ မိမိတို့ရဲ့ အမျိုး၊ ဘာသာ၊ သာသနာနဲ့ ယဉ်ကျေးမှု အမွေအနှစ်တွေ၊ ထုံးတမ်းစဉ်လာတွေကို မပျောက်ပျက်အောင် ထိန်းသိမ်းခြင်းဖြင့် အမျိုးသားရေး စရိုက်လက္ခဏာတွေကို မြှင့်တင်ပေးခြင်းလို့ ပြောလိုပါတယ်။"

# ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သူများ

ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ-၁၅(က)တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-

၁။ ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့် ကျန်းမာရေးအဆင့် မမီကြောင်း သက်ဆိုင်ရာ တပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။
၂။ နိုင်ငံ့ဝန်ထမ်းများ။
၃။ ပညာသင်ကြားနေသူများ။
၄။ အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိဘဖအိုများကို ပြုစုလုပ်ကျွေးနေသူများ။
၅။ မူးယစ်ဆေးဝါးဖြတ်ရန် ဆေးကုသမှုခံယူနေသူများ။
၆။ ထောင်ဒဏ်ကျခံနေသူများ။

**ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်ကာလ ရွှေ့ဆိုင်းခွင့်ပြုသူများ**

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်ကာလ ရွှေ့ဆိုင်းခွင့်ပြုသူများ

ရွှေ့ဆိုင်းခွင့်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်း မပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည် အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။

(ခ) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆဖြစ်ရပ် တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန်ဒဏ်ရာရရှိသူဖြစ်ခြင်း။

(ဂ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏ လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

(င) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းပေးရန် မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

# အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး (PSLF/TNLA) တို့ တွေ့ဆုံဆွေးနွေး

**နေပြည်တော် ဇူလိုင် ၁၉**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဆောင်သည့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ဖော်ဆောင်ရာတွင် လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရန်နှင့် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့်ဖြေရှင်းရန် အထူးလိုအပ်သည်ဟုယုံကြည်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကြိုတင်ကန့်သတ်ချက်များမထားသည့် ဆွေးနွေးပွဲများပြုလုပ်နိုင်ရန် ကမ်းလှမ်းဖိတ်ခေါ်ခဲ့သည်။



ထိုသို့ဖိတ်ခေါ်ချက်အရ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေး ကော်မတီသည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေးဆွေးနွေးရန် ကမ်းလှမ်းခဲ့ရာ ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး(PSLF/TNLA)နှင့် တွေ့ဆုံဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ရွှေစံအိမ်ဟိုတယ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်နှင့် ညှိနှိုင်းရေးကော်မတီဝင်များ၊ ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး (PSLF/TNLA) ဒုတိယဥက္ကဋ္ဌ(၁) တားဂျုတ်ဂျား၊ အထွေထွေအုပ်ချုပ်ရေးဌာန ဌာနမှူး တားဂူးဂျား၊ မဟာမိတ်ဆက်ဆံရေးဌာန ဌာနမှူး တားမိုးဟိန်း၊ အဖွဲ့ဝင်များဖြစ်ကြသည့် တားမိုင်းမိုင်း၊ တားညီနော့ခရိုး၊ တားကူးနော့တို့ပါဝင်သည့် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်ကပြောကြားရာတွင် မိမိတို့ ယခုတွေ့ဆုံဆွေးနွေးမှုသည် နေပြည်တော်၌ ပထမဆုံးဖြစ်ကြောင်း၊ ရေရှည်တည်တံ့ခိုင်မြဲသည့်ငြိမ်းချမ်းရေးကို ရှေးရှုပြီး ဒေသတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးရေးတို့ကို အဓိကထားဆွေးနွေးပေးစေလိုကြောင်း၊ တအာင်းပလောင်ဒေသရှိ ပြည်သူလူထု၏ ပညာရေး၊ ကျန်းမာရေးနှင့် ဒေသဖွံ့ဖြိုးရေးကိစ္စတို့ကို ပေါင်းစပ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် ရွေးကောက်ခံ အစိုးရပေါ်ပေါက်လာပြီဖြစ်သည့်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပြင်ဆင်ရေးများကိုလည်း ဆောင်ရွက်နိုင်ပြီဖြစ်ကြောင်း၊ နယ်မြေဒေသ တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်၍ ပေါင်းစပ် ဆောင်ရွက်နိုင်သည်များကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးပေးစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး (PSLF/TNLA) ဒုတိယဥက္ကဋ္ဌ(၁) တားဂျုတ်ဂျားက ငြိမ်းချမ်းရေး ဖိတ်ခေါ်ဆွေးနွေးသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လွတ်လပ်ပြီး ကြိုတင်ကန့်သတ်ချက်များမထားဘဲ ဖိတ်ခေါ်သည့်အတွက် များစွာအားရပါကြောင်း၊ လက်ရှိတွင် တိုက်ပွဲများရပ်တန့်ပြီး ပြည်သူလူထုမှာလည်း အေးချမ်းမှုစတင်ရလာပြီဖြစ်ကြောင်းနှင့် ယနေ့ဆွေးနွေးပွဲမှ အပြုသဘောဆောင်သည့်ကောင်းမွန်သောရလဒ်များ ထွက်ပေါ်လာမည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာသူများက နိုင်ငံတော်သမ္မတနှင့်ညှိနှိုင်းရေးကော်မတီတို့၏ ရက် ၁၀၀ ငြိမ်းချမ်းရေးကြိုးပမ်းမှု အစီအစဉ်ကို ပူးပေါင်းဆောင်ရွက်ရေး၊ ဟိုင်ဂင်သဘောတူညီချက်ကို လေးစားလိုက်နာရေး၊ သဘောတူထားသည့် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ကို အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ မိမိတို့ဒေသအတွင်း ပြည်သူလူထု၏ လူမှုဘဝသက်သာချောင်ချိရေး၊ နိုင်ငံတော်ငြိမ်းချမ်းရေးကိုရှေးရှုပြီး နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် အဖြေရှာနိုင်ရေး၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအတွက် ဆက်လက်ပူးပေါင်းဆောင်ရွက်ရန် ရပ်တည်လျက်ရှိသည့်ကိစ္စများနှင့် ပညာရေး၊ ကျန်းမာရေး၊ ဒေသဖွံ့ဖြိုးရေး၊ လမ်းပန်းဆက်သွယ်ရေးတို့နှင့်ပတ်သက်၍ အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

ဆက်လက်ပြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေး ကော်မတီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်က ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များမှတစ်ဆင့် နိုင်ငံရေးဆိုင်ရာ လိုအပ်ချက်များကို ဆွေးနွေးပြီး ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးကို ဖော်ဆောင်နိုင်ရေး၊ ဒေသဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များနှင့် PSLF/TNLA နှင့် ယခင်တွေ့ဆုံဆွေးနွေးမှုအခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် နှစ်ဖက်ဆွေးနွေးချက်များအပေါ် မှတ်တမ်းတင်နိုင်ရန်ညှိနှိုင်းပြီး မှတ်တမ်းကို လက်မှတ်ရေးထိုးအတည်ပြုကြသည်။

ယင်းနောက် ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး (PSLF/TNLA) ဒုတိယဥက္ကဋ္ဌ(၁) တားဂျုတ်ဂျားက ကျေးဇူးတင်စကားပြောကြားပြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်တို့က နိဂုံးချုပ်အမှာစကားပြောကြားကာ အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်၍ ဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ဗိုလ်ချုပ်အောင်ဆန်းပြတိုက်ကို ရှေးမူမပျက် ပြန်လည်ပြုပြင် မွမ်းမံခဲ့

**ရန်ကုန် ဇူလိုင် ၁၉**

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုနှင့်အညီ ဗိုလ်ချုပ်အောင်ဆန်း နေအိမ်ပြတိုက်ကို ရှေးမူမပျက်မူလလက်ရာအတိုင်း ပြန်လည်ပြုပြင်မွမ်းမံခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း အမျိုးသားပြတိုက်(ရန်ကုန်)မှ သိရသည်။

“မနှစ်က အာဇာနည်နေ့ကျင်းပခဲ့ရာမှာ နိုင်ငံတော်အကြီးအကဲက ဗိုလ်ချုပ်အောင်ဆန်း နေအိမ်ပြတိုက်ကို



ဒေါ်နန်းလောဝ်ငင်း
ညွှန်ကြားရေးမှူး

ပိုမိုခိုင်ခံ့အောင် ပြုပြင်မွမ်းမံဖို့၊ ပြုပြင်တဲ့အခါမှာလဲ ရှေးမူမပျက်မူလလက်ရာအတိုင်း မွမ်းမံဖို့လမ်းညွှန်မှာကြားခဲ့ပါတယ်။ ပြုပြင်မှုတွေ ဆောင်ရွက်နိုင်ဖို့ ရန်ပုံငွေလဲ ချထားပေးခဲ့ပါတယ်။ ပြတိုက်ပြင်ဆင်မှု လုပ်ငန်းတွေကို ဆောက်လုပ်ရေးဝန်ကြီးဌာန အထူးအဖွဲ့(၂)ကတာဝန်ယူပြီး အကြီးစားမွမ်းမံမှုဆောင်ရွက်ခဲ့တယ်။ ဒါကြောင့် အခုနှစ်အာဇာနည်နေ့အမီ ပြည်သူတွေကြည့်ရှုလေ့လာနိုင်ခဲ့ကြတယ်။ ပြုပြင်မွမ်းမံရာမှာ မူလကရှိခဲ့တဲ့ပုံစံကို စနစ်တကျလေ့လာပြီးတော့ မီးသီး၊ လျှပ်စစ်မီးခလုတ်က အစမူလလက်ရာအတိုင်း ဆောင်ရွက်ခဲ့ပါတယ်”ဟု အမျိုးသားပြတိုက်(ရန်ကုန်) ညွှန်ကြားရေးမှူး ဒေါ်နန်းလောဝ်ငင်းက ပြောသည်။

၇၉ နှစ်မြောက် အာဇာနည်နေ့အမီ ဗိုလ်ချုပ်အောင်ဆန်း နေအိမ်ပြတိုက်ကို ရှေးမူမပျက်ပြန်လည်မွမ်းမံထားမှုကြောင့် ကိုလိုနီခေတ်ဟန် ရှေးဟောင်းအဆောက်အအုံအဖြစ် တန်ဖိုးမြင့်မားမှုကိုပြသနေသည်။

“၇၉ နှစ်မြောက် အာဇာနည်နေ့မှာ မူလအဆောက်အအုံပုံစံအတိုင်း ပြသနိုင်ခဲ့ပါပြီ။ ဗိုလ်ချုပ်ပြတိုက်ဟာ နှစ်သက်တမ်းရာကျော်နေပါပြီ။ ဗိုလ်ချုပ်နေထိုင်ခဲ့တဲ့ နေအိမ်လည်းဖြစ်တဲ့အတွက် နောင်လာနောက်သားတွေ ကြည့်ရှုလေ့လာနိုင်အောင် ရေရှည်တည်တံ့အောင်ထိန်းသိမ်းဖို့ ကျွန်မတို့မှာတာဝန်ရှိပါတယ်။ ပြတိုက်ကြီးဟာ နိုင်ငံ့ခေါင်းဆောင်နေအိမ်ဖြစ်သလို ရှေးဟောင်းအမွေအနှစ်အဆောက်အအုံလဲဖြစ်ပါတယ်။ ဒါကို ရေရှည်တည်တံ့အောင်နဲ့ ရှေးမူမပျက်ပြင်ဆင်မွမ်းမံနိုင်အောင် လမ်းညွှန်ပေးခဲ့တဲ့ နိုင်ငံတော်အကြီးအကဲကိုလဲ ကျေးဇူးတင်ပါတယ်”ဟု အမျိုးသားပြတိုက်(ရန်ကုန်) ညွှန်ကြားရေးမှူးက ပြောသည်။



ဗိုလ်ချုပ်အောင်ဆန်းပြတိုက်(ရန်ကုန်)အဆောက်အအုံကို ရှေးမူမပျက် အကြီးစားပြုပြင်ထိန်းသိမ်းခြင်း မှတ်တမ်းဓာတ်ပုံ။

ထိုကဲ့သို့ ပြင်ဆင်မွမ်းမံရာတွင် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ၊ မြန်မာနိုင်ငံလျှင်ကောင်စီ၊ ဗိသုကာအသင်း၊ နည်းပညာကော်မတီ၊ ကျွမ်းကျင်ပညာရှင်များနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများကလည်း ကဏ္ဍအလိုက် ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့သည်။

“ရှေးမူမပျက် မူလအတိုင်းကြံ့ခိုင်ကောင်းမွန်အောင် ပြင်ဆင်ထိန်းသိမ်းရာမှာ အသေးစိတ်စနစ်တကျဆောင်ရွက်ခဲ့ကြတာဖြစ်ပါတယ်။ လျှပ်စစ်ပိုင်းဆိုင်ရာပစ္စည်းတွေ မီးစလောင်း၊ မီးခလုတ်၊ ပန်ကာစတာတွေအားလုံးကို မူလလက်ရာအတိုင်းရှာဖွေပြီး ပြုပြင်မွမ်းမံနိုင်ခဲ့တယ်။ ပြီးတော့ မျက်နှာကြက်၊ ဘေစင်၊ သန့်စင်ခန်း၊ လှေကား၊ လျှောက်လမ်း၊ ကြမ်းခင်း၊ ခေါင်မိုး၊ ဆေးအရောင်၊ ရေသန့်စင်လုပ်ငန်းတွေ၊ မြက်ခင်း၊ ရေကန်ကိုလဲ မူလပုံစံအတိုင်း ပြင်ဆင်မွမ်းမံခဲ့ပါတယ်။ ရေကန်ဆိုရင် ဗိုလ်ချုပ်နေထိုင်စဉ်က မြေသားကန်ဖြစ်တဲ့အတွက် နိုင်ငံတော်အကြီးအကဲက အဲဒီခေတ်ဟန်အတိုင်း ပြုပြင်ဖို့ လမ်းညွှန်ခဲ့တဲ့အတွက် မူလအတိုင်း မြေသားကန်၊ ကန်ထဲကိုဆင်းတဲ့လှေကားပါရှိတာကြောင့် ကန်ဘေးပတ်လည်လက်ရန်းအကာ အပါအဝင်အားလုံးကို မူလအတိုင်း ပြုပြင်မွမ်းမံခဲ့ပါတယ်။ ပြီးတော့ ဗိုလ်ချုပ်ပြတိုက်မှာရှိတဲ့ ဗိုလ်ချုပ်စီးခဲ့တဲ့ကားဟာ မောင်းလို့မရတဲ့အတွက် နိုင်ငံတော်အကြီးအကဲရဲ့ လမ်းညွှန်မှုနဲ့ ပြန်လည်ပြုပြင်ခဲ့ပါတယ်။ အခုဗိုလ်ချုပ်ကားကို မောင်းလို့ရနေပါပြီ။ အခုလိုနှစ်ပေါင်းရာကျော် သမိုင်းဝင်အဆောက်အအုံကြီးကို ပြုပြင်မွမ်းမံပြင်ဆင်နိုင်အောင် ဆောင်ရွက်ပေးခဲ့တဲ့ နိုင်ငံတော်အကြီးအကဲကို အထူးပဲကျေးဇူးတင်ပါတယ်”ဟု အမျိုးသားပြတိုက်(ရန်ကုန်) ဒုတိယညွှန်ကြားရေးမှူး ဦးသက်ဇော်က ပြောသည်။



ဦးသက်ဇော်
ဒုတိယညွှန်ကြားရေးမှူး

**ညိမ်းသူ(သတင်းစဉ်)**

# အာဇာနည်ခေါင်းဆောင်ကြီးများအားရည်စူး၍ ရန်ကုန်မြို့တော်ခန်းမ၌ ဆွမ်းဆက်ကပ်ခြင်းနှင့် အလှူဒါနပြုအမျှပေးဝေခြင်းအခမ်းအနား ကျင်းပ

**ရန်ကုန် ဇူလိုင် ၁၉**

ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများအား ရည်စူး၍ ဆွမ်းဆက်ကပ်ခြင်း၊ အလှူဒါနပြုအမျှပေးဝေခြင်းအခမ်းအနားကို ၂၀၂၆ ခုနှစ် ၇၉ နှစ်မြောက် အာဇာနည်နေ့ (ယနေ့) နံနက် ၁၀ နာရီ မိနစ် ၄၀ တွင်ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီမြို့တော်ခန်းမ ပထမထပ်ရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။




အခမ်းအနားသို့ ၇၉ နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်၊ ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူ၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးဌေးအောင်၊ ဟိုတယ်၊ ခရီးသွားလာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တစန္ဒဝံသာလင်္ကာရာဘိဝံသ ရွှေဘိုဆရာတော်ကြီးထံမှ ညှော်ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များ ရွတ်ဖတ်သရဇ္ဈာယ်တော်မူကြသည့် မေတ္တာသုတ် အစရှိသော ပရိတ်တရားတော်များကို နာယူကြည်ညိုကြကာ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဒုတိယဥက္ကဋ္ဌ ဘဒ္ဒန္တစန္ဒဝံသာလင်္ကာရာဘိဝံသ ရွှေဘိုဆရာတော်ကြီးထံမှ အနုမောဒနာတရားနာယူကြပြီး ကျဆုံးလေပြီးသော ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများအားရည်စူး၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

အခမ်းအနား ပြီးဆုံးချိန်တွင် ပြည်ထောင်စုဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးများက ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ၇၉ နှစ်မြောက် အာဇာနည်နေ့ဝမ်းနည်းခြင်းအထိမ်းအမှတ် နိုင်ငံတော်အလံအား တိုင်ဝက်လျှော့ချလွှင့်ထူ၍ အလေးပြုခြင်းအခမ်းအနား အတွင်းဝန်ရုံး(ယခင်ဝန်ကြီးများရုံး)၌ ကျင်းပ



**ရန်ကုန် ဇူလိုင် ၁၉**

၇၉ နှစ်မြောက် အာဇာနည်နေ့ ဝမ်းနည်းခြင်းအထိမ်းအမှတ် နိုင်ငံတော် အလံအား တိုင်ဝက်လျှော့ချလွှင့်ထူပြီး အလေးပြုခြင်းအခမ်းအနားကို ယနေ့ နံနက် ၇ နာရီခွဲက ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများကျဆုံးခဲ့ရာ ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်းရှိ အတွင်းဝန်ရုံး (ယခင်ဝန်ကြီးများရုံး)၌ ကျင်းပသည်။

အခမ်းအနားသို့ ၇၉ နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကျင်းပရေး လုပ်ငန်း ကော်မတီအတွင်းရေးမှူး ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ရန်ကုန်မြို့တော်ဝန် ဦးမျိုးမြင့်အောင်နှင့် ကော်မတီဝင်များ၊ ဌာနမှူး၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ခရိုင်နှင့် မြို့နယ်များမှ စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် ဂုဏ်ပြုတပ်ဖွဲ့တို့တက်ရောက်ကြပြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည် ခေါင်းဆောင်ကြီးများကို အလေးပြု၍ ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် နိုင်ငံတော်အလံအား တိုင်ဝက်သို့ လျှော့ချလွှင့်ထူပြီး နှစ်မိနစ် ငြိမ်သက်စွာ ဂါရဝပြုကြသည်။

ယနေ့ အာဇာနည်နေ့၌ အတွင်းဝန်ရုံး (ယခင်ဝန်ကြီးများရုံး)အတွင်း ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများကျဆုံးခဲ့ရာ အစည်းအဝေးခန်းမနှင့် ပါလီမန်အဆောက်အအုံတို့ကို နံနက် ၉ နာရီမှ ညနေ ၅ နာရီထိ အများပြည်သူ လာရောက်လေ့လာနိုင်ရန် တစ်ရက်တာ အခမဲ့ဖွင့်လှစ်ခဲ့သည်။

အတွင်းဝန်ရုံး (ယခင်ဝန်ကြီးများရုံး) အတွင်း အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့သည့် အစည်းအဝေးခန်းမ၌ အာဇာနည်ခေါင်းဆောင်ကြီးများ အသုံးပြုကျန်ရှိခဲ့သည့်ပစ္စည်း ၂၈ မျိုး၊ အစည်းအဝေးပြုလုပ်စဉ်က စားပွဲနှင့် ကုလားထိုင်များ၊ ကျဆုံးခေါင်းဆောင်များ၏ သတင်းနှင့်ဆောင်းပါးများ၊ အဆောက်အအုံသမိုင်းကြောင်းနှင့် ဗိသုကာလက်ရာများ၊ သက်တမ်း နှစ် ၁၃၀ ကျော်ရှိပြီဖြစ်သော ပါလီမန်လွှတ်တော်အဆောက်အအုံနှင့် သမိုင်းဝင် မှတ်တမ်းဓာတ်ပုံများ ခင်းကျင်းပြသထားရာ ပြည်သူများနှင့် ကျောင်းသား၊ ကျောင်းသူများ လာရောက်ကြည့်ရှုလေ့လာကြပြီး ဉာဏ်စမ်းပဟေဠိ မေးခွန်းများဖြေဆိုမှုမှ အမှတ်တရ လက်ဆောင်များပေးအပ်သည့် အစီအစဉ်တွင်လည်း ပြည်သူများနှင့်ကျောင်းသား၊ ကျောင်းသူများ အထူးစိတ်ဝင်စားစွာ ပါဝင်ဖြေဆိုခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

☆ **ကျောဖုံးမှအဆက်**

ရှီးဇန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပြည်သူ့အစိုးရအဖွဲ့ ဒုတိယဥက္ကဋ္ဌ မစ္စတာကျောင်းပန်နှင့် တာဝန်ရှိသူများက လင်ကျစ်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ဒုတိယသမ္မတနှင့်အဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးဥပဒေချုပ်၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စမာကျားနှင့်တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကိုအားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

ရတနာသစ်တော ပြည့်သွေးကြော သစ်တောရတနာ ထိန်းသိမ်းပါ။


ဦးရဲအောင်သန်း


ဦးရဲမြင့်အောင်


ဦးသန့်ဇင်ချို


စဝ်ကိုင်ဖ


ဒေါ်မြင့်မြင့်ခိုင်

# ငြိမ်းချမ်းရေးက အရေးကြီးပါတယ်၊ အားလုံးငြိမ်းငြိမ်းချမ်းချမ်းဖြစ်ရင် တိုင်းပြည်အတွက် အကောင်းဆုံးဖြစ်ပါတယ်

**ဦးရဲအောင်သန်း (ဗိုလ်ချုပ်အောင်ဆန်း၏မိသားစုဝင်)**

၂၀၂၆ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့တွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ အာဇာနည်ဗိမာန်၌ ကျင်းပသည့် (၇၉)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားသို့ အာဇာနည်ခေါင်းဆောင်ကြီးများ၏ မိသားစုဝင်များ တက်ရောက်ဂါရဝပြုကြသည်။

အာဇာနည်ခေါင်းဆောင်ကြီးများ၏မိသားစုဝင်များပြောကြားသည့် အမှတ်တရစကားသံများကို ကောက်နုတ်စုစည်းဖော်ပြလိုက်ပါသည် -


နန့်စိုးစိုးခိုင်


ဦးလှကြည်


ဒေါက်တာမင်းမြင့်


ဦးအောင်ကိုကို

**ဦးရဲအောင်သန်း**
**(ဗိုလ်ချုပ်အောင်ဆန်း၏မိသားစုဝင်)**

ဦးလေးဖြစ်တဲ့ ဦးအောင်ဆန်းဦးက ကျန်းမာရေးမကောင်းဘူး။ ဒါကြောင့် သူ့ရဲ့ကိုယ်စား တက်ရောက်တာပါ။ အာဇာနည်ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းရဲ့ မိသားစုဝင်ဖြစ်ရတာ ဂုဏ်ယူပါတယ်။ အာဇာနည်ခေါင်းဆောင်ကြီးတွေ ကျားကုတ်ကျားခဲကြိုးပမ်းခဲ့ကြတဲ့အတွက် လွတ်လပ်ရေးအခွန့်ရှည်တည်တံ့အောင် စောင့်ရှောက်သင့်ပါတယ်။ ငြိမ်းချမ်းရေးက အရေးကြီးပါတယ်။ အားလုံး ငြိမ်းငြိမ်းချမ်းချမ်းဖြစ်ရင် တိုင်းပြည်အတွက် အကောင်းဆုံးဖြစ်ပါတယ်။

**ဦးရဲမြင့်အောင် (သခင်မြ၏မိသားစုဝင်)**

တိုင်းရင်းသားစည်းလုံးညီညွတ်ရေး လိုအပ်ပါတယ်။ အလွန်ကို အရေးကြီးပါတယ်။ အရေးကြီးတယ်ဆိုတာက ကျဆုံးသွားတဲ့၊ လွတ်လပ်ရေးအတွက် ကြိုးပမ်းပေးခဲ့တဲ့ အာဇာနည်တွေထဲမှာ လူမျိုးပေါင်းစုံ ပါဝင်ပါတယ်။ လူမျိုးပေါင်းစုံဆိုတာက ကိုယ့်တိုင်းရင်းသားတွေတင် မဟုတ်ပါဘူး။ မူဆလင်လည်း ပါတယ်။ ခရစ်ယာန်လည်းပါတယ်။ အားလုံး စည်းစည်းလုံးလုံးနဲ့ လွတ်လပ်ရေးရဖို့တစ်ခုတည်းကိုအာရုံစိုက်ပြီး လုပ်ခဲ့ကြတယ်။ အခုအချိန်မှာ အားလုံးစည်းစည်းလုံးလုံးနဲ့လုပ်ကြရင် အဆင်ပြေမှာပါ။ နိုင်ငံဖွံ့ဖြိုးတိုးတက်နိုင်ပါတယ်။

**ဦးသန့်ဇင်ချို**
**(ဒီးဒုတ်ဦးဘချို၏မိသားစုဝင်)**

တိုင်းရင်းသား ညီအစ်ကိုမောင်နှမတွေအားလုံး စုစုစည်းစည်း၊ ညီညီညွတ်ညွတ်နဲ့နေမှသာ တိုင်းပြည်တိုးတက်မှာဖြစ်ပါတယ်။ အားလုံး စိတ်ဝမ်းမကွဲဘဲ ချစ်ချစ်ခင်ခင်၊ စည်းစည်းလုံးလုံးနေကြဖို့ တိုက်တွန်းချင်ပါတယ်။ ကျွန်တော်တို့ တိုင်းပြည်တိုးတက်ဖို့ ငြိမ်းချမ်းပြီး တည်ငြိမ်မှုရှိဖို့က အဓိကပါ၊ အဲဒီလို ငြိမ်းချမ်းမှုရှိပြီးတော့ တည်ငြိမ်မှုရှိဖို့ဆိုတာလည်း တိုင်းရင်းသားအားလုံး စည်းစည်းလုံးလုံး၊ ညီညီညွတ်ညွတ်နဲ့ ပဋိပက္ခတွေ မရှိကြဘူးဆိုရင် ဒီဟာက အကောင်အထည်ပေါ်မှာပါ။ ဒါကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးဆိုတာ နိုင်ငံတိုင်းနိုင်ငံတိုင်း၊ အဓိကကတော့ ကျွန်တော်တို့တိုင်းရင်းသားတွေ အများကြီး ဝန်းရံထားတဲ့နိုင်ငံမှာ အင်မတန်မှ အရေးကြီးပါတယ်လို့ ထင်ပါတယ်။ တိုင်းရင်းသားစည်းလုံးညီညွတ်ဖို့ အဓိကကတော့ ပွင့်ပွင့်လင်းလင်းနဲ့ တစ်ယောက်ရဲ့လိုအပ်ချက် တစ်ယောက်နားလည်ပြီး ခွင့်လွှတ်ပေးကြမယ်ဆိုရင် အကောင်းဆုံး ဖြစ်သွားမှာပါ။

**စဝ်ကိုင်ဖ (မိုင်းပွန်စော်ဘွားကြီး**
**စဝ်စံထွန်း၏မိသားစုဝင်)**

နှစ်တိုင်းတက်ခဲ့ပါတယ်။ သိုက်သိုက်မြိုက်မြိုက်နဲ့ သတိတရလာရောက်ဂါရဝပြုကြတာ ဝမ်းသာပါတယ်။ အားလုံး ညီညီညွတ်ညွတ်နေကြပါလို့ တိုက်တွန်းချင်ပါတယ်။

**ဒေါ်မြင့်မြင့်ခိုင် (မန်းဘခိုင်၏မိသားစုဝင်)**

ခေါင်းဆောင်ကြီးတွေမျှော်မှန်းတဲ့ လွတ်လပ်ပြီး၊ ဖွံ့ဖြိုးတိုးတက်၊ ငြိမ်းချမ်းသာယာတဲ့ နိုင်ငံတော်ကြီးဖြစ်အောင် ကျရာတာဝန်ကနေ အားလုံး စိတ်တူကိုယ်တူ ဝိုင်းဝန်းလုပ်ဆောင်ကြဖို့ တိုက်တွန်းလိုပါတယ်။ ခေါင်းဆောင်ကြီးတွေကျဆုံးတာလည်း နှစ်ပေါင်းများစွာကြာပါပြီ။ အားလုံးကမိမိရောက်တဲ့နေရာ၊ ကျရာတာဝန်ကို ညီညီညွတ်ညွတ်နဲ့ စိတ်တူကိုယ်တူဖြစ်ဖို့ အရေးကြီးပါတယ်။ စိတ်တူကိုယ်တူ ဆောင်ရွက်ကြမယ်ဆိုရင် မျှော်မှန်းတဲ့ နိုင်ငံတော်ကြီးဖြစ်မယ်လို့ ယုံကြည်မျှော်လင့်ပါတယ်။

**နန့်စိုးစိုးခိုင် (မန်းဘခိုင်၏မိသားစုဝင်)**

အရေးအကြီးဆုံးက စည်းလုံးညီညွတ်ခြင်းက အရေးအကြီးဆုံးပဲ။ ကျွန်မတို့နိုင်ငံက ဘိုးဘေးတွေ လက်ဆင့်ကမ်းခဲ့တဲ့ လွတ်လပ်ရေးအမွေ၊ ကျွန်မတို့ရခဲ့တဲ့အတွက် ဘိုးဘွားတွေကို ကျေးဇူးတင်ကြောင်း အရင်ပြောပြချင်တယ်။

ကျွန်မအဘိုးက ကရင်ခေါင်းဆောင်အဖြစ်နဲ့ပါဝင်ပြီးတော့ နိုင်ငံအတွက် တည်ဆောက်ခဲ့တဲ့အတွက် ကျေးဇူးတင်တယ်။ စည်းလုံးခြင်းက အရေးကြီးတယ်။ အဲဒါကိုတော့ ကျွန်မတို့က ဆက်လက်ပြီးတော့ တည်ဆောက်ရမယ်။ မျိုးဆက်သစ်တွေအနေနဲ့၊ ကျွန်မတို့မိသားစုအနေနဲ့ကတော့ ကျွန်မအဘိုးက ပထမဦးဆုံးက ယုံကြည်ခြင်းအမွေကို လက်ဆင့်ကမ်းပေးတဲ့ ဘုရားသခင်ကို သိကျွမ်းခြင်းအမွေလေး ကျွန်မတို့ကိုပေးခဲ့တယ်။ အဘိုးတွေကနေပြီးတော့ ကျွန်မတို့ကို ယုံကြည်ခြင်းအမွေပေးခဲ့တယ်။ အဲဒီအတွက်ကို ကျေးဇူးတင်တယ်။ ဒုတိယတစ်ခုက လွတ်လပ်ရေးပေါ့။ လွတ်လပ်ရေးကို ကျွန်မတို့ဆီ လက်ဆင့်ကမ်းခဲ့ပြီ။ ကျွန်မတို့လက်ထက်မှာလည်း ဆက်လက်ပြီး တည်ဆောက်ရမှာဖြစ်တယ်။ ကျွန်မအဘိုးနဲ့ ကျွန်မအဘွား ဒေါ်အေးလုံဆိုရင် မိသားစုကို ချစ်ခြင်းမေတ္တာနဲ့ တည်ဆောက်တယ်၊ ပြီးရင် ပတ်ဝန်းကျင်ကိုလည်း ချစ်ခြင်းမေတ္တာနဲ့ တည်ဆောက်တယ်။ ပြောရမယ်ဆို ဘုရားသခင်ဆီက စီးဆင်းလာတာ။ စည်းလုံးခြင်းဆိုတာလည်း ချစ်ခြင်းမေတ္တာကို အခြေခံပြီးတော့ ဆောင်ရွက်တာ။ အဲဒီတော့ ဘာပဲပြောပြော ကျွန်မတို့ ဆက်လက်ပြီးတော့ ဘိုးဘွားတွေ တည်ဆောက်ခဲ့တဲ့အရာကို သားသမီးမြေးတွေက တည်ဆောက်ရမှာဖြစ်ပါတယ်။

**ဦးလှကြည် (ဦးရာဇတ်၏မိသားစုဝင်)**

တိုင်းရင်းသားစည်းလုံးညီညွတ်ရေးက အရေးကြီးတာပေါ့ဗျာ။ လွတ်လပ်ရေးရခဲ့တာက တိုင်းရင်းသားတွေအကုန်လုံး ညီညွတ်လို့ရခဲ့တာပါ။ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးက ထွေထွေထူးထူး ပြောနေစရာမလိုပါဘူး။ ဒါအရေးကြီးတယ်။ အာဇာနည်ခေါင်းဆောင်ကြီးတွေက သူတို့ဟာသူတို့ အကုန်ပြောဆိုခဲ့ပြီးသားပါပဲ။ ဘယ်လိုနေရမလဲ၊ ထိုင်ရမလဲ၊ အာဇာနည်ခေါင်းဆောင်ကြီးတွေ လုပ်ခဲ့ကိုင်ခဲ့တာတွေက ဘာတွေလဲဆိုတာ သူတို့လည်း သိပြီးသားပါပဲ။

**ဒေါက်တာမင်းမြင့်**
**(ဦးအုန်းမောင်၏မိသားစုဝင်)**

နိုင်ငံတော်က ဗိုလ်ချုပ်အောင်ဆန်းနဲ့တကွ အာဇာနည်ခေါင်းဆောင်ကြီးတွေအတွက် နိုင်ငံတော်အဆင့် ခမ်းခမ်းနားနားဆောင်ရွက်ပေးတဲ့အတွက် မိသားစုဝင်တစ်ယောက်အနေနဲ့ ကျေးဇူးတင်ပါတယ်။ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအတွက်အဖေက ICSအောင်ပြီးတော့ ပြန်လာတော့ မြစ်ကြီးနားမှာ တိုင်းမင်းကြီးပေါ့။ တိုင်းမင်းကြီးလုပ်ခဲ့တော့ ဆမားဒူးဝါးနဲ့ တော်တော်ခင်တယ်။ ပင်လုံညီလာခံလုပ်ဖို့ ဗိုလ်ချုပ်အောင်ဆန်းက ဦးအုန်းမောင် ခင်ဗျားသွားလိုက်ဆိုတော့ အဖေကလည်း သွားပေးပါတယ်။ သူက အဖေနဲ့ခင်တော့ ပုဂ္ဂိုလ်ရေးအရယုံကြည်မှုရှိတော့ လိုက်လာတယ်။ ဗိုလ်ချုပ်အောင်ဆန်းကို သွားတွေ့တယ်။ တွေ့တော့ နှစ်ပတ်လောက်ကြာတယ်။ အဲဒီတော့ ဗိုလ်ချုပ်အောင်ဆန်းနဲ့ အဆင်ပြေသွားတယ်။ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အဖေက တော်တော်လေး ထင်ထင်ရှားရှားလုပ်ခဲ့တယ်။ အောင်လည်း အောင်မြင်ပါတယ်။

**ဦးအောင်ကိုကို**
**(ရဲဘော်ကိုထွေး၏ မိသားစုဝင်)**

လွတ်လပ်ရေး ယူတုန်းကလည်း ပထမဆုံးတိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အခြေခံပြီးတော့ ယူခဲ့ရတယ်။ မြန်မာနိုင်ငံကို တောင်တန်းဒေသတွေနဲ့ ပြည်မနဲ့ကိုခွဲပြီးတော့ လွတ်လပ်ရေးပေးမယ်ဆိုတာ ဗိုလ်ချုပ်အောင်ဆန်းတို့ အောင်ဆန်း-အက်တလီစာချုပ်သွားချုပ်တဲ့အချိန်မှာ သိခဲ့ရတယ်။ ဒါနဲ့ ပြန်လာပြီးတော့ ပြည်နယ်တွေ ဆင်းပြီးတော့ စည်းရုံးရေး အများကြီးလုပ်ရပါတယ်။ လုပ်တဲ့အခါကျတော့ ပင်လုံစာချုပ်ဆိုတာ ပေါ်လာပြီးတော့ လွတ်လပ်ရေးပေးတဲ့အခါ သူတို့ မြန်မာပြည်တစ်ခုလုံးကိုစုပေါင်းပြီး လွတ်လပ်ရေးရခဲ့တယ်။

အဲဒီမတိုင်ခင်မှာပဲ ဗိုလ်ချုပ်တို့က ကျဆုံးသွားတယ်။ အဲဒီတော့ လွတ်လပ်ရေးရပြီးတဲ့အခါမှာလည်း အကုန်ပြန်ကြိုးစားပြီးတော့ တည်ဆောက်ခဲ့ရတယ်။ တည်ဆောက်ခဲ့တော့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို တော်တော်လေးပြန်ရခဲ့တယ်။ အပြည့်အဝတော့မရပါဘူး၊ ဒါပေမယ့် လှုပ်နိုင်ရှားနိုင်၊ တစ်ပြည်လုံးကို ထိန်းချုပ်နိုင်တဲ့အဆင့်အထိ ရခဲ့တယ်။ အဲဒီတော့ လွတ်လပ်ရေးနဲ့ အချုပ်အခြာအာဏာကိုလည်း ကျယ်ကျယ်ပြန့်ပြန့်နဲ့ ဖော်ဆောင်နိုင်ခဲ့တယ်။ စောစောပိုင်းကတော့ ရန်ကုန်အစိုးရဖြစ်တုန်းကတော့ ရန်ကုန်ကွက်ကွက်ပဲ၊ အဲဒါနဲ့ လွတ်လပ်ရေးနဲ့ အချုပ်အခြာအာဏာ ခုနကလို ပြန်ပြီးတော့ကျယ်ပြန့်လာတဲ့အချိန်မှာပဲ ၂၀၂၁ ပေါ့လေ၊ အဲဒီမှာ နိုင်ငံရေးသဘောထား ကွဲလွဲမှုကြောင့် အချင်းချင်းမှာလည်း ပြဿနာတွေအများကြီးရှိတယ်။ အခုအချိန်မှာ Geo-politics အရ၊ Geo-economy အရ နိုင်ငံက တော်တော်လေး အချက်အချာကျလာတယ်။ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကိုမတည်ဆောက်နိုင်ဘူးဆိုရင်တော့ တိုင်းပြည်က နယ်ချဲ့လက်ထဲကိုပါသွားမှာ။ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးက အစွမ်းထက်လာတာနဲ့အမျှ ပြည်တွင်းမှာ အေးဆေးသွားပြီးတော့ တည်ဆောက်ရေးလုပ်ငန်းတွေကို အဆက်မပြတ်လုပ်လို့ရတာပေါ့။ အခုကတော့ သမင်မွေးရင်း ကျားစားရင်းနဲ့ ကုန်နေတာပေါ့နော်။ တည်ဆောက်သမျှ ပြန်ကုန်။ အဲဒီတော့ အဲဒီလိုတည်ဆောက်လို့ရပြီဆိုရင် ကျွန်တော်တို့နိုင်ငံက အများကြီးတိုးတက်မှာပေါ့။ တိုင်းပြည်တည်တည်ငြိမ်ငြိမ်နဲ့ တည်ဆောက်နိုင်ဖို့ဆိုရင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးရှိဖို့ လိုတယ်။ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးက သိပ်အရေးပါတယ်။ အဲဒါကြောင့် အမြန်ဆုံး တည်ဆောက်နေတာဖြစ်တယ်။ ဒီလိုတည်ဆောက်နေတာ အောင်မြင်အောင်လည်း ဝိုင်းပြီးတော့ တတ်နိုင်တဲ့ဘက်ကနေ ကြိုးပမ်းရမှာပဲ။ **သတင်းအဖွဲ့**

# ဝါစိုက်ပျိုးထုတ်လုပ်မှုတွင် စက်ကိရိယာတွင်ကျယ်စွာအသုံးပြုနိုင်ရေးနှင့် ဝါအခြေခံသည့် စက်မှုကုန်ထုတ်လုပ်ငန်းများ တိုးမြှင့်လာစေရေး ကြိုးပမ်းအကောင်အထည်ဖော်



**နေပြည်တော် ဇူလိုင် ၁၉**

ကျောပိုးဝါဆွတ်စက်ဖြင့် ဝါဆွတ်ခူးမှု သရုပ်ပြခြင်းကို ဇူလိုင် ၁၈ ရက် နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ် ဝါသီးနှံမျိုးသန့်ခြံ(ချောင်းမကြီးခြံ)နှင့် ဝမ်းတွင်းမြို့နယ် ဝါသီးနှံ သုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံ (ရွှေတောင်ခြံ)တို့၌ကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် တက်ရောက်အားပေးပြီး နည်းပညာနှင့် လိုအပ်ချက်များကို မိမိတို့ဝန်ကြီးဌာနက လုပ်ထုံးလုပ်နည်းများနှင့်အညီ အပြည့်အဝကူညီဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

သရုပ်ပြပွဲများတွင် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ကျောပိုးဝါဆွတ်စက်အသုံးပြု၍ ဝါဆွတ်ခူးခြင်းဖြင့် လုပ်သားလိုအပ်ချက်နည်းပါးမှု၊ အချိန်တိုအတွင်း ဝါအလေအလွင့်မရှိ ဆွတ်ခူးသိမ်းဆည်းနိုင်မှုတို့ကို ရှင်းလင်းပြသကြပြီး ဒေသခံဝါတောင်သူများကို ပြည်ထောင်စုဝန်ကြီးက တစ်နှစ်ပတ်လည်စိုက်ပျိုးလုပ်ကိုင်မှုနှင့် တောင်သူ့အကျိုးအမြတ်၊ အသားတင်ဝင်ငွေ အခြေအနေများကို ရင်းနှီးပွင့်လင်းစွာမေးမြန်းပြီး ဝါစိုက်ပျိုးထွက်ရှိမှုအားလုံးကို တောင်သူကိုယ်တိုင် စိတ်ကြိုက်ရောင်းချခွင့်ရှိသဖြင့် အမှန်တကယ် အကျိုးစီးပွားဖြစ်စေနိုင်မှုအပေါ်မူတည်၍ မြေအောက်ရေတူးဖော်အသုံးပြုခြင်း အပါအဝင် ထိုက်သင့်သည့် ရင်းနှီးမတည်မှုများကို တောင်သူများအပိုင်းက ထည့်သွင်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားကာ တာဝန်ရှိသူများက စိုက်ပျိုးထုတ်လုပ်မှု တိုးတက်ရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးကြသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ပုသိမ်ကြီးမြို့နယ် ကြူဝန်းကျေးရွာအနီးရှိ ထုံးဘိုပိုးစာခြံ၏ လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ပိုးစာသုတေသနလုပ်ငန်းများ၊ အပူပိုင်းဒေသပိုးစာပင်စိုက်ပျိုးခြင်းနှင့် ပိုးမွေးမြူခြင်းလုပ်ငန်းများကို နည်းစနစ်ကျကျအောင်မြင်စွာဆောင်ရွက်ရန်၊ ပိုးစာမျိုးများနှင့် ပိုးမွေးမြူခြင်းနည်းပညာများ မြှင့်တင်ဆောင်ရွက်ရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

---

## ○ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်မှ

ဗိုလ်ချုပ်ရဲ့ လွတ်လပ်ရေးကြိုးပမ်းမှုတွေ၊ မိသားစုဘဝနဲ့ သမိုင်းကြောင်းတွေကို စုံစုံလင်လင်ပြသထားပါတယ်။ ကျောင်းသား၊ ကျောင်းသူတွေ၊ ပြည်သူတွေ စိတ်ဝင်တစားနဲ့အများအပြားလာရောက် ကြည့်ရှုလေ့လာကြတာကို တွေ့ရပါတယ်”ဟု အမျိုးသားပြတိုက်(ရန်ကုန်) ဒုတိယညွှန်ကြားရေးမှူး ဒေါ်သီသီသောင်းက ပြောသည်။

ဗိုလ်ချုပ်အောင်ဆန်းနေထိုင်ခဲ့သည့် နေအိမ်ပြတိုက်၌ အများပြည်သူကြည့်ရှုလေ့လာနိုင်ရန် ပြကွက်အမျိုးမျိုးကို ခင်းကျင်းပြသထားပြီး ပြကွက်(၁)အဖြစ် ပြတိုက်ဝင်ပေါက်အနီး ဗိုလ်ချုပ်အောင်ဆန်းစီးခဲ့သည့် မော်တော်ယာဉ်ကို ပြသထားသည်။

ပြတိုက် အတက်လမ်းတွင် ဗိုလ်ချုပ်အောင်ဆန်းနေအိမ်အား ရေးမူမပျက် အဆင့်ဆင့်ပြင်ဆင်ခဲ့သည့် မှတ်တမ်းဓာတ်ပုံများကို ပြသထားပြီး ပြကွက်(၂)အဖြစ် လေသာဆောင်၌ ကုလားထိုင်တွင် ဗိုလ်ချုပ်စာဖတ်နေဟန် စီလီကွန်ရုပ်တုကို ပြသထားရာ ကျောင်းသား၊ လူငယ်များနှင့် ပြည်သူအများ အထူးစိတ်ဝင်တစားလေ့လာကြည့်ရှုခဲ့ကြသည်။

ထို့အတူ ပြကွက်(၃)အဖြစ် အိမ်အတွင်း၌ ဗိုလ်ချုပ်နှင့်မိသားစု ထမင်းစားဝိုင်းကို ပြသထားပြီး စားပွဲပေါ်တွင် ဗိုလ်ချုပ်က ဇနီးဖြစ်သူ ဒေါ်ခင်ကြည်အား ပဲပြုတ်စားလိုကြောင်း ရေးသားပေးခဲ့သည့် ဗိုလ်ချုပ်၏လက်ရေးမူကိုလည်း ပြသထားသည်။ ထို့ပြင် စတိုခန်းနှင့် အစားအသောက်ပြင်ဆင်ပေးသည့်အခန်း၌ နည်းပညာပြခန်း (Digital Room)ကို ပြသထားရာ လူအများစိတ်ဝင်တစား ကြည့်ရှုလေ့လာကြသည်။

ပြကွက်(၄)အဖြစ် နေအိမ်၏ ဧည့်ခန်းမ၌ ပန်းချီဆရာကြီး ဦးငွေကိုင် ရေးဆွဲခဲ့သော ဗိုလ်ချုပ်စိုက်ပျိုးရေးလုပ်နေသည့် ‘အိမ်နောက်ဖေး ဈေးဆိုင်တည်’ပန်းချီကားကို ပြသထားပြီး ထိုပန်းချီကားဘေး၌ ဗိုလ်ချုပ်အောင်ဆန်းအား အိန္ဒိယနိုင်ငံ၏ ခေါင်းဆောင်မစ္စတာနေရူးပေးခဲ့သည့် ကုတ်အင်္ကျီ၊ ဗိုလ်ချုပ်တို့အသုံးပြုခဲ့သည့် စားပွဲ၊ ကုလားထိုင်များနှင့် နံရံ၌ ဗိုလ်ချုပ် စစ်ဝတ်စုံနှင့် ကိုယ်တစ်ပိုင်း ဓာတ်ပုံ၊ မိသားစုဓာတ်ပုံနှင့် ဗိုလ်ချုပ်မင်္ဂလာဆောင်စဉ်ကဓာတ်ပုံတို့ကို နံရံ၌ချိတ်ဆွဲပြသထားသည်။

အလားတူ ပြကွက်(၅)အဖြစ် အပေါ်ထပ် ဘယ်ဘက်အခြမ်း၌ ဗိုလ်ချုပ်တို့ဇနီးမောင်နှံအိပ်ခန်း၊ ခုတင်၊ ဗိုလ်ချုပ်တို့ဇနီးမောင်နှံ ဓာတ်ပုံများ၊ ဗိုလ်ချုပ်အသုံးပြုခဲ့သည့် အဝတ်အထည်များ၊ ဦးထုပ်များနှင့် ရှူးဖိနပ်တို့ကို ပြသထားပြီး ထိုအခန်းနှင့်ကပ်လျက် အခန်း၌ ဗိုလ်ချုပ်စာဖတ်ခန်းကို ပြသထားသည်။

အလားတူ ပြကွက်(၆)အဖြစ် ကလေးများအိပ်ခန်း၊ အိပ်ခန်းအတွင်း အောင်ဆန်းလင်း၏ အဝတ်အစားများ၊ ကစားစရာများ၊ ကျောင်းစာအုပ်များနှင့် အောင်ဆန်းလင်း၏ လက်ရေးမူစာသားနှင့် ဗိုလ်ချုပ်တို့ မိသားစုဓာတ်ပုံများကို ပြသထားသည်။

ကလေးအိပ်ခန်းနှင့်ကပ်လျက် အထူးအစည်းအဝေးခန်းတွင်ဗိုလ်ချုပ်အောင်ဆန်း၏ မိန့်ခွန်းကောက်နုတ်ချက်၊ ဗိုလ်ချုပ်နှင့် ဂျိန်းဖောတိုင်းရင်းသူများ ဓာတ်ပုံနှင့် ဂျိန်းဖောဝတ်စုံဖြင့် ရိုက်ကူးထားသည့် ဒေါ်ခင်ကြည်၏ဓာတ်ပုံတို့ကို ချိတ်ဆွဲပြသထားသည်။

အစည်းအဝေးခန်း အပြင်ဘက် လျှောက်လမ်းမှ လှေကားအနီးအိမ်အောက်ထပ်၌မီးဖိုခန်း၊ ထိုနေရာမှ အိမ်အနောက်ဘက်၌ ဗိုလ်ချုပ်ကိုယ်တိုင် စိုက်ခင်းအတွင်း စိုက်ပျိုးနေသည့် စီလီကွန်ရုပ်တုကို ပြသထားသည်။

နောက်ဆုံးပြကွက် ပြကွက်(၇)အဖြစ် ပြတိုက်အထွက်လမ်း၌ နည်းပညာပြကွက်များနှင့် ဉာဏ်စမ်းပဟေဠိအစီအစဉ်ကို ပြသဆောင်ရွက်ထားပြီး ဉာဏ်စမ်းပဟေဠိ ဖြေဆိုအောင်မြင်သူများကို အမှတ်တရလက်ဆောင်များလည်း ပေးအပ်ခဲ့သည်။

မြန်မာ့လွတ်လပ်ရေး ဗိသုကာ ဗိုလ်ချုပ်အောင်ဆန်း နေထိုင်ခဲ့သည့် နေအိမ်ပြတိုက်ကို တနင်္လာနေ့နှင့်အများပြည်သူ ရုံးပိတ်ရက်များမှအပ အခြားနေ့များတွင် နေ့စဉ် နံနက် ၉ နာရီ ခွဲမှ ညနေ ၄ နာရီခွဲထိ ဖွင့်လှစ်ပြသလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**









---


**ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း**

၁။ ကာကွယ်ရေးဝန်ကြီးဌာန (https://www.mod.gov.mm)
၂။ ဥပဒေရေးရာဝန်ကြီးဌာန (https://www.mlis.gov.mm)
၃။ ပြန်ကြားရေးဝန်ကြီးဌာန (https://www.moi.gov.mm)
၄။ Myawady Webportal (https://myawady.net.mm)
၅။ Myanmar National Portal (https://myanmar.gov.mm)




ကရင်ပြည်နယ် မြဝတီခရိုင် ရွှေကုက္ကိုလ်နယ်မြေရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများလုပ်ကိုင်ခဲ့သည့် တရားမဝင် အဆောက်အအုံ ဖောက်ခွဲဖျက်ဆီးမှုပြမြေပုံ။





ကရင်ပြည်နယ် မြဝတီခရိုင် ရွှေကုက္ကိုလ်နယ်မြေရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ကိုင်ခဲ့သည့် တရားမဝင် ၁၂ ထပ် အဆောက်အအုံ မဖြိုဖျက်မီတွေ့ရစဉ်။





ကရင်ပြည်နယ် မြဝတီခရိုင် ရွှေကုက္ကိုလ်နယ်မြေရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ကိုင်ခဲ့သည့် တရားမဝင် ၁၂ ထပ် အဆောက်အအုံကို ယမ်းဖြင့် ဖောက်ခွဲဖျက်ဆီးရန် ပြင်ဆင်နေမှု တွေ့ရစဉ်။

**● ရွှေကုက္ကိုလ်မှ**


ယနေ့တွင် ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ တရားမဝင် ၁၂ ထပ် အဆောက်အအုံ တစ်လုံးကို ထပ်မံ၍စနစ်တကျဖောက်ခွဲ ဖြိုချဖျက်ဆီးခဲ့ကြောင်း သိရသည်။

ရွှေကုက္ကိုလ် နယ်မြေအတွင်း၌ အွန်လိုင်းလိမ်လည် လောင်းကစား လုပ်ငန်းများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အဆောက်အအုံ ၇၇ လုံးအနက် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၅၇ လုံးနှင့် ဖောက်ခွဲ၍ ဖျက်ဆီးမည့် အဆောက်အအုံ အလုံး ၂၀ ဟူ၍အဆောက်အအုံအမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ပြီး စနစ်တကျဖြိုချ ဖျက်ဆီးလျက်ရှိရာ ယနေ့တွင် ဖောက်ခွဲဖျက်ဆီးရန် သတ်မှတ်ထားသည့် အဆောက်အအုံ အလုံး ၂၀ အနက် ၁၂ ထပ် အဆောက်အအုံ တစ်လုံးကို စနစ်တကျ ထပ်မံဖြိုချ ဖျက်ဆီးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များအနေဖြင့် ယနေ့ထိ အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်းများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင် အဆောက်အအုံ စုစုပေါင်း ၇၅ လုံးကို စနစ်တကျဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်းနှင့် ဖျက်ဆီးရန် ကျန်ရှိသည့် တရားမဝင်အဆောက်အအုံ နှစ်လုံးကိုလည်း ဆက်လက်၍ စနစ်တကျ ဖျက်ဆီးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၅၀၁)

**❒ နေရာကွက်၍မိုးကြီးနိုင်မှ**




နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်း ကျစဉ် ရေပြင်၊မြေပြင်လေသည် တစ်နာရီ လျှင် မိုင် ၃၀ မှ ၃၅ မိုင်ထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင် တို့တွင် ကိုးပေမှ ၁၁ ပေခန့် ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းလာနိုင်ခြင်းကြောင့် လည်းကောင်း၊ ဘင်္ဂလားပင်လယ်အော်တွင် လေထုမငြိမ်မသက်မှုများ ဖြစ်ပေါ်လာနိုင်ခြင်းကြောင့် လည်းကောင်း မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက် ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်း ရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ရန် အသိပေးနှိုးဆော်အပ်ပါသည်။ **(မိုး/ဇလ)**

## ၂၀၂၆ ခုနှစ် ဇူလိုင် ၁၉ ရက် ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး(Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၆၉၀၀၀၀၀ ကျပ်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

**■ လျှပ်စစ်ဥပဒေမှ**

မီတာအမည်ပေါက် ဦးစန်းဦး၏ကော်ဖီစေ့ လုပ်ငန်းတွင် အသုံးပြုထားသော Transformer နှင့် တွဲဖက်တပ်ဆင်ထားသည့် Digital Meter ၏ Cover Seal ပြုပြင်ထားပြီး လျှပ်စစ်ဓာတ်အား ခိုးယူသုံးစွဲထားကြောင်း စစ်ဆေးတွေ့ရှိခဲ့ရသဖြင့် မီတာချက်ချင်းဖြုတ်သိမ်းခဲ့သည်။

ယင်းသို့ခိုးယူသုံးစွဲမှုကြောင့် လျှပ်စစ်ဓာတ်အားယူနစ် လေးသိန်း လေးသောင်းကျော် နစ်နာဆုံးရှုံးခဲ့ရပြီး လျော်ကြေး၊ ဒဏ်ကြေး ငွေကျပ် ၃၀၁၈၉၃၅၇၅ (ကျပ်သုံးရာ့ တစ်သန်း ရှစ်သိန်း ကိုးသောင်း သုံးထောင် ငါးရာ ခုနစ်ဆယ့် ငါးကျပ် တိတိ)ကို ပေးဆောင်စေမည် ဖြစ်သည့်အပြင် လျှပ်စစ်ဥပဒေအရခြောက်လ ဓာတ်အားပေးခြင်းအား ရပ်ဆိုင်းသွားမည်ဖြစ်ပြီး လျော်ကြေး၊ ဒဏ်ကြေးငွေကို ၁၄ ရက်အတွင်း မသွင်းပါက လျှပ်စစ်ဥပဒေနှင့်အညီ တရားစွဲဆိုဆောင်ရွက်သွားမည် ဖြစ်သည်။

လျှပ်စစ်ဓာတ်အား ခိုးယူအသုံးပြုမှုများကို Control Center များမှ စောင့်ကြည့်စစ်ဆေးဖော်ထုတ်နိုင်ခြင်းနှင့် ပြည်သူများ၏ပူးပေါင်းဆောင်ရွက်မှုများ ထူးကဲစွာတိုးမြှင့်ရရှိလာသည့်အတွက် ပိုမိုဖော်ထုတ်လာနိုင်ခြင်းတို့သည် နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အားစနစ် တိုးတက်ဖွံ့ဖြိုးလာစေရေးအတွက် များစွာအထောက်အပံ့ဖြစ်စေလျက်ရှိရာ ပြည်သူများအနေဖြင့် ပိုမို၍ပူးပေါင်းဆောင်ရွက်ပေးကြပါရန် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက မေတ္တာရပ်ခံထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ထူးခြားသည့် နေ့အပူချိန်များ

( ၁၉ - ၇ - ၂၀၂၆ )

| | | | | |
|---|---|---|---|---|
| ထားဝယ် | ၃၄ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် |
| ချောက် | ၃၄ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယပ် |
| ရန်ကုန် | ၃၄ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| မြောင်းမြ | ၃၄ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| ဇလွန် | ၃၄ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| ကလေးဝ | ၃၄ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယပ် |
| ညောင်ဦး | ၃၄ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် |
| ဇောင်းတူ | ၃၄ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် |

# ရေဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၉၇၇၉ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ရေဦး ဇူလိုင် ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် ရေဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၉၇၇၉ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရေဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ရေဦးမြို့နယ်တွင် မြေပဲ ၁၁၃၂၉ ဧက စိုက်ပျိုးရန်လျာထားပြီး မေလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၉၇၇၉ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ရေဦးမြို့နယ်မှာ မြေပဲ ဧက ၁၀၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၉၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ ဆီထွက်သီးနှံအနေနဲ့ အောင်မြင်တဲ့ အနေအထားမှာရှိပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်"ဟု ရေဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးငြိမ်းသန့်က ပြောပြသည်။

ရေဦးမြို့နယ်တွင် မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းရေး၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေရေး၊ ပေါင်းမြက်ကင်းစင်စေရေးအတွက် စိုက်ခင်းများအတွင်း ကွင်းဆင်းစစ်ဆေးပြီး ကင်းထောက် မှတ်တမ်းယူခြင်းလုပ်ငန်းများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မြေပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း ရေဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးငြိမ်းသန့်က ပြောပြ၍ သိရသည်။

(၂၀၆)

# ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ပုစွန်အစုံပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ဖျာပုံ ဇူလိုင် ၁၉**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ပုစွန်အစုံပိဿာချိန် အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဖျာပုံမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ကေသီထွန်းက ပြောပြသည်။

ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်းက ပုစွန်အစုံပိဿာချိန် ၄၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇွန်လအတွင်း ပုစွန်အစုံပိဿာချိန် ၄၉၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဒေသမှ ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များသည် ဒေသမှ ထွက်ရှိသည့် ပုစွန်များဝယ်ယူပြီး စနစ်တကျသန့်စင်ကာ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

"ဖျာပုံမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို ရေထွက်ကုန်တွေ တင်ပို့ရောင်းချနေပါတယ်။ ပြီးခဲ့တဲ့ဇွန်လအတွင်း ပုစွန်အစုံပိဿာချိန် ၄၉၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ပုစွန်အပါအဝင်ရေထွက်ကုန်တွေ တင်ပို့ရောင်းချနေရတာကြောင့် ရေလုပ်သားတွေ၊ ပွဲရုံပိုင်ရှင်တွေ အလုပ်အကိုင် အခွင့်အလမ်းကောင်းလာပါတယ်။ ရေထွက်ကုန်တွေကို ကုန်တင်ကားတွေနဲ့



အများဆုံး တင်ပို့ရောင်းချခဲ့ရပါတယ်"ဟု ဖျာပုံမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ကေသီထွန်းက ပြောပြသည်။

ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း တင်ပို့ရောင်းချခဲ့သည့် ပုစွန်ဘော့ချိတ် တစ်ပိဿာလျှင် ငွေကျပ် ၂၇၀၀၀ မှ ၃၆၀၀၀၊ ပုစွန်ဆိတ်သေး တစ်ပိဿာလျှင် ငွေကျပ် ၂၂၀၀၀ မှ ၂၄၅၀၀၊ ပုစွန်ဆိတ်ကြီး တစ်ပိဿာလျှင် ငွေကျပ် ၂၄၅၀၀ မှ ၂၅၅၀၀၊ ပုစွန်ပြောင်တုပ်ကြီး တစ်ပိဿာလျှင် ငွေကျပ် ၄၅၀၀၀ မှ ၇၀၀၀၀ ထိ လတ်ဆတ်မှုနှင့် အရွယ်အစားအပေါ်မူတည်ပြီး ဈေးနှုန်းအနိမ့်အမြင့်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ညောင်ရွှေမြို့နယ် ဟဲယာရွာမကျေးရွာ၌ RBF စီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ညောင်ရွှေ ဇူလိုင် ၁၉**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောခရိုင် ညောင်ရွှေမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဟဲယာရွာမကျေးရွာအုပ်စု ဟဲယာရွာမကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်း စီမံကိန်း (RBF)လုပ်ငန်းများ ဆောင်ရွက်နေမှုကို ဇူလိုင် ၁၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကလောခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ဇော်လင်း၊ ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ယုယုနှင့် ဝန်ထမ်းများက ဟဲယာရွာမကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်း စီမံကိန်း(RBF) ရန်ပုံငွေကျပ် သန်း ၃၀ ဖြင့် ချည်ထည်လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် စာရင်းပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးအောင်ဇော်လင်းက ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းစီမံကိန်း (RBF)နှင့် ပတ်သက်၍ လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

အဆိုပါ ဟဲယာရွာမကျေးရွာ၌ ချည်ထည်လုပ်ငန်းလုပ်ကိုင်နေသည့် အဖွဲ့ လေးဖွဲ့မှ အဖွဲ့ဝင် ဦးရေ ၂၀ ကို RBF စီမံကိန်းရန်ပုံငွေကျပ် သန်း ၃၀ ထုတ်ချေးပေးထားကြောင်း ကလောခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ဇော်လင်းက ပြောပြ၍ သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

## လူချွန်လူကောင်းဖြစ်စေကြောင်း

- စည်းကမ်းသည် လူ့တန်ဖိုး
ချစ်မြတ်နိုး ကျင့်သုံးပါ၊
ဆိုးမသော် မရှောင်လွဲနှင့်
အမြဲလိုက်နာ၊
စာရိတ္တက ဂုဏ်ထည်ဝါ
လူပုံလယ်မှာ ဝင့်ဝင့်ကြွား၊
ဘဝတစ်လျှောက် သမိုင်းကြောင်း
ကောင်းအောင်ကြိုးစား။

- ငယ်ရွယ်စဉ် စာကြိုးစားလို့
အမှန်အမှား ခွဲခြားသော်၊
ကြီးလာလျှင် လူကောင်းဖြစ်ဖို့
ထုဆစ်ပုံဖော်၊
ဖြောင့်မတ်မှ ဂုဏ်သတင်းကျော်
မြင့်တင်နော် ကိုယ်ရည်သွေး၊
အနာဂတ်မှာ ကြယ်တစ်ပွင့်
ဂုဏ်တင့်အောင်လေး။

- ဆုံးဖြတ်ပါ ကိုယ်ပိုင်အတွေး
လမ်းမှန်ရွေး လျှောက်ကြရန်၊
စိတ်ဓာတ်ကို မယိုင်မလဲ
ခိုင်မြဲရှင်သန်၊
အသုံးချ ကိုယ်ပိုင်ဉာဏ်
ရဲရင့်ပြန် ပွဲလယ်တင့်၊
လူရည်ချွန် ကမ္ဘာ့ထိုးလို့
တန်ဖိုးဂုဏ်မြင့်။ ။

**အလင်္ကာ(ပွင့်ဖြူ)**

# သရက်ချောင်းမြို့နယ် ဘုတ်ကိုင်းကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**သရက်ချောင်း ဇူလိုင် ၁၉**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် သရက်ချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဘုတ်ကိုင်းကျေးရွာ၌ သတ္တမအကြိမ် ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်း (VRFP)ရန်ပုံငွေ ထုတ်ချေးပေးခြင်းကို ဇူလိုင် ၁၈ ရက် နံနက်ပိုင်းက အဆိုပါ ကျေးရွာစုရပ်ဆောင်၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သရက်ချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကောင်းမြတ်ထက်က ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်း ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံဝန်ထမ်းက ရန်ပုံငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၃၅၉ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ဘုတ်ကိုင်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၆၉ ဦး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ လေးဦး၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ရှစ်ဦး၊ အခြားလုပ်ငန်း လုပ်ကိုင်သူ နှစ်ဦး၊ ကုန်ထုတ်လုပ်ငန်း လုပ်ကိုင်သူ ငါးဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၈၈ ဦးကို ရန်ပုံငွေကျပ် ၃၅၉ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**အိပိုးပိုး**

# ၇၉ နှစ်မြောက် အာဇာနည်နေ့မှသည်

ဝင်းဇင်(သုတေသန)

နှစ်စဉ်ဇူလိုင်လရောက်လာပြီဆိုလျှင် တိုင်းသူပြည်သားအားလုံး ဆွေးဆွေးမြည့်မြည့် နာနာကျင်ကျင်ခံစားကြရသည်။ ကျိတ်မနိုင်ခဲမရဖြစ်ခဲ့ရသည့် ထိုဝေဒနာကို လွန်ခဲ့သော ၇၉ နှစ်လောက်ကတည်းက မချိတင်ကဲခံစားလာခဲ့ရခြင်းဖြစ်သည်။ ကမ္ဘာတည်သရွေ့ ထိုဝေဒနာကို ဖျောက်ဖျက်၍ရနိုင်မည်မဟုတ်ချေ။ ထိုဝေဒနာသည် ပြည်သူများကြားသို့ အလိုအလျောက်ကိန်းအောင်းနေခြင်း မဟုတ်ပါ။ လွန်ခဲ့သော ၇၉ နှစ် ဇူလိုင် ၁၉ ရက် ၁၀ နာရီ ၃၇ မိနစ်ခန့်တွင် နယ်ချဲ့လက်ပါးစေ အကြံပက်စက်သူ လူတစ်စု၏လက်ချက်ကြောင့် မြန်မာနိုင်ငံ၏အာဇာနည်ကြယ်ပွင့်များ ကြွေလွင့်ခဲ့ရခြင်းကြောင့်ဖြစ်သည်။

မြန်မာနိုင်ငံတွင် နိုင်ငံတော်အထိမ်းအမှတ်နေ့ထူးနေ့ရက်အဖြစ် လွတ်လပ်ရေးနေ့၊ ပြည်ထောင်စုနေ့၊ တပ်မတော်နေ့၊ အာဇာနည်နေ့ဟူ၍ သတ်မှတ်ထားသည်။ ထိုနေ့ရက်လေးရက်သည် မြန်မာ့သမိုင်းတွင် ပျောက်ပျက်မေ့မှိန်မသွားသည့်တစ်တိုင်းပြည်လုံးနှင့်သက်ဆိုင်သော နေ့ထူးနေ့ရက်များဖြစ်သည်။ လွတ်လပ်ရေး ကြိုးပမ်းမှုနှင့်သက်ဆိုင်သည့် အထင်ကရနေ့ကြီးရက်ကြီးများ ဖြစ်ပေါ်လာရခြင်းအကြောင်းများထဲမှ အမျိုးသားခေါင်းဆောင်၊ လွတ်လပ်ရေးဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်း၏ တိုင်းပြည်နှင့်လူမျိုးအတွက် ကိုယ်ကျိုးစွန့်လွှတ်ပေးဆပ်ဆောင်ရွက်မှုများမှာ ယနေ့ထက်တိုင် မမေ့နိုင်စရာဖြစ်သည်။ ပြည်သူများ၏ရင်ထဲတွင် ကမ္ဘာတည်သရွေ့ ထာဝစဉ်ကိန်းအောင်းနေမည်ဖြစ်သည်။

**အာဇာနည်ဆိုသည်မှာ**

အာဇာနည်ဆိုသည်မှာ အကြောင်းဟုတ်မဟုတ်ကိုကောင်းစွာသိသောသူ၊ သာမန်ထက်လက်ရုံးရည်၊ နှလုံးရည် ထူးကဲသာလွန်၍ အများအကျိုးအတွက် သက်စွန့်ကြိုးပမ်းဆောင်ရွက်သူဟူ၍ မြန်မာအဘိဓာန်၌ အဓိပ္ပာယ်ဖွင့်ဆိုထားသည်။ ထို့ပြင် အာဇာနည်ပုဂ္ဂိုလ်ဆိုသည်မှာ ကိုယ်ကျိုးမဖက်အနစ်နာခံခြင်း၊ အမျိုးဘာသာသာသနာအတွက် စွန့်လွှတ်အနစ်နာခံခြင်း၊ တိုင်းပြည်အတွက် အရိုးကြေကြေ၊ အရေခန်းခန်း အသက်ကိုပဓာနမထားဘဲ ရှပ်ရှပ်ချွံချွံဆောင်ရွက်ခြင်း၊ အမှန်တရားအတွက် လူထုရှေ့သို့ထွက်၍ မားမားမတ်မတ်ရပ်တည်တာဝန်ခံပေးခြင်း၊ အရာရာကို လမ်းညွှန်ပြသဦးဆောင်နိုင်ခြင်း၊ ပြည်သူလူထုအကျိုးစီးပွားတိုးတက်အောင်ဆောင်ရွက်ပေးခြင်း၊ အကျင့်စာရိတ္တကောင်းမွန်ပြည့်စုံခြင်း၊ စည်းကမ်းလိုက်နာခြင်း စသည့်အရည်အချင်းများနှင့် ပြည့်စုံသူများဖြစ်သည်။ မည်သို့ပင်ဆိုစေကာမူ "အာဇာနည်မျိုးသေရိုးမရှိ"ဆိုသောစကားမှာ ထာဝရမှန်ကန်နေမည်သာဖြစ်သည်။ စင်စစ်အားဖြင့် အာဇာနည်ခေါင်းဆောင်ကြီးများသည် နိုင်ငံသူ၊ နိုင်ငံသားအားလုံး၏ ရင်ထဲ၊ အသည်းထဲတွင် ထာဝစဉ်ရှင်သန်နေမည်ဖြစ်သည်။

**အာဇာနည်နေ့**

၂၀၂၆ ခုနှစ် ဇူလိုင် ၁၉ ရက်သည် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများကျဆုံးခဲ့သည့် ၇၉ နှစ်ပြည့်မြောက်သော "အာဇာနည်နေ့"ပင်ဖြစ်သည်။ ငယ်စဉ်ကတည်းကပင် အာဇာနည်နေ့ရောက်ရှိလျှင် အာဇာနည်ခေါင်းဆောင်ကြီးများကို အောက်မေ့သတိရပြီး မျက်ရည်စို့ခဲ့ရသည်မှာ အကြိမ်ကြိမ်အခါခါပင်ဖြစ်သည်။ ထိုဖြစ်စဉ်ကိုတွေးမိပြီး ယူကျုံးမရလည်းဖြစ်ခဲ့ရသည်။ အထူးသဖြင့် တပ်မတော်၏ဖခင်၊ လွတ်လပ်ရေးဗိသုကာ၊ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းလုပ်ကြံခံရမှုအပေါ် မချိတင်ကဲဖြစ်ရသည်။ ဗိုလ်ချုပ်အောင်ဆန်းသည် နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေးနှင့် လူမှုရေးနယ်ပယ်တွင်သာမက စာရေးစာဖတ်လည်း ဝါသနာထုံခဲ့သည်။

လွတ်လပ်ရေးဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်အတူ တိုင်းပြည်လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်ခဲ့သူ အောက်ဖော်ပြပါ အာဇာနည်ခေါင်းဆောင်ကြီးများလည်းကျဆုံးခဲ့ရသဖြင့် တိုင်းပြည်တစ်ခုလုံး အုန်းအုန်းကျွက်ကျွက်ဖြစ်ခဲ့ရသည်။

❖ **အာဇာနည်ခေါင်းဆောင်ကြီးများသည် တိုင်းပြည်လွတ်လပ်ရေးအတွက် အသက်ကိုပင်စွန့်လွှတ်ခဲ့ကြသည်။ ထို့ကြောင့် မျိုးဆက်သစ်လူငယ်များအနေဖြင့် အာဇာနည်ခေါင်းဆောင်ကြီးများ၏ စိတ်နေစိတ်ထားနှင့် စွန့်လွှတ်အနစ်နာခံမှု၊ ကြိုးပမ်းအားထုတ်မှုများကို အားကျအတုယူကာ တိုင်းပြည်တည်ဆောက်ရေးလုပ်ငန်းများတွင် တတ်နိုင်သမျှ ဝိုင်းဝန်းပါဝင် ဆောင်ရွက်သွားရန်လိုအပ်သည်။ ထိုသို့ဆောင်ရွက်သွားမည်ဆိုလျှင် မဝေးတော့သည့် အနာဂတ်တွင် တိုင်းရင်းသားပြည်သူများလိုလားတောင့်တနေသည့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုနှင့် ထာဝရငြိမ်းချမ်းရေးကို အပြည့်အဝတည်ဆောက်သွားနိုင်မည်ဖြစ်သည်။** ❖

(က) သခင်မြ (၁၈၉၇-၁၉၄၇)
(ခ) ဦးဘချို (၁၈၉၃-၁၉၄၇)
(ဂ) ဦးရာဇတ် (၁၈၉၈-၁၉၄၇)
(ဃ) ဦးဘဝင်း (၁၉၀၁-၁၉၄၇)
(င) မန်းဘခိုင် (၁၉၀၃-၁၉၄၇)
(စ) မိုင်းပွန်စော်ဘွားစဝ်စံထွန်း (၁၉၀၇-၁၉၄၇)
(ဆ) ဦးအုန်းမောင် (၁၉၁၃-၁၉၄၇)
(ဇ) ရဲဘော်ကိုထွေး (၁၉၂၉-၁၉၄၇)

ထိုစဉ်က လေ့လှော်ရင်းတက်ကျိုးသလိုဖြစ်ခဲ့ရသည်။ ပြည်သူတို့၏ မျှော်လင့်ချက်မေးမှိန်ခဲ့ရသည်။ သို့သော် အာဇာနည်ခေါင်းဆောင်ကြီးများ၏ လမ်းစဉ်အတိုင်း ဆက်လက်အကောင်အထည်ဖော်ခဲ့သဖြင့် ၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် လွတ်လပ်ရေးရရှိခဲ့သည်။

နယ်ချဲ့လက်ပါးစေများ မည်သို့ပင်ဟန့်တား နှောင့်ယှက်နေစေကာမူ အာဇာနည်ခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်းသည် ကိုယ်ကျိုးမဖက် စွန့်လွှတ်အနစ်နာခံလျက် မြန်မာ့လွတ်လပ်ရေးကို အသက်ပေးကာ ရယူပေးနိုင်ခဲ့သည်။ ဗိုလ်ချုပ်နှင့် အာဇာနည်ပုဂ္ဂိုလ်ကြီးများ၏ စွန့်လွှတ်အနစ်နာခံမှုကြောင့် မျိုးဆက်သစ်တို့သည် လွတ်လပ်ရေးအသီးအပွင့်ကိုခံစားနိုင်ခြင်းဖြစ်သည်။ ထိုလွတ်လပ်ရေးသည် မျက်စိတစ်မှိတ်အတွင်း ဆုံးရှုံးသွားနိုင်သဖြင့် ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရန်သည် မျိုးဆက်သစ်လူငယ်အားလုံး၏ တာဝန်ဖြစ်သည်။

**ဥသြဆွဲခြင်း**

စာရေးသူတို့ငယ်စဉ်က အာဇာနည်နေ့ရောက်တိုင်း ၁၀ နာရီ ၃၇ မိနစ်တွင် မြန်မာ့အသံမှ ဥသြဆွဲသံကိုကြားခဲ့သည်။ ထိုအချိန်တွင် သွားလာလှုပ်ရှားနေသော ပြည်သူများနှင့်ယာဉ်များသည် ခေတ္တရပ်နားပြီး အာဇာနည်ပုဂ္ဂိုလ်ကြီးများကို ရည်မှန်းကာ ငြိမ်သက်စွာဖြင့် အမျှဝေဆုတောင်း မေတ္တာပို့ကြသည်။ လက်ရှိအချိန်တွင်လည်း ရုပ်မြင်သံကြားနှင့်မြန်မာ့အသံတို့မှ ဥသြဆွဲပေးသဖြင့် သွားလာလှုပ်ရှားနေသည့်ယာဉ်များအပါအဝင် ပြည်သူအားလုံးသည် ရပ်တန့်ပြီး အာဇာနည်ခေါင်းဆောင်ကြီးများအတွက် ဆုတောင်းမေတ္တာပို့ကြသည်။ ထို့ပြင် အာဇာနည်နေ့တွင် အာဇာနည်ခေါင်းဆောင်ကြီးများကို ရည်မှန်းကာ ဘုရားအမှူးပြုသော သံဃာတော်များကို ဆွမ်း၊ သင်္ကန်းလှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်း၊ ဇီဝိတဒါနအဖြစ် ငှက်ကလေးများနှင့် ငါးများကိုလွှတ်ပေးခြင်း စသည့်ကောင်းမှုကုသိုလ်များပြုလုပ်လျက် အမျှပေးဝေကြသည်။ ထို့ကြောင့်ဗိုလ်ချုပ်နှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများသည် ကောင်းရာသုဂတိဘုံဘဝတွင် ရောက်ရှိနေကြမည်မှာ အသေအချာပင်ဖြစ်သည်။

အထူးသဖြင့် အာဇာနည်နေ့တွင် ရန်ကုန်မြို့ရှိ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်နှင့် နတ်မောက်မြို့ရှိ ဗိုလ်ချုပ်နေအိမ်တို့ကိုလည်း အထူးအစီအစဉ်ဖြင့် ဖွင့်လှစ်ပေးထားသည်။ မျိုးဆက်သစ်လူငယ်များအနေဖြင့် ဗိုလ်ချုပ်၏မိသားစုဘဝနှင့် လွတ်လပ်ရေးကြိုးပမ်းမှုကာလ လှုပ်ရှားဆောင်ရွက်မှုများကို သိရှိလေ့လာနိုင်ရန်ဖြစ်သည်။

**ဗိုလ်ချုပ်အောင်ဆန်း၏ မျှော်မှန်းချက်**

ပြည်သူတို့သည် နှစ်စဉ်အာဇာနည်နေ့ရောက်ရှိမှသာ အာဇာနည်ပုဂ္ဂိုလ်ကြီးများကို လာရောက်အလေးပြုနေရုံမျှဖြင့် နိုင်ငံသားတစ်ဦး၏ တာဝန်ကျေပွန်မည်မဟုတ်ချေ။ နိုင်ငံသားတစ်ဦး၏ တာဝန်ကျေပွန်ရန်သည် လွတ်လပ်ရေးဗိသုကာကြီးမျှော်မှန်းထားသည့် တိုင်းရင်းသားညီအစ်ကိုများကြား စည်းလုံးညီညွတ်မှုကို ဦးစွာခိုင်မာအောင် တည်ဆောက်ပြီးနောက် ထာဝရငြိမ်းချမ်းရေးရရှိရန်နှင့် ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးတို့တွင် တစ်ထောင့်တစ်နေရာမှ ပါဝင်သွားနိုင်ရန်ပင်ဖြစ်သည်။

အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းသည် တိုင်းရင်းသားစည်းလုံးညီညွတ်မှု အရေးပါပုံနှင့်ပတ်သက်၍ "တစ်တိုင်းပြည်လုံးကြီးပွားစေချင်ရင် လူအား၊ ငွေအား၊ ပစ္စည်းအားနဲ့ စုပေါင်းပြီး အင်တိုက်အားတိုက်လုပ်နိုင်မှ အကျိုးခံစားခွင့်ရှိကြမှာပဲ။ ဗမာကတစ်မျိုး၊ ကရင်ကတစ်ဖုံ၊ ရှမ်း၊ ကချင်၊ ချင်းတို့ကတခြား အကွဲကွဲအပြားပြားလုပ်နေကြရင်ဖြင့် အကျိုးရှိမှာမဟုတ်ဘူး။ စုပေါင်းလုပ်ကြမှသာ အကျိုးရှိနိုင်မည်" ဟု ပင်လုံစာချုပ်လက်မှတ်မရေးထိုးမီ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီ ၁၁ ရက်ညပင်လုံမြို့ ညစာစားပွဲ၌ ပြောကြားသွားခဲ့သည်။

**လူငယ်များအတုယူသင့်သော ဗိုလ်ချုပ်စိတ်ဓာတ်**

အထူးသဖြင့် မျိုးဆက်သစ်လူငယ်များသည် ဗိုလ်ချုပ်အောင်ဆန်း၏ တွေးခေါ်မြော်မြင်မှုနှင့် တိုင်းပြည်အတွက် လုပ်သင့်လုပ်ထိုက်သည်များကို ရွေးချယ်ဆောင်ရွက်သွားသည့် အသိပညာတို့ကို အားကျအတုယူသွားရန်လိုအပ်သည်။ ဗိုလ်ချုပ်အောင်ဆန်းသည် ငယ်စဉ်ကတည်းက အမှန်တရားကို ချစ်မြတ်နိုးပြီး ကိုယ်ကျင့်တရားကို တန်ဖိုးထားသူတစ်ဦးဖြစ်သည်။ ကိုယ်ကျင့်တရားကောင်းမွန်ပြီး အမှန်တရားကို ချစ်မြတ်နိုးသည့် ဗိုလ်ချုပ်အောင်ဆန်းသည် သတ္တိ၊ ဗျတ္တိရှိပြီး လက်ရုံးရည်၊ နှလုံးရည်နှင့်လည်း ပြည့်စုံသည့်အပြင် တိုင်းပြည်အတွက်အသက်ကိုပင်ပဓာနမထားဘဲ စွန့်လွှတ်အနစ်နာခံကာ တာဝန်ထမ်းဆောင်သွားခဲ့သည်။ လူငယ်များသည် ထိုစိတ်ဓာတ်၊ ထိုအတွေးအခေါ်၊ ထိုအယူအဆနှင့် ထိုခံယူချက်တို့ကို လေးစားအားကျအတုယူပြီး အနာဂတ်တိုင်းပြည်တည်ဆောက်ရေးလုပ်ငန်းများတွင် ကျရာအခန်းကဏ္ဍမှအပြည့်အဝ ဆောင်စွာ ပါဝင်သွားသင့်သည်။

ဆိုရလျှင် အာဇာနည်ခေါင်းဆောင်ကြီးများသည် တိုင်းပြည်လွတ်လပ်ရေးအတွက် အသက်ကိုပင် စွန့်လွှတ်ခဲ့ကြသည်။ ထို့ကြောင့် မျိုးဆက်သစ်လူငယ်များအနေဖြင့် အာဇာနည်ခေါင်းဆောင်ကြီးများ၏ စိတ်နေစိတ်ထားနှင့် စွန့်လွှတ်အနစ်နာခံမှု၊ ကြိုးပမ်းအားထုတ်မှုများကို အားကျအတုယူကာ တိုင်းပြည်တည်ဆောက်ရေးလုပ်ငန်းများတွင် တတ်နိုင်သမျှ ဝိုင်းဝန်းပါဝင်ဆောင်ရွက်သွားရန်လိုအပ်သည်။ ထိုသို့ဆောင်ရွက်သွားမည်ဆိုလျှင် မဝေးတော့သည့် အနာဂတ်တွင် တိုင်းရင်းသားပြည်သူများလိုလားတောင့်တနေသည့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုနှင့် ထာဝရငြိမ်းချမ်းရေးကို အပြည့်အဝတည်ဆောက်သွားနိုင်မည်ဖြစ်သည်။ ထို့ကြောင့် ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုများအနေဖြင့် ၇၉ နှစ်မြောက်အာဇာနည်နေ့မှသည် ဘက်စုံဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်ကြီး တည်ဆောက်သွားနိုင်ရန် ဆန္ဒပြုရေးသားလိုက်ရပါသည်။

**ကိုးကား**

- ဗိုလ်ချုပ်အောင်ဆန်း မိန့်ခွန်းများ (၁၉၄၅-၁၉၄၇)၊ စာပေဗိမာန်ပြည်သူ့လက်စွဲစာစဉ်၊ ၁၉၇၁(ပထမအကြိမ်)။
- ၁၉-၇-၂၀၂၃ ရက်ထုတ်မြဝတီသတင်းစာ။

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

# ဝက်လက်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲလွမ်းလျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့



**ဝက်လက် ဇူလိုင် ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲလွမ်း လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဝက်လက်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲလွမ်း ၅၉၉၇ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၆၁၂၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ဝက်လက်မြို့နယ်မှာ ပဲလွမ်းဧက ၅၀၀၀ ကျော်လျာထားစိုက်ပျိုးခဲ့ရာ ဒီနေ့ထိ ဧက ၆၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ စိုက်ပျိုးမှုနဲ့ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ မျိုးကောင်းမျိုးသန့်တွေ သုံးစွဲဖို့ စတဲ့အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးနေပါတယ်။ ပဲလွမ်းစိုက်ပျိုးမှုအနေနဲ့ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်"ဟု ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြသည်။

ဝက်လက်မြို့နယ်တွင် ပဲလွမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်း ကောင်းမွန်ရေး စသည့် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ပဲလွမ်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သဖြင့် ပဲလွမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(၂၀၆)

# တောင်တွင်းကြီးမြို့နယ် ရွာလေးကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**တောင်တွင်းကြီး ဇူလိုင် ၁၉**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရွာလေးကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို ဇူလိုင် ၁၈ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းကျော်ကျော်မျိုးက ရွာလေးကုန်းကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်တွေ့ဆုံကာ စီမံကိန်းရန်ပုံငွေထုတ်ချေးပေးရခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့်ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် သိန်း ၃၃၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက အဆိုပါကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၄ ဦးကို ငွေကျပ် ၆၆ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ခြောက်ဦးကို ငွေကျပ် ၂၂ သိန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၈ ဦးကို ငွေကျပ် ၈၃ သိန်း၊ အခြားလုပ်ငန်းလုပ်ကိုင်သူ ၅၄ ဦးကို ငွေကျပ် ၁၅၉ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၉၂ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် သိန်း ၃၃၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**နွဲ့ယဉ်**

# ဒေးဒရဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ပန်းခရုပိဿာချိန် အများအပြားတင်ပို့ရောင်းချနိုင်ခဲ့

**ဒေးဒရဲ ဇူလိုင် ၁၉**

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ပန်းခရုပိဿာချိန် အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဒေးဒရဲမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးမြတ်က ပြောပြ၍ သိရသည်။

ဒေးဒရဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် မေလအတွင်း ပန်းခရုပိဿာချိန် ၃၇၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ယခုနှစ် ဇွန်လအတွင်း ပန်းခရုပိဿာချိန် ၄၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ဒီဘက်က ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို အဓိကတင်ပို့ရောင်းချနေတာဖြစ်ပါတယ်။ တင်ပို့ရောင်းချခဲ့တဲ့ ရေထွက်ကုန်တွေထဲမှာ ပန်းခရုပိဿာချိန် ၄၆၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ လက်ရှိလဲ ရန်ကုန်ဈေးကွက်က ဒီဘက်က ရေထွက်ကုန်တွေကို အဝယ်လိုက်နေပါတယ်။ တင်ပို့ရောင်းချခဲ့တဲ့ ပန်းခရုတွေက လတ်ဆတ်မှုနဲ့ အရွယ်အစားအပေါ်မူတည်ပြီး ဈေးနှုန်းအပြောင်းအလဲရှိပါတယ်။ တင်ပို့အားတက်တော့ ရေလုပ်ငန်းရှင်တွေ အဆင်ပြေလာပါတယ်"ဟု ဒေးဒရဲမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အေးမြတ်က ပြောပြသည်။



ဒေးဒရဲမြို့နယ်မှ တင်ပို့ရောင်းချခဲ့သည့် ပန်းခရုတစ်ပိဿာလျှင် ငွေကျပ် ၂၈၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါဒေသမှ ပန်းခရုများအပြင် အခြားရေထွက်ကုန်များ အရောင်းအဝယ်ကောင်းမွန်လာသဖြင့် ရေလုပ်သားများ၊ ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အဆင်ပြေနေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ပေါက်ခေါင်းမြို့နယ် လေးကြီးကျေးရွာ၌ VRFP စီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ပေါက်ခေါင်း ဇူလိုင် ၁၉**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါက်ခေါင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လေးကြီးကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) ရန်ပုံငွေဖြင့် မိသားစုဝင်ငွေတိုးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှုအခြေအနေများကို ဇူလိုင် ၁၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပေါက်ခေါင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခိုင်ခင်မြဝင်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဝင်များနှင့်အတူ လေးကြီးကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) ရန်ပုံငွေဖြင့် ပြောင်း၊ သခွား၊ နှမ်း စသည့် စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများ၊ လအလိုက်ပေးပို့ရသည့် ငွေစာရင်းဇယားများ ပြည့်စုံမှုရှိ၊ မရှိအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်ခိုင်ခင်မြဝင်းက (VRFP) စီမံကိန်းလုပ်ငန်းများနှင့် ပတ်သက်၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ပေါက်ခေါင်းမြို့နယ် လေးကြီးကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၀၆ ဦးကို ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) ရန်ပုံငွေကျပ်သန်း ၄၀ ထုတ်ချေးပေးထားပြီး မိသားစုဝင်ငွေတိုးစီးပွားရေး လုပ်ငန်းများကို အောင်မြင်စွာလုပ်ကိုင်ဆောင်ရွက်လျက်ရှိကြောင်း ပေါက်ခေါင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခိုင်ခင်မြဝင်းက ပြောပြ၍ သိရသည်။

**ကိုညို**



# ကြံခင်းမြို့နယ် ကျွန်းကြီးကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်း ပြုလုပ်

**ကြံခင်း ဇူလိုင် ၁၉**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် ကြံခင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျွန်းကြီးကျေးရွာ၌ VDP စီမံကိန်းမိတ်ဆက် ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဇူလိုင် ၁၈ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကြံခင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မူမူသင်းက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း(VDP)၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်းလက်စွဲစာစောင်ပါ စည်းကမ်းသတ်မှတ်ချက်များ၊ ကော်မတီဝင်များ၏ တာဝန်နှင့်ရပိုင်ခွင့်များ၊ စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကျေးရွာပြည်သူလူထုက ပူးပေါင်းဆောင်ရွက်ပေးရမည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသော ကျေးရွာသူ၊ ကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။

အဆိုပါ ကျွန်းကြီးကျေးရွာ၌ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်းရန်ပုံငွေကျပ် ၁၅ သန်းဖြင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဌာနဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

**သံသာ**

# စာဘူးတောင်းငှက်၏သဘာဝနှင့် ဂေဟစနစ်အကျိုးပြုပုံ

နှင်းအိ(ရာမညမြေ)



စာဘူးတောင်းငှက်များသည် မိုးရာသီတွင် အများဆုံး ပေါက်ပွားလေ့ရှိသည်။ စာဘူးတောင်းငှက်များကို မြန်မာနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ တရုတ်နိုင်ငံနှင့် အာဖရိကတိုက်၊ ဥရောပတိုက်တို့တွင် တွေ့ရသည်။ မြန်မာနိုင်ငံ၌ ကျေးလက်ဒေသများတွင် အများဆုံးတွေ့ရသည်။ စာဘူးတောင်းငှက်သည် ထူးခြားသော အသိုက်ဆောက်လုပ်ရေး စွမ်းရည်ကြောင့် လူသိများသော ငှက်ဟုလည်းဆိုနိုင်သည်။ စာဘူးတောင်းငှက်တို့၏ အသိုက်သည် ရေထည့်စရာ လည်ပင်းရှည်ဘူးတောင်းကို စောက်ထိုးဆွဲထားသည့် ပုံသဏ္ဌာန်နှင့် အလွန်ဆင်တူသည်။

**အရွယ်အစားနှင့်အရောင်**

စာဘူးတောင်းငှက်သည် စာကလေးနှင့် အရွယ်အစား၊ အသွင်သဏ္ဌာန်တူညီပြီး အင်္ဂလိပ်လို Baya Weaver ဟုလူသိများသည်။ အစေ့အဆန်များ စားသောက်ရန် ကတော့ပုံနှုတ်သီးပါရှိသည်။ ခန္ဓာကိုယ်အရွယ်အစားမှာ ၅ ဒသမ ၉ လက်မခန့်သာရှိသည်။ မိုးရာသီမဟုတ်သော အခြားရာသီများတွင် အထီးရော အမပါ တောင်ပံ၊ ကျောနှင့်ဦးခေါင်းတွင် အညိုရောင်ဖြစ်ပြီး ဝမ်းဗိုက်ပိုင်းတွင် အဖြူရောင်ဖြစ်သည်။ မိုးရာသီတွင် ငှက်အမများမှာ ပုံမှန်အတိုင်း အညိုရောင်ဖြစ်သော်လည်း အထီးများ၏ ခေါင်းနှင့်ရင်အုံပိုင်းသည် တောက်ပသော အဝါရောင်အဖြစ်သို့ ပြောင်းလဲတတ်သည်။

**မျိုးစိတ်များ**

ကမ္ဘာတစ်ဝန်းတွင် စာဘူးတောင်းငှက်မျိုးစိတ် ၁၂၀ ကျော်ရှိပြီး Ploceidae မျိုးရင်းဝင်ဖြစ်သည်။ မြန်မာနိုင်ငံတွင် တွေ့ရအများဆုံး မျိုးစိတ်သုံးမျိုးမှာ စာဘူးတောင်း၊ ရွှေဝါရောင်စာဘူးတောင်း၊ စင်းကြောင်းပါစာဘူးတောင်းဟူ၍ဖြစ်သည်။

စားဘူးတောင်းသည် မြန်မာနိုင်ငံတွင် အထင်ရှားဆုံးနှင့် အများဆုံးတွေ့ရသည့် မျိုးစိတ်ဖြစ်သည်။ အထီးများသည် ဘူးတောင်းပုံသဏ္ဌာန် အသိုက်များကိုသီးသန့်ဆောက်လုပ်ကာ အမများကို ဆွဲဆောင်ကြသည်။

ရွှေဝါရောင်စာဘူးတောင်းငှက်အထီးများ၏ အမွေးအတောင်မှာ မိတ်လိုက်ရာသီတွင် ပို၍တောက်ပသော ရွှေဝါရောင်ရှိသည်။ မြက်ခင်းပြင်များ၊ စပါးခင်းများအနီးရှိ သစ်ပင်များတွင် အသိုက်ပြုလုပ်လေ့ရှိသည်။

စင်းကြောင်းပါ စာဘူးတောင်းသည် ၎င်းတို့၏ ကျောနှင့်ဝမ်းဗိုက်များတွင် အညိုရောင်အစင်းကြောင်းများ ပါရှိခြင်းကြောင့် အခြားစာဘူးတောင်းများနှင့် ကွဲပြားသည်။ ရေနှင့်နီးသော ကိုင်းတောများတွင် အုပ်စုဖွဲ့၍ အသိုက်လုပ်တတ်ကြသည်။

**အသိုက်ပြုလုပ်ပုံ**

စာဘူးတောင်းငှက်သည် လည်ပင်းရှည်သော ဘူးတောင်းကိုစောက်ထိုးဆွဲထားသကဲ့သို့တွဲလောင်းကျနေသော အသိုက်များကို သစ်ကိုင်းအဖျားများတွင် မြက် သို့မဟုတ် ကောက်ရိုးမျှင်များ အသုံးပြု၍ ငှက်အထီးက အဓိကဦးဆောင်တည်ဆောက်လေ့ရှိသည်။ အသိုက်တစ်ခုတည်ဆောက်ပုံမှာ သစ်ပင်၏ကိုင်းဖျားတွင် မြက်များသို့မဟုတ် ကောက်ရိုးများကို ခိုင်ခံ့စွာ ရစ်ပတ်ချည်နှောင်ခြင်းဖြင့် အသိုက်၏ အခြေခံကွင်းကို စတင်ဖန်တီးသည်။

အသိုက်တွင် အောက်ခြေဝင်ပေါက်ဖြစ်သော လည်ပင်းရှည်နှင့် ဥများထားရှိရန်အတွက် အသိုက်အတွင်းပိုင်းကိုပုံဖော်ကာ ရွှံ့စေး၊ သစ်စေးများဖြင့် အတွင်းနံရံကို မွမ်းမံတတ်ကြသည်။ ငှက်အထီးသည် အသိုက်၏အပြင်ပိုင်းကိုတတ်နိုင်သမျှ သေသပ်လှပအောင် ရက်လုပ်ပြီးမှသာ အမများကို ဆွဲဆောင်ရန် အသိုက်ကိုပြသသည်။

**အသိုက်ကို ကာကွယ်ခြင်း**

စာဘူးတောင်းငှက်သည် ၎င်းတို့၏ အသိုက်များကို မြွေကဲ့သို့သော သားရဲများရန်မှ ကာကွယ်နိုင်ရန် အုန်းပင်၊ ထန်းပင် စသည့်အမြင့်ပိုင်းရှိ သစ်ကိုင်းဖျားများတွင် ဆောက်လုပ်လေ့ရှိသည်။ စောက်ထိုးဆွဲထားသည့် ဘူးတောင်းပုံသဏ္ဌာန်အသိုက်၏ အောက်ခြေတွင် ရှည်လျားသော ဝင်ပေါက်ဥမင်တစ်ခုပါရှိသည်။ ဤပုံစံသည် မြွေ၊ ဇီးကွက်စသည့် သားရဲတိရစ္ဆာန်များ အသိုက်အတွင်းသို့ ဝင်ရောက်ရန် အလွန်ခက်ခဲစေသည်။

**အစာရှာဖွေခြင်း**

စာဘူးတောင်းငှက်များသည် အဓိကအားဖြင့် အစေ့အဆန်၊ စပါးနှင့် ပိုးမွှားများကို အစာအဖြစ် စားသုံးကြသည်။ အဓိက စားသုံးသော အစာများမှာ မြက်စေ့၊ စပါးစေ့နှင့် အခြားကောက်ပဲသီးနှံများကို စားသုံးကြပြီး သားပေါက်များကို ပိုးမွှားများ ရှာဖွေ ဖမ်းယူကျွေးမွေးကြသည်။ လယ်ကွင်းများ၊ မြက်ခင်းများ၊ စိုက်ခင်းများနှင့် ရေကန်အနီးတစ်ဝိုက်တွင် အုပ်စုဖွဲ့၍ ကျက်စားလေ့ရှိကြပြီး နေ့အချိန်တွင် မြေပြင်မှအစာများကို အပင်များပေါ်တွင် စုဆောင်းစားသုံးကြသော ငှက်မျိုးစိတ်များဖြစ်သည်။

စာဘူးတောင်းငှက်အထီးများသည် ငှက်အမတစ်ကောင်တည်းအတွက်သာ မဟုတ်ဘဲ အမများစွာကို ဆွဲဆောင်နိုင်ရန်အသိုက်များ တစ်ခုမကကို ဆောက်လုပ်ကြသည်။ အသိုက်ပြီးစီးခါနီးတွင် ငှက်အမများသည် အသိုက်၏ခိုင်ခံ့မှု၊ သေသပ်လှပမှုနှင့် အထီး၏အရည်အချင်းကို အကဲဖြတ်ကြသည်။ ငှက်အမသည် အထီး၏အသိုက်ကို ကြိုက်နှစ်သက်ပါက ထိုအထီးနှင့် မိတ်လိုက်ကြသည်။ မိတ်လိုက်ပြီးနောက်အမသည် အသိုက်အတွင်း ဥများဥ၍ သားပေါက်ခြင်းကို လုပ်ဆောင်သည်။

**ဥခြင်းနှင့် သားပေါက်ခြင်း**

ငှက်အမသည် အသိုက်တစ်ခုအတွင်း အဖြူရောင်ဥ နှစ်လုံးမှလေးလုံးထိ ဥလေ့ရှိသည်။ ဥများကို ငှက်အမတစ်ကောင်တည်းကသာ ရက်ပေါင်း ၁၄ ရက်မှ ၁၇ ရက်ထိ သီးသန့်ဝပ်ပေးသည်။ အကောင်ပေါက်စတွင် အမွေးအတောင်မရှိဘဲ အားနည်းသဖြင့် မိဘများက အစာအဖြစ် အင်းဆက်ပိုးမွှားနှင့် အစေ့အဆန်များရှာဖွေကျွေးမွေးကြသည်။ ငှက်ပေါက်လေးများသည် ရက်ပေါင်း ၁၇ ရက်ခန့်အကြာတွင် အတောင်စုံပြီး အသိုက်ကို စွန့်ခွာပျံသန်းနိုင်ကြသည်။

**သက်တမ်း**

စာဘူးတောင်းငှက်သည် သဘာဝတောရိုင်းထဲတွင် သက်တမ်းအားဖြင့် တစ်နှစ်မှ ၁၅ နှစ်ခန့်ထိ ရှင်သန်နိုင်ပြီး အချို့မှာ နှစ်ပေါင်း ၂၀ ထိပင် နေထိုင်နိုင်ကြသည်။

**ဂေဟစနစ်အတွက် အကျိုးပြုမှု**

စာဘူးတောင်းငှက်များသည် လယ်ကွင်းနှင့် စိုက်ခင်းများတွင် ကျက်စားကြသောကြောင့် ပိုးမွှားများကို ဖမ်းယူစားသုံးခြင်းဖြင့် သီးနှံဖျက်ပိုးများကို ထိန်းချုပ်ပေးသည်။ စာဘူးတောင်းငှက်ကလေးများ အများအပြားရှိသော နေရာများတွင် ရေအရင်းအမြစ်ရှိ၍ စိုက်ပျိုးမြေများ ကောင်းမွန်တတ်သည်။ ထို့ပြင် ၎င်းတို့၏ စွန့်ပစ်ပစ္စည်းများသည် မြေဆီလွှာကို အော်ဂဲနစ်မြေသြဇာနှင့် အာဟာရဓာတ်များဖြည့်ဆည်းပေးပြီး စိုက်ပျိုးရေး ဂေဟစနစ်ကို အထောက်အကူပြုသည်။

❖ စာဘူးတောင်းငှက်များသည် လယ်ကွင်းနှင့် စိုက်ခင်းများတွင် ကျက်စားကြသောကြောင့် ပိုးမွှားများကို ဖမ်းယူစားသုံးခြင်းဖြင့် သီးနှံဖျက်ပိုးများကို ထိန်းချုပ်ပေးသည်။ စာဘူးတောင်းငှက်ကလေးများ အများအပြားရှိသော နေရာများတွင် ရေအရင်းအမြစ်ရှိ၍ စိုက်ပျိုးမြေများ ကောင်းမွန်တတ်သည်။ ထို့ပြင် ၎င်းတို့၏ စွန့်ပစ်ပစ္စည်းများသည် မြေဆီလွှာကို အော်ဂဲနစ်မြေသြဇာနှင့် အာဟာရဓာတ်များဖြည့်ဆည်းပေးပြီး စိုက်ပျိုးရေးဂေဟစနစ်ကို အထောက်အကူပြုသည်။ ❖

၎င်းတို့သည် အဓိကအားဖြင့် အစေ့အဆန်များကို စားသုံးကြသော်လည်း သားပေါက်ချိန်တွင် အင်းဆက်များ၊ ပေါက်ဖတ်များနှင့် ခူကောင်များကို ဖမ်းယူစားသုံးကြသဖြင့် သဘာဝပတ်ဝန်းကျင် ဂေဟစနစ်အတွင်း ပိုးမွှားအရေအတွက်ကို ထိန်းညှိပေးသည်။

စာဘူးတောင်းငှက်များ၏ စွန့်ပစ်ပစ္စည်းများတွင် နိုက်ထရိုဂျင်နှင့် အာဟာရဓာတ်များ ကြွယ်ဝသောကြောင့် စိုက်ပျိုးမြေ၏ မြေသြဇာဓာတ်ကို မြှင့်တင်ပေးနိုင်သည်။

မျိုးပွားရာသီကုန်ဆုံးသွားပြီးနောက် ၎င်းတို့ စွန့်ပစ်ခဲ့သော အသိုက်ဟောင်းများသည် အခြားငှက်များအတွက် ခိုလှုံရာနေရာအဖြစ် ဆက်လက်အသုံးဝင်သည်။

အချုပ်အားဖြင့်ဆိုရသော် စာဘူးတောင်းငှက်သည် သဘာဝနှင့်ဂေဟစနစ်ကို ကောင်းကျိုးပြုသောကြောင့် လူ့အကျိုးပြု ငှက်မျိုးစိတ်ဖြစ်ပါကြောင်း လေ့လာဖော်ပြလိုက်ရပါသည်။

# မြင်းမူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ လျှော်ဖြူဧကအားလုံး ရာနှုန်းပြည့်စိုက်ပျိုးပြီးစီး

မြင်းမူ ဇူလိုင် ၁၉

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြင်းမူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ လျှော်ဖြူဧကအားလုံး ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း မြင်းမူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြင်းမူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ လျှော်ဖြူ ၂၀၅၆ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ဧကအားလုံးရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မြင်းမူမြို့နယ်မှာ လျှော်ဖြူ ၂၀၅၆ ဧက စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့မှာတော့ ဧက အားလုံးရာနှုန်းပြည့် စိုက်ပျိုးပြီးစီးနေပြီဖြစ်ပါတယ်။ လျှော်ဖြူက ရေငတ်ဒဏ်ကိုခံနိုင်ပြီး မြေအမျိုးစားမရွေး ပေါက်ရောက်တယ်။ ကျောက်စရစ်ကုန်းလို မြေအမျိုးအစားတွေမှာလဲ အောင်မြင်ဖြစ်ထွန်းပါတယ်။ အဲလိုဒေသတွေမှာ လျှော်ဖြူကိုတိုးချဲ့စိုက်လို့ရပါတယ်" ဟု မြင်းမူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးပိုင်က ပြောပြသည်။

လျှော်ဖြူကို အထွက်နှုန်းနှင့်အရည်အသွေး တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းသုံးစွဲမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် လျှော်ဖြူကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းသင့်ကြောင်း မြင်းမူမြို့နယ် စိုက်ပျိုးရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးပိုင်က ပြောပြ၍ သိရသည်။



(၂၀၆)

ပေါက်ပေါက်

# ကားမူးခြင်းကို သက်သာစေသောနည်းလမ်းများ



ကားစီးတဲ့အခါ မူးနောက်နောက်မအီမသာဖြစ်ကာ ချွေးစေးတွေထွက်လာပြီး ပျို့အန်တာကို "ကားမူးတယ်"လို့ခေါ်ပါတယ်။ ဒေသစကားအရ "ကားတောက်တယ်"လို့ဆိုကြတယ်။ ကားမူးကားတောက်ခြင်းကို ဆေးသိပ္ပံနည်းအရ Motion sickness လို့ခေါ်တယ်။ ခံစားရခက်တဲ့ဝေဒနာတစ်မျိုးပါ။ ကားမူးတယ်လို့ခေါ်သော်လဲ အိမ်စီးကား၊ ဘတ်စကား၊ အဝေးပြေးကားနှင့် ရထား၊ သင်္ဘော၊ လေယာဉ်စီးခြင်းအပါအဝင် လှေစီးလှိုင်းမူးခြင်းကြောင့်လဲ မူးဝေအော့အန်ဝေဒနာတွေ ဖြစ်တတ်ပါတယ်။ ကစားကွင်းတွေမှာ ချား၊ ရဟတ်၊ ရိုလာကိုစတာ စသည်တို့စီးရင်း မူးပြီးအန်တတ်ကြတယ်။ ထိုသို့ဖြစ်ပါကကာယကံရှင်မှာ အသက်ရှူကျပ်မတတ် ခံစားရသလို၊ မူးဝေအော့အန်နေသောအသံကိုကြားရသည့် အခြားခရီးသွားဖော်၊ ဘေးလူတွေမှာလဲ စိတ်အနှောင့်အယှက်ဖြစ်စေနိုင်တယ်။

**ကားမူးကားတောက် ဖြစ်ရသောအကြောင်းရင်း**

ခရီးသွားစဉ်မူးဝေအော့အန်ခြင်းဖြစ်ရခြင်းမှာ မျက်စိကမြင်တဲ့အတိုင်း ဦးနှောက်ဆီသို့ပုံမှန်လွှတ်နေကျဖြစ်သော အာရုံကြောစနစ်၏ပေးပို့ချက်နှင့် ကိုယ်ခန္ဓာဘယ်ညာရှေ့နောက်လှုပ်ရှား၊ ရွေ့လျားမှုဖြစ်စဉ်ကို နားတွင်းအင်္ဂါအစိတ်အပိုင်းက ပို့လွှတ်လိုက်ရာ၌ ထိုပေးပို့ချက်တို့ သဟဇာတမဖြစ်ခြင်းကြောင့် ကားမူးကားတောက်ခြင်းကိုခံစားရစေတယ်။ (နောက်တစ်နည်း)ကားမူးခြင်းက မျက်လုံးနဲ့ နားအတွင်းကပို့လိုက်တဲ့အချက်ပြမှုတွေ ဦးနှောက်မှာ ရှုပ်ထွေးသွားခြင်းကြောင့်ဖြစ်တယ်။ ခန္ဓာကိုယ်က ခံစားနေရတဲ့ရွေ့လျားမှုကိုမျက်လုံးက မမြင်ရလျှင်ဖြစ်စေ၊ မျက်လုံးကမြင်နေရတဲ့ရွေ့လျားမှုကို ခန္ဓာကိုယ်ကမခံစားရရင်ဖြစ်စေ ဦးနှောက်မှာ အချက်ပြမှုတွေရှုပ်ထွေးသွားပြီး ကားမူးတဲ့လက္ခဏာတွေဖြစ်ပေါ်လာပါတယ်။ တစ်နည်းဆိုသော် နားအတွင်းကနေခံစားရတဲ့ရွေ့လျားမှုနဲ့ မျက်စိကမြင်တွေ့ရတဲ့ရွေ့လျားမှုတွေမတူညီတဲ့အခါမှာ ဖြစ်လာတဲ့ခံစားမှုကိုကားမူးခြင်းလို့ခေါ်တယ်။ မူးရာကနေမအီမသာခံစားရကာ ချွေးအများကြီးထွက်ပြီး ရီဝေဝေဖြစ်လာတယ်။ ပြီးနောက်ပျို့အန်ချင်လာတယ်။

**ကားမူးခြင်းလက္ခဏာများ**

လူတစ်ဦးနှင့်တစ်ဦး ကားမူးလက္ခဏာမတူညီကြဘူး။ များသောအားဖြင့် အစပိုင်းမှာ နေရတာမသက်မသာဖြစ်လာပြီး၊ ချွေးစေးတွေထွက်လာကာ မူးနောက်နောက်ဖြစ်လာတယ်။ လူတချို့က အလင်းရောင်ကိုမခံနိုင်မကြည့်ချင်လောက်သည်ထိခေါင်းကိုက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်းတွေနဲ့အတူ အသားတွေဖြူဖပ်ဖြူရော်ဖြစ်လာပြီး တံတွေးအများကြီးထွက်ကာ နောက်ဆုံးတွင်ပျို့အန်သည်ထိဖြစ်လာပါတယ်။ လူအများစုက လှုပ်ရှားမှုရပ်လိုက်တာနဲ့ ၎င်းလက္ခဏာတွေ တဖြည်းဖြည်းသက်သာပြီး ပျောက်ကင်းသွားပါတယ်။ ကားမူးခြင်းအတွက် ဆရာဝန်ပြဖို့မလိုအပ်ပါဘူး။ သို့သော် မရပ်မနားအန်နေပြီး ရေဓာတ်တွေကုန်ခန်းလာသည့်အခါ ဆရာဝန်ပြသင့်ပါတယ်။ ပျမ်းမျှအသက်နှစ်နှစ်မှ ၁၂ နှစ်အတွင်း ကလေးတွေနဲ့ကိုယ်ဝန်ရှိသူတွေမှာ ကားမူးခြင်းကို ပိုခံစားရလေ့ရှိတယ်။ စိတ်ပူပန်မှုနဲ့ ကြောက်စိတ်ပြင်းထန်ခြင်း၊ စီးနင်းလာတဲ့ယာဉ်အတွင်း လေဝင်လေထွက်မကောင်းခြင်း (လှောင်ပိတ်နေခြင်း)၊ အနောက်ဘက်ခြမ်းမှာထိုင်ရခြင်း သို့မဟုတ် ပြတင်းပေါက်နှင့်ဝေးခြင်းစသည်တို့က ကားမူးခြင်းကိုဖြစ်စေတဲ့အဓိကအကြောင်းတွေဖြစ်ပါတယ်။

**ကြိုတင်ကာကွယ်ဖို့နည်းလမ်းများ**

လေ့လာစမ်းစစ်မှုမှတ်တမ်းများအရ ပျမ်းမျှ လူ ၁၀ ဦးလျှင်သုံးဦးမှာ ကားမူးတတ်ကြတယ်။ မြို့ကြီးပြကြီးများတွင်နေထိုင်သောသူတွေ၊ နေ့တိုင်း အလုပ်သွား၊ အလုပ်ပြန်ကားစီးလေ့ရှိသူတွေက ကားမူးတာဖြစ်လေ့မရှိပါ။ Precaution is better than nothing ဆိုတဲ့ဆောင်ပုဒ်နဲ့အညီ အောက်ဖော်ပြပါဆောင်ရန်၊ ရှောင်ရန်တွေကိုသုံး၍ ကားမူးတာမဖြစ်အောင် ကြိုတင်ကာကွယ်ထားသင့်ပါတယ်။

ခရီးမထွက်ခင် (အပြင်မထွက်ခင်) ကောင်းမွန်စွာ အနားယူထားပါ။ အိပ်ရေးပျက်တာ၊ မောပန်းနွမ်းနယ်နေတာက ကားမူးတာကိုပိုမိုဖြစ်စေနိုင်တဲ့အချက်တွေပါပဲ။ ဒါကြောင့် အိပ်ရေးပျက်မခံပါနဲ့။ အိပ်ရေးဝဝအိပ်ပါ။ အစားချင့်ချိန်စားပါ။ ခရီးမသွားမီ (အပြင်မထွက်မီ) ၂၄ နာရီအတွင်းမှာ သရေစာနဲ့ အခြားပေ့ါပေ့ါပါးပါးအစားအစာလေးတွေကိုပဲစားပါ။ အဆီအများကြီးပါဝင်တဲ့ အစားအစာတွေနဲ့ မည်သည့်အစားအစာမျိုးမဆို အများကြီးစားတာကိုရှောင်ပါ။ အစာကြေဖို့ခက်ခဲတဲ့ အစားအစာတွေ၊ အနံ့ပြင်းတဲ့အစားအစာတွေ၊ စပ်သောအစားအစာတွေကလဲ ကားမူးတဲ့လက္ခဏာကိုပိုမိုဆိုးရွားစေတတ်ပါတယ်။ ထိုင်ခုံနေရာ အရှေ့ပိုင်းကိုသေချာရွေးပါ။ ခန္ဓာကိုယ်ကိုမတ်မတ်ထိုင်ပြီး အရှေ့သို့တည့်တည့်ကြည့်ပါ။ ရေပြင်ညီအတိုင်းကြည့်ပါ။ ခေါင်းကိုထိုင်ခုံကိုမှီထားပြီး ငြိမ်ငြိမ်လေးထိုင်နေပါ။ ရထား၊ ကားတွေပေါ်က လေပေါက်ဆီသို့မျက်နှာကိုလှည့်ထားပါ။ ထိုင်စီးနေစဉ် စာဖတ်တာ၊ တီဗီကြည့်တာ၊ ဖုန်းကြည့်တာမလုပ်ပါနဲ့။ လေယာဉ်တွင် အလယ်ပိုင်းကခုံတွေကအငြိမ်ဆုံးနေရာဖြစ်လို့ အမူးသက်သာစေပါတယ်။ ဘတ်စကားပြတင်းပေါက်ဘေးမှာ နေရာယူပါကလဲ ဘေးဘက်ကိုကြည့်နိုင်၍အမူးသက်သာစေပါတယ်။ လှေ၊ မော်တော်၊ သင်္ဘောစီးရတဲ့အခါ အပေါ်ကုန်းပတ်ပေါ်က အရှေ့ဖက်ကိုမျက်နှာမူထားတဲ့နေရာကိုရွေးပါ။ဆေးလိပ်မသောက်ပါနဲ့။အရက်ရှောင်ပါ။

**ကားမူးခြင်းအကောင်းဆုံးကုထုံးများ**

ကားမူးတာခံစားရလေ့ရှိသူတွေက ခရီးဝေးဝေးသွားဖို့ဆို တော်တော်စဉ်းစားရပါတယ်။ ကားမူး၊ လှေမူး၊ လေယာဉ်မူးတဲ့အမူးရောဂါကို တွေးကြောက်နေကြပါတယ်။ အောက်ဖော်ပြပါ ရိုးရှင်းလွယ်ကူကုထုံးတွေက ကားမူးတာကိုသက်သာစေတဲ့အတွက် ဖော်ပြပေးလိုက်ပါတယ်။

အသက်ကိုဖြေးဖြေးနဲ့ပုံမှန်ရှူပါ (မည်မျှပင်မူးမော်နေသော်လဲ အသက်ရှူလေ့ကျင့်ခန်းလုပ်ပါ။ လက်ကောက်ဝတ်ကိုနှိပ်နယ်ပေးပါ။ လက်ကောက်ဝတ်သွေးကြောမှာ ချင်းပါးပါးလေးကိုပလတ်စတာအုပ်ပြီးကပ်ပါ။ ချက်ကိုပလတ်စတာကပ်ပါ၊ နားရွက်နောက်ကိုလဲပလတ်စတာကပ်ပါ။ ရင်ဘက်တစ်ဖက်စီမှာ ဖယောင်းတိုင်တစ်တိုင်စီထည့်ပါ။ ဖုန်းမသုံးရ၊ စာမဖတ်ရ၊ ရှူဆေးဘူးရှူပါ။ ခရီးဝေးသွားရတဲ့အခါ ယာဉ်စီးနေရင်းနဲ့ အိပ်လိုက်ရင်လဲသက်သာစေပါတယ်။ ဗီတာမင်စီဆေးပြားငုံပါ သို့မဟုတ် ဗီတာမင်စီဓာတ်ပါတဲ့ ရေဆူဆေးပြားကို ရေဘူးထဲဖျော်ထည့်၍ တစ်ငုံချင်းစီသောက်ပါ။ ပူရှိန်းသကြားလုံးငုံပါ။ လေးညှင်းပွင့်ငုံထားပါ။ လိမ္မော်သီးစားပါ။ လိမ္မော်ခွံရှူပါ။ရှောက်သီးဆေးပြား သို့မဟုတ် အချဉ်ပေါင်းထုပ်စားပါ။ချင်း က ကားမူးတာကိုသက်သာစေတဲ့ အာနိသင်ရှိပါ တယ်။ ချင်းပါးပါးလေးလှီးပြီး ငုံထားဝါးစားပါ။ ချင်းလက်ဖက်ရည်ကိုထည့်လာပြီး လမ်းမှာသောက်ပါ။ ချင်းများများပါတဲ့အချဉ်ပေါင်းစားပါ။ ချင်းကို တစ်ရှူးလေးနဲ့ပတ်ပြီးအနံ့ရှူပါ။ သံပရာခွံကို လက်သည်းဖြင့်ဆိတ်၍ အနံ့ရှူပါ။

သကြားမပါတဲ့ပန်းသီးဖျော်ရည်ကို အာစွတ်ရုံနည်းနည်းချင်းသောက်ပါ။ အစာအိမ်နဲ့အာရုံကြောတွေကိုတည်ငြိမ်စေပါလိမ့်မယ်။ သို့သော် အများကြီးမသောက်ရ။ အစာအိမ်ထဲအရည်တွေသိပ်များပြီး အန်ထွက်နိုင်ပါတယ်။ ခရီးသွားတဲ့အခါ အစာမရှိရင် အန်စရာလဲမရှိဘူးလို့ယူဆကြပါတယ်။ အစာလုံးဝမစားထားရင် ကားမူးတာပိုဆိုးစေနိုင်ပါတယ်။ ဒါကြောင့် ပေ့ါပေ့ါပါးပါးအစာဖြစ်တဲ့ ဘီစကွတ်အဆိမ့် သို့မဟုတ် ခရက်ကာအနည်းငယ်စားပါ။ ပေါင်မုန့်၊ ငှက်ပျောသီးစားပါ။ရေဓာတ်မဆုံးရှုံးရအောင် ရေ သို့မဟုတ် အချိုရည်သောက်ပါ။ ကဖင်းဓာတ်ကိုရှောင်ပါ။ ခရီးမသွားခင်ဖြစ်စေ၊ သွားနေရင်းဖြစ်စေ ဂက်စ်ပါသောအချိုရည်ကို နည်းနည်းချင်းသောက်ပါ။ အချိုရည်သောက်ပြီး လေတက်တဲ့အခါ ကားမူးတာကြောင့်ဖြစ်ရတဲ့ လေပွခြင်းကိုသက်သာစေနိုင်ပါတယ်။ သို့သော် အများကြီးမသောက်ရ။

မူးဝေအော့အန်တာကို အမှန်တကယ်သက်သာပေးနိုင်တဲ့ Dimenhydrinate ပါဝင်တဲ့ဆေးတွေကို ကား၊ သင်္ဘော၊ လေယာဉ်မစီးခင် အနည်းဆုံးနာရီဝက်ခန့်အလိုမှာ ဆေးသောက်ထားလိုက်ရင် ခရီးစဉ်တစ်လျှောက်လုံး မူးဝေအော့အန်တာတွေမဖြစ်အောင် ကာကွယ်ပေးနိုင်ပါတယ်။

သို့သော် ဓာတ်မတည့်သူတွေက လိုသည်ထက်ပို၍သောက်မိပါက ထိုင်းမှိုင်းတာ၊ အမြင်ဝါးတာ၊ ဘေးထွက်ဆိုးကျိုးတွေရှိလာနိုင်ပါတယ်။ ဒါကြောင့် ဆရာဝန်နဲ့ ဦးစွာတိုင်ပင်ပြီးမှသောက်ပါ။ ယာဉ်မောင်းတွေနဲ့ စက်ယန္တရားကြီးတွေလုပ်ကိုင်ရသူတွေအနေနဲ့ ၎င်းဆေးတွေကို မိမိသဘောဖြင့် မသောက်သင့်ပါဘူး။

**ကားမူးပြေစေမည့်ဆေးမျက်မှန်**

Boarding Glasses လို့ခေါ်တဲ့မျက်မှန်လေးက ကားမူးရောဂါအတွက် ၉၅ ရာခိုင်နှုန်း သက်သာပျောက်ကင်းစေတာကြောင့် "မူးမော်ပြေဆေးမျက်မှန်"လို့ ဆိုနိုင်ပါတယ်။ မျက်မှန်တစ်ခုမှာ ဘီးအဝိုင်းလေးဝိုင်းပါရှိပြီး၊ ၎င်းဘီးအဝိုင်းလေးတွေက ဘယ်ညာအရှေ့ဘက်တွင်နှစ်ခု၊ ဘေးတစ်ဖက်တစ်ချက်စီတွင် နှစ်ခုတပ်ဆင်ထားပါတယ်။ ဘီးအဝိုင်းလေးတွေက ပြွန်ချောင်းပိုက်လိုင်းများဖြစ်ပြီး အတွင်းမှာ အပြာ သို့မဟုတ် အနီရောင်အရည်တစ်မျိုး ဖြည့်ထားပါတယ်။ ကားစီးနေစဉ် ခန္ဓာကိုယ်လှုပ်တဲ့အခါ ၎င်းမျက်မှန်အဝိုင်းလေးများကလဲ လိုက်ပါလှုပ်ခါကြသဖြင့် မျက်မှန်အတွင်းက အရည်တွေကိုလှုပ်ရှားမှုဖြစ်စေကာ၊ အမြင်အာရုံကိုရေပြင်ညီအတိုင်း တမင်ဖန်တီးပေးထားသောမျက်မှန်လေးဖြစ်ပါတယ်။ ထိုမြင်ကွင်းကို ဦးနှောက်ကလက်ခံစေခြင်းဖြင့် ကားမူးကားတောက်တာကို ရှောင်လွှဲနိုင်ပါတယ်။ ၎င်းမူးမော်ပြေဆေးမျက်မှန်ကို အချိန်ပြည့်တပ်ထားဖို့မလိုအပ်ပေ။ ကားမူးကားတောက်ဝေဒနာ စတင်ခံစားဖြစ်ပေါ်ချိန်ကစပြီး ၁၀ မိနစ်ကြာမျှသာ တပ်ထားပေးရုံနဲ့ လုံလောက်ကြောင်း ကားမူးခြင်းအတွက်သက်သာစေသောနည်းလမ်းတွေကို လေ့လာဖော်ပြပေးလိုက်ရပါတယ်။

## မှတ်ပုံတင်မော်တော်ယာဉ်များအားလုံး ယာဉ်စစ်ဆေးပြီးမှသာ ယာဉ်မှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာ

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် မော်တော်ယာဉ်များအနက် Road Safety အရေးကြီးသည့် အများပြည်သူသယ်ယူပို့ဆောင်ရေးခရီးသည်တင်ယာဉ်များ၊ ယာဉ်မှန်၊မမှန်စစ်ဆေးခြင်း၊ ပြောင်းလဲခြင်းများအတွက် ယာဉ်စစ်ဆေးခြင်း၊ နယ်ဝင်ယာဉ်များကို စစ်ဆေးခြင်းတို့နှင့်အကျုံးဝင်သည့်ယာဉ်များ၊ Taxi အငှားယာဉ်များ၊ School Bus ယာဉ်များနှင့် နှစ်တန်နှင့်အထက် အငှားယာဉ်များကို ယာဉ်စစ်ဆေး၍ သက်တမ်းတိုးဆောင်ရွက်ပေးလျက်ရှိသည်။

၂။ ယခုအခါယာဉ်များကြံ့ခိုင်မှုကောင်းမွန်စေရေးနှင့် အများပြည်သူဆိုင်ရာလမ်းများပေါ်တွင် အန္တရာယ်ကင်းစွာသွားလာနိုင်ရေးအတွက် မှတ်ပုံတင်မော်တော်ယာဉ်များအားလုံးကို ၁-၁-၂၀၂၅ ရက်မှစ၍ ယာဉ်သက်တမ်းတိုးခြင်းအပါအဝင် ယာဉ်မှတ်ပုံတင်လုပ်ငန်းများအတွက် ယာဉ်စစ်ဆေးပြီးမှသာ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

# ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၉၂၂၄ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ပွင့်ဖြူ ဇူလိုင် ၁၉**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၉၂၂၄ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေထံမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် စပါး ၇၀၀၃၃ ကေ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ်ဇူလိုင်လမှ စတင်စိုက်ပျိုးခဲ့ရာယနေ့တွင် ၉၂၂၄ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ပွင့်ဖြူမြို့နယ်မှာ စပါး ၇၀၀၃၃ ကေ စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ စပါး ၉၂၂၄ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားကေပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်နေပါတယ်။ တောင်သူတွေကိုလဲ စပါးစိုက်ပျိုးတာနဲ့ ပတ်သက်ပြီး အထွက်နှုန်းများ ကောင်းမွန်စေဖို့အတွက်မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးဖို့၊ စိုက်နည်းစနစ်မှန်ကန်ဖို့၊ ပိုးမွှားအန္တရာယ်ကင်းစင်ဖို့ စိုက်ပျိုးရေးအသိပညာပေးတာတွေ ကွင်းဆင်းဆောင်ရွက်နေပါတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။

ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီ၌ ပွင့်ဖြူမြို့နယ်တွင် စပါးစိုက်ပျိုးရာမှာ အခက်အခဲမရှိ စနစ်တကျစိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက တောင်သူတွေကို အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

စပါးကို အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုကို ဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် စပါးကိုပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး မြန်မာနိုင်ငံတိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြ၍ သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# မိတ္ထီလာမြို့နယ် ကန်ကြီးကုန်းကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**မိတ္ထီလာ ဇူလိုင် ၁၉**


မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မိတ္ထီလာမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆပ်ပြာကျင်း ကျေးရွာအုပ်စု ကန်ကြီးကုန်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဇူလိုင် ၁၈ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မိတ္ထီလာမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထိုက်က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ လုပ်ငန်းစဉ်များနှင့် စီမံကိန်း ဆောင်ရွက်ခြင်းဖြင့် ရရှိလာမည့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံဝန်ထမ်းများက ကော်မတီဝင်များ ရွေးချယ်ဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကော်မတီဝင်များ၏ တာဝန်များနှင့် အကျိုးဝင်သော စီမံကိန်းလုပ်ငန်းများ အကြောင်းကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသည့် ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများ၏ အများသဘောဆန္ဒနှင့်အညီ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဝင် ခုနစ်ဦးကို ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ကန်ကြီးကုန်းကျေးရွာ၌ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ရန်ပုံငွေ ကျပ်သိန်း ၁၅၀ ဖြင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် အကောင်အထည်ဖော်ဆောင်ရွက်မည် ဖြစ်ကြောင်း မိတ္ထီလာမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထိုက်ထံမှ သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**










## ပြည်တွင်းဘုရားဖူးခရီးစဉ် (GUIDE) သင်တန်းတက်ရောက်ရန် ဖိတ်ခေါ်ခြင်း

မြန်မာနိုင်ငံပြည်တွင်းဘုရား နှင့် ခရီးသွားဝန်ဆောင်မှုအသင်း (DPTOA) (မန္တလေးဖုံ - အထက်မြန်မာပြည်)မှ ကြီးမှူး၍ ပြည်တွင်းခရီးစဉ် လမ်းကြောင်းတာဝန်ခံ (GUIDE) သင်တန်းကို မန္တလေးမြို့တွင် ဖွင့်လှစ်မည်ဖြစ်သည်။

သင်တန်းကာလ - 2026 AUGUST (၃)ရက် မှ (၂၁)ရက်အထိ (စနေ၊ တနင်္ဂနွေပိတ်ရက်)

သင်တန်းပြီးဆုံးပါက - သင်တန်းဆင်းလက်မှတ် + GUIDE CARD (ခရီးသွားလုပ်ငန်းအလုပ်အကိုင်အခွင့်အလမ်းများရရှိမည်)

သင်ကြားမည့်ဘာသာရပ်များ - Tourism , Industry, Destination Knowledge,Guide Skills, Tourism Law & Ethics, သမိုင်း နှင့် ယဉ်ကျေးမှုအမွေအနှစ်

ခရီးစဉ်လမ်းကြောင်းများတွင် GUIDE CARD များစိစစ်အရေးယူတော့မည်ဖြစ်၍ လုပ်ငန်းရှင်များ အသင်းရုံးသို့ ဆက်သွယ်ရန် နိုးဆော်အပ်ပါသည်။ ခရီးသွားဝါသနာပါသူများလည်း တစ်ရောက်သင့်သည့် သင်တန်းဖြစ်သဖြင့် တက်ရောက်လိုသူများ ရုံးချိန်အတွင်း စာရင်းပေးသွင်းနိုင်ပါသည်။

လျှောက်လွှာစတင်လက်ခံသည့်နေ့ - (၃-၇-၂၀၂၆) လျှောက်လွှာပိတ်မည့်နေ့ - (၂၃-၇-၂၀၂၆)

ဆက်သွယ်ရန် - Travel Go Office (ယာယီရုံး)၊ ၇၆လမ်း၊ ၂၇ × ၂၈လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

09-441009993, 09-402647748, 09-974570454, 09-5165866


## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်၊ အထက-စဉ့်ကိုင်၊ Grade-11(F) တွင် ပညာသင်ကြားနေသော မောင်ကျော်ဇင်လင်း၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **ဦးကြည်ရွှေ** ဖြစ်ပါကြောင်း။ **ဦးကြည်ရွှေ(၉/နထက(နိုင်)၁၁၀၃၁၆)**

## အမွေစားအမွေခံကိတ္တိမသားအဖြစ် မွေးစားခြင်း

မိတ္ထီလာမြို့၊ ဇောင်ချမ်းကုန်းကျေးရွာအုပ်စု၊ ဇောင်ချမ်းကုန်းကျေးရွာနေ ဦးသန်းဇော်ဝင်း (ဘ) ဦးမောင်ဝင်း(၁၂/မဂဒ(နိုင်)၀၀၆၅၆၃) ကိုင်ဆောင်သူသည် ဦးတင်နွယ် (ဘ) ဦးမြင့်ဦး(၉/မထလ(နိုင်)၂၄၄၀၀၂) ကိုင်ဆောင်သူအား အမွေစားအမွေခံ ကိတ္တိမသားအဖြစ် တရားဝင် မွေးစားပြီးဖြစ်ပါကြောင်း။

**ဦးသန်းဇော်ဝင်း(၁၂/မဂဒ(နိုင်)၀၀၆၅၆၃)**

**ဦးတင်နွယ်(၉/မထလ(နိုင်)၂၄၄၀၀၂)**

## အဖိုးတန်ရေချိုကို ချွေတာပါ

## ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ

မြင်းခြံမြို့၊ အမှတ်(၁၇)ရပ်ကွက်၊ ကွင်း/အကွက်အမှတ် (၂၃၃/က)၊ ဦးပိုင်အမှတ်(၄၂)ရှိ မြေကွက်ပေါ်တွင် ဦးဘိုငွေ(၉/မခန(နိုင်)၁၈၃၉၃၂) ကိုင်ဆောင်သူမှ (အလျား ၃၀'-၀"၊ အနံ ၂၆'-၀")ရှိ RC (၁)ထပ် အဆောက်အဦးဆောက်လုပ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ယင်းအဆောက်အဦး ဆောက်လုပ်ခွင့်လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသောအထောက်အထားများ ယူဆောင်လာ၍ မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး၏ တာဝန်ရှိသူထံသို့ လူကိုယ်တိုင်တွေ့ဆုံတင်ပြ ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့**

## ပျောက်ဆုံးကြောင်း

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ တာမိုးညဲမြို့၊ အမှတ်(၁)ရပ်ကွက်နေ မိုးမိုးခိုင် (ဘ) ဦးဟော်ကွင်းဆျုန်း(၁၃/ကခန(နိုင်)၁၄၁၆၆၅)၏ နိုင်ငံကူးလက်မှတ်အမှတ်(MK-547806)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09-666202521**

## ပျောက်ဆုံးကြောင်း

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့နေ မောင်နေလင်းအောင် (ဘ) ဦးကျိန်တင်ဝေ(၁၃/လရန(နိုင်)၂၁၇၁၄၂)၏ နိုင်ငံကူးလက်မှတ်အမှတ်(MI-780910)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09-88811813**

## သင့်သွေးဖြင့် အသက်ကယ်ပါ

"အဂတိပယ်ခွာ ပြည်သာယာ"
Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

---

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)။ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address - accm@accm.gov.mm၊
Website Address - http://www.accm.gov.mm

# ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိ




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်စဉ်။

**ရန်ကုန်  ဇူလိုင်  ၁၉**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှီးဇန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ညင်ချီ ခေါ် လင်ကျစ်မြို့၌ ကျင်းပသည့် ပဉ္စမအကြိမ်မြောက် ဟိမဝန္တာတောင်တန်းဒေသနိုင်ငံများအကြား အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုဖိုရမ်(THE 5TH CHINA XIZANG TRANS – HIMALAYA FORUM FOR INTERNATIONAL COOPERA–TION)သို့ တက်ရောက်ခဲ့သော ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့သည် ဇူလိုင် ၁၈ ရက် နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ညင်ချီ ခေါ် လင်ကျစ်မြို့မှ ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာကြသည်။

ထိုသို့ထွက်ခွာရာတွင် ကိုယ်စားလှယ်အဖွဲ့ကို **စာမျက်နှာ ၂၀ ကော်လံ ၁ ☆**

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။
❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။
❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

## စစ်တောင်းမြစ်ရေ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်

**နေပြည်တော်  ဇူလိုင်  ၁၉**

ယနေ့နံနက် ၆ နာရီခွဲအချိန်တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ပေဝက်ကျော်တွင် ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း သုံးလက်မခန့် ကျဆင်းလာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ရန် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတိပေးနှိုးဆော်ထားသည်။

## မှော်ဘီမြို့နယ် ဝါးနက်ချောင်းကျေးရွာရှိ မီတာအမည်ပေါက် ဦးစန်းဦး၏ ကော်ဇေ့လုပ်ငန်းတွင် လျှပ်စစ်ဓာတ်အားခိုးယူသုံးစွဲထားခြင်းကို လျှပ်စစ်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်

**ရန်ကုန်  ဇူလိုင်  ၁၉**

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းအနေဖြင့် တရားမဝင်နည်းဖြင့် လျှပ်စစ်ဓာတ်အား ရယူသုံးစွဲမှုများကို စောင့်ကြည့်စစ်ဆေးဖော်ထုတ်လျက်ရှိရာ ဇူလိုင် ၁၃ ရက်တွင် ဝါးနက်ချောင်းကျေးရွာရှိ **စာမျက်နှာ ၂၄ ကော်လံ ၄ ■**




မှော်ဘီမြို့နယ် ဝါးနက်ချောင်းကျေးရွာရှိ မီတာအမည်ပေါက် ဦးစန်းဦး၏ ကော်ဇေ့လုပ်ငန်းတွင် အသုံးပြုထားသော Transformer နှင့် တွဲဖက်တပ်ဆင်ထားသည့် Digital Meter ၏ Cover Seal ပြုပြင်ထားသည့် မှတ်တမ်းဓာတ်ပုံ။



ကရင်ပြည်နယ် မြဝတီခရိုင် ရွှေကုက္ကိုလ်နယ်မြေရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ကိုင်ခဲ့သည့် တရားမဝင် ၁၂ ထပ်အဆောက်အအုံ ဖြိုဖျက်ပြီးစီးမှုကို တွေ့ရစဉ်။

## ရွှေကုက္ကိုလ်နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင် ၁၂ ထပ်အဆောက်အအုံ တစ်လုံးကို စနစ်တကျ ထပ်မံဖောက်ခွဲဖျက်ဆီး၊ တရားမဝင်လူနေအဆောက်အအုံ ၇၅ လုံး ဖြိုချဖျက်ဆီးပြီးဖြစ်

**နေပြည်တော်  ဇူလိုင်  ၁၉**

အွန်လိုင်းလိမ်လည်လောင်းကစားမှုများကို အခြေချလုပ်ကိုင်ခဲ့ကြသည့် ကရင်ပြည်နယ် မြဝတီခရိုင် ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေတို့ရှိ တရားမဝင်အဆောက်အအုံများကို အပြီးတိုင်ဖြိုချဖျက်ဆီးခြင်းများနှင့် လုပ်ငန်းလုပ်ဆောင်ရာတွင် အသုံးပြုခဲ့သည့်ပစ္စည်းများ စနစ်တကျဖျက်ဆီးခြင်းများကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ဆောင်ရွက်လျက်ရှိရာ **စာမျက်နှာ ၂၄ ကော်လံ ၁ ●**

## စပိန်အသင်းက အာဂျင်တီးနားအသင်းကို အနိုင်ရရှိပြီး ၂၀၂၆ ကမ္ဘာ့ဖလား ချန်ပီယံဆု ဆွတ်ခူး

**နယူးယောက်  ဇူလိုင်  ၂၀**

၂၀၂၆ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် ယနေ့နံနက်ပိုင်းက အမေရိကန်နိုင်ငံ နယူးယောက်မြို့တွင် စပိန်အသင်းနှင့် အာဂျင်တီးနားအသင်းတို့ယှဉ်ပြိုင်ကစားခဲ့ရာ စပိန်အသင်းက တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ပွဲစကတည်းက စပိန်အသင်းက ဘောလုံးပိုင်ဆိုင်မှုအသာစီးရယူဖိအားပေးကစားနိုင်ခဲ့ပြီး ဂိုးသွင်းခွင့်အချို့ရရှိခဲ့သော်လည်း တိုက်စစ်ကစားသမားများ အဆုံးသတ်ပိုင်းလိုအပ်ချက်များကြောင့် ပထမပိုင်းတွင် ဂိုးမရှိသရေရလဒ်ထွက်ပေါ်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင်လည်း စပိန်အသင်းကပင် ဘောလုံးပိုင်ဆိုင်မှုအသာစီးရယူကာ ဆက်လက်ဖိအားပေးကစားနိုင်ခဲ့ပြီး ဂိုးသွင်းခွင့်များရရှိခဲ့သော်လည်း အာဂျင်တီးနားအသင်းဂိုးသမား မာတီနက်ဇ် လက်စွမ်းပြကာကွယ်နိုင်မှုများကြောင့် အာဂျင်တီးနားအသင်းသက်သာရာရခဲ့သည်။ အဆိုပါပွဲတွင် အာဂျင်တီးနားအသင်း ဂိုးပေါက်ကန်သွင်းမှု

**စာမျက်နှာ ၁၇ ကော်လံ ၄ ❖**

